# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄) အမှတ် (၆၈)

Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်၊ တနင်္ဂနွေနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံသို့ မကြာမီသွားရောက်မည်

နေပြည်တော် ဒီဇင်ဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ်ပတ်ဂွန်ဟေး၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့၌ ကျင်းပမည့် (၂၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ အာဆီယံဥက္ကဋ္ဌအဖြစ် တက်ရောက်ရန် မကြာမီကာလအတွင်း ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့သို့ သွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ငါးထပ်ဆောင် လာမည့်ဇန်နဝါရီအတွင်း လူနာများပြောင်းရွှေ့ကုသရန်စီစဉ်

**ရန်ကုန် ဒီဇင်ဘာ ၆**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ရန်ကုန်ပြည်သူ့ ဆေးရုံကြီး တိုးချဲ့ငါးထပ်ဆောင် တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ တိုးချဲ့ငါးထပ်ဆောင်သည် ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးလျက်ရှိပြီး လာမည့်ဇန်နဝါရီလအတွင်း လူနာများကို ပြောင်းရွှေ့ကုသနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ထိခိုက်ဒဏ်ရာခွဲစိတ်ကုသဆောင် အမှတ်(၅-၆)ဆောင်၌ ဆေးဝါးကုသခံယူနေကြသည့် ပြည်သူများကို ကြည့်ရှုအားပေးပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး(ပင်မဆောင်) အကြီးစားပြုပြင်မွမ်းမံခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ပင်မဆောင် အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း ပထမအဆင့်သည် လာမည့်နှစ်ဧပြီလအတွင်း ပြီးစီးမည်ဖြစ်ပြီး ဒုတိယအဆင့်လုပ်ငန်းများသည် နိုဝင်ဘာလအတွင်း ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✾



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးပင်မဆောင် အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေပြဋ္ဌာန်း

စာမျက်နှာ-၁၅-၁၆

## ဆည်ရေသောက်ပါ တို့လယ်ယာ

ဆောင်းပါးစာမျက်နှာ ➢ ၉



တည်ဆောက်ပြီးစီးပြီဖြစ်သော ဖြူးချောင်းရေလွှဲဆည်။

### ယနေ့ မာတိကာ


ယူကေက အရှေ့အလယ်ပိုင်း၌ စစ်အခြေစိုက်စခန်းဖွင့် စာမျက်နှာ » ၄

အနက်တူ စကားလုံးများ -၃ ဆောင်းပါး၊ စာမျက်နှာ » ၆

ရခိုင်ကမ်းလွန်ရေနက်ပိုင်း လုပ်ကွက်ထုတ်လုပ်မှု ခွဲဝေခံစားရေး လက်မှတ်ထိုး စာမျက်နှာ » ၁၂


### ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။




ဦးစန်းခွေ
(လ/ထမြို့နယ်ပညာရေးမှူးငြိမ်း)

ကမ္ဘာကျော်ကိုရီးယားဂျင်ဆင်းကိုရရန် (၆)နှစ်စောင့်ရပါသည်။ မြန်မာ့ရတနာ ဆေးဖက်ဝင်သနပ်ခါးကိုရရန် အနည်းဆုံး(၇)နှစ်ကြာပါသည်။

လက်ထောက်ပညာရေးမှူးအဖြစ်နဲ့ တာဝန်ထမ်းဆောင်ခဲ့တဲ့ ကျွန်တော့်အသက်(၆၀)ပြည့်မွေးနေ့နဲ့ လုပ်သက်(၄၂)နှစ်ပြည့် အခမ်းအနားနှုတ်ဆက်ပွဲမှာ ဆရာ၊ဆရာမများက ဆရာကြီး အသက်(၆၀)မှ ဟုတ်ရဲ့လား။ ခုလို အရွယ်တင်နုပျိုနေတာ ဘာဆေးများမှီဝဲလဲလို့ မေးကြပါတယ်။ ကျွန်တော်က မြန်မာ့ရိုးရာသနပ်ခါးစစ်စစ်ကို ချစ်မြတ်နိုးသူဖြစ်ပါတယ်။ ကျွန်တော်ရဲ့ အကောင်းဆုံးဆေးတစ်လက်ကတော့ ရွှေပြည်နန်းသံပရာသနပ်ခါးနဲ့ ကုံကော်ဝတ်ဆံသနပ်ခါးပါပဲ။ သုံးစွဲလာတာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။ ညအိပ်တဲ့အခါ ရွှေပြည်နန်းသနပ်ခါးကို ညအိပ်ယာဝင်တိုင်း ခပ်ပါးပါးလိမ်းပြီးမှ အိပ်ယာဝင်လေ့ရှိရာ အသားအရေ စိုပြေနူးညံ့ပြီး နှစ်မြိုက်စွာအိပ်ပျော်နိုင်ခဲ့ပါတယ်။ အိပ်ယာမှနိုးသည့်အခါမှာလည်း စိတ်ကြည်လင်လန်းဆန်းပြီး လုပ်ငန်းတာဝန်များကို နိုးကြားတက်ကြွစွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဦးစန်းခွေ(လ/ထမြို့နယ်ပညာရေးမှူးငြိမ်း) အထက(၁)ဝင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဒေါ်မိုးမိုးသင်း(ကျောင်းအုပ်ဆရာမကြီး) အမှတ် (၂၁၇)အခြေခံပညာမူလတန်းကျောင်း၊ ပုသိမ်မြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကျေးလက်ဖွံ့ဖြိုးရေးအရှိန်မြှင့်တင်

မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ(အယ်လ်ဒီစီ) နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းဖြစ်သော ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြှင့်တင်ရေးသည် အခြေခံအကျဆုံးဖြစ်ပါသည်။ ကျေးလက်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်တွင်းအားနှင့်သာမက ပြည်ပအားကိုပါ အသုံးပြု၍ ကြိုးပမ်းဖော်ဆောင်နေပြီဖြစ်ပါသည်။

ကျေးလက်ဒေသများတွင် ဖွံ့ဖြိုးရေးအစီအမံများ ဆောင်ရွက်လျက်ရှိရာ အဓိကအားဖြင့် ရာသီမရွေးစိုက်ပျိုးနိုင်သော စိုက်ပျိုးရေရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ကျေးရွာများ မီးလင်းရေး၊ ကျေးရွာတိုင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံ၍ ကုန်ထုတ်စွမ်းအားတိုးတက်ကာ လူတစ်ဦးချင်းဝင်ငွေ တိုးတက်ရေးစသည်ဖြင့် ရည်မှန်းချက်များ ထားရှိဖော်ဆောင်လျက်ရှိပါသည်။ ထိုမှတစ်ဆင့် ကျေးလက်လူငယ်အရင်းအမြစ်များကို ထူထောင်ပေးကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအစရှိသဖြင့် ဘက်ပေါင်းစုံ ဖွံ့ဖြိုးရေးအစီအမံများကိုလည်း ဖော်ဆောင်လျက်ရှိပါသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် မြန်မာနိုင်ငံ၌ ထင်ရှားသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုဖြစ်ပါသည်။ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ခု၊ ပြည်နယ်ခွဲနှစ်ခု၊ ခရိုင် ၆၀၊ မြို့နယ် ၃၃၀ နှင့် ကျေးရွာပေါင်း ၆၄၉၁၇ ရွာရှိပါသည်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် **Focal Ministry** အဖြစ် တာဝန်ယူပြီး စုစည်းဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်များကို ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ **INGOs**၊ **NGO** လူမှုအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များဖြင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် သမဝါယမဝန်ကြီးဌာနကလည်း ကျေးလက်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာစေရေး လိုအပ်သည့် ငွေကြေးအရင်းအနှီးများရရှိစေရန် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးလျက်ရှိပါသည်။

တစ်ဖန် ကိုရီးယား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (**KOICA**) အကူအညီဖြင့် မြန်မာနိုင်ငံတွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ဧရာဝတီ၊ စစ်ကိုင်းနှင့် တနင်္သာရီ တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ ကျေးရွာပေါင်း ၁၀၀ ၌ ဆဲလ်မားအူးအွန်ဒုံကျေးရွာသစ်စီမံကိန်းကို အမေရိကန်ဒေါ်လာ ၂၂ သန်း အကုန်အကျခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ကိုရီးယားနိုင်ငံတွင် ၁၉၆၀ ပြည့်လွန်နှစ်များက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကို အရှိန်အဟုန်မြှင့်၍ သွင်းကုန်များလျှော့ချပြီး ထုတ်ကုန်များတိုးမြှင့်ခဲ့ရာ နှစ်စဉ် ၃၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရပါသည်။ သို့ပါ၍ ကျွန်ုပ်တို့နိုင်ငံတွင်လည်း လူဦးရေအများဆုံးနေထိုင်ပြီး အလုပ်လုပ်သော၊ ကြိုးစားသော ကျေးလက်ဒေသများမှစတင်ကာ ဖွံ့ဖြိုးရေးအရှိန်မြှင့်တင်ခြင်းဖြင့် ပြည်ပတင်ပို့မှုများ မြှင့်တင်နိုင်မှုနှင့်အတူ လူတစ်ဦးချင်း ဝင်ငွေမြင့်မားရေးကို ကြိုးပမ်းအားထုတ်သင့်ပေကြောင်း။ ။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မြန်မာနှင့် ပြင်သစ် နှစ်နိုင်ငံငွေကြေးသဘောတူစာချုပ်လက်မှတ်ရေးထိုး

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ပြင်သစ်နိုင်ငံ ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးမှုအဖွဲ့အစည်း (အေအက်ဖ်ဒီ) တို့အကြား ပြင်သစ်နိုင်ငံငွေကြေးဆိုင်ရာ ဖွံ့ဖြိုးမှုအဖွဲ့အစည်း (အေအက်ဖ်ဒီ)နှင့် စီးပွားရေးတိုးတက်မှု ပူးပေါင်းဆောင်ရေးအဖွဲ့ (ပရိုပါကို) ဖွဲ့စည်းတည်ထောင်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်နှင့် ငွေကြေးသဘောတူစာချုပ် လက်မှတ်ရေးထိုးချုပ်ဆိုပွဲ အခမ်းအနားကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၅ ရက် ညနေ ၃ နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ပြင်သစ်နိုင်ငံ ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးမှုအဖွဲ့အစည်း (အေအက်ဖ်ဒီ)တို့အကြား ပြင်သစ်နိုင်ငံ ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးမှုအဖွဲ့အစည်း (အေအက်ဖ်ဒီ)နှင့် စီးပွားရေးတိုးတက်မှု ပူးပေါင်းဆောင်ရေး အဖွဲ့ (ပရိုပါကို) ဖွဲ့စည်းတည်ထောင်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mrs. Annick GIRARDIN တို့က လက်မှတ်ရေးထိုးကြပြီး ငွေကြေးသဘောတူစာချုပ်ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနိုင်နှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးမှုအဖွဲ့အစည်း (အေအက်ဖ်ဒီ)၏ Country Director, Mrs. Ariane DUCREUX တို့က လက်မှတ်ရေးထိုး ချုပ်ဆိုသည်။

စီးပွားရေးတိုးတက်မှု ပူးပေါင်းဆောင်ရေးအဖွဲ့ (ပရိုပါကို) ဖွဲ့စည်းတည်ထောင်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြင့် ပြင်သစ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မြဲလာမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် ပုဂ္ဂလိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်သည်။

ထို့ပြင် ငွေကြေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာနိုင်ငံရှိ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ ပတ်ဝန်းကျင် ရေမြေသဘာဝဆိုင်ရာ ကဏ္ဍများနှင့် ပြည်သူလူထု၏ ကျန်းမာရေးအတွက်လည်း အထောက်အကူရရှိစေမည် ဖြစ်၍ အဆိုပါစာချုပ်အရ ပြင်သစ်နိုင်ငံမှ မြန်မာနိုင်ငံသို့ အကူအညီငွေ ယူရို ငါးသိန်းပေးအပ်မည် ဖြစ်သည်။

မြန်မာနိုင်ငံနှင့် အေအက်ဖ်ဒီ တို့အကြား ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၁၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစားနပ်ရိက္ခာ ဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး၊ ကျန်းမာရေး၊ ရေနှင့် မိလ္လာစနစ် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူ ညီခဲ့ကြသည်။ အပူပိုင်းဇုန်ဒေသ မြစ်ရေတင်စီမံကိန်းများ ပြန်လည်အဆင့်မြှင့်တင်ရေး၊ ရန်ကုန်မြို့ ရေပေးဝေရေးစနစ် ပြန်လည်တည်ဆောက်ရေး၊ မန္တလေးမြို့၏ အခြေခံအဆောက်အအုံနှင့် စည်ပင်သာယာရေးဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးလုပ်ငန်းဆိုင်ရာ ဆန်းစစ်လေ့လာမှုများ ပြုလုပ်ရေး၊ မွန်ပြည်နယ်အတွင်း အသေးစားရော်ဘာ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ကနဦးလေ့လာမှုများ ဆောင်ရွက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မွေးမြူရေး၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များကို ထပ်မံတိုးချဲ့ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ပညာပေးဟောပြောပွဲ ပြည်ခရိုင်၌ ကျင်းပ

**ရွှေတောင် ဒီဇင်ဘာ ၆**

ပြည်ခရိုင် ရွှေတောင်မြို့မရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသည့် မူခင်းကျဆင်းရေးနှင့် အသက်ငယ်မုဒိန်းမှုလျှော့ချရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၄ ရက် ညနေ ၄ နာရီခွဲက လေးကျွန်းဆီမီး အလက(ခွဲ)တွင် ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မြို့နယ်မှူး ရဲမှူးသန်းထွန်းက ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးဖြိုးဝေ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများကို ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(၁၁၆)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းဖွင့်

**မြစ်ကြီးနား ဒီဇင်ဘာ ၆**

ကချင်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၅ ရက်က အဆိုပါရုံး၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းသို့ ယာဉ်မောင်းလိုင်စင်လျှောက်ထားသူများ၊ ယာဉ်မောင်းသင်တန်းသားများနှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးသူများ စုစုပေါင်း ၄၇ ဦး တက်ရောက်ကြကြောင်း သိရသည်။ **ဝင်းအောင်**




## သွေးသည်အသက်



ပြည်တွင်းသတင်း

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၆**

မလေးရှားနိုင်ငံ၌ ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးသည် ဒီဇင်ဘာ ၅ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ခေတ္တတည်းခိုရာ Shangri-La ဟိုတယ်မှ Putrajaya မြို့သစ်သို့ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်မြင့်နှင့် ဇနီး၊ မြန်မာစစ်သံမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဝင်းမောင်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားစစ်သံမှူး Col.Yasin နှင့် ဇနီးတို့နှင့်အတူ မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး မြို့သစ်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗားရှင်းစင်တာ၊ မြို့တွင်းတစ်လျှောက် ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအိမ်ရာများ၊ အများပြည်သူ အပန်းဖြေနေရာတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် Putrajaya ဘူတာသို့ ရောက်ရှိကြပြီး လျှပ်စစ်ရထားဖြင့် ဆက်လက်ထွက်ခွာလာရာ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် ရောက်ရှိကြသည်။ လေဆိပ်၌ မလေးရှားတပ်မတော်မှ လက်ထောက်ဦးစီးအရာရှိချုပ် (ကြည်း) ဗိုလ်ချုပ် Dato' Pahlawan Zulkifli Bin Mansor နှင့်ဇနီး၊ မလေးရှားကြည်းတပ်ဦးစီးချုပ်ရုံးမှ အရာရှိကြီးများက ကြိုဆိုကြပြီး မွန်းလွဲ ၁ နာရီ ၅၀ မိနစ်တွင် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ညနေ ၃ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# နိုင်ငံတော်သမ္မတ၏ပညာတော်သင်ဆု အရည်အချင်းစစ်စာမေးပွဲများစတင်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ်စာမေးပွဲများကို ယနေ့နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ မြို့ကြီး ခြောက်မြို့ရှိ စာစစ်ဌာန ၁၀ ခု၌ တစ်ပြိုင်တည်း စတင်ကျင်းပသည်။

စာစစ်ဌာနများအနေဖြင့် ရန်ကုန်မြို့တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ရွှေပြည်သာ)၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ)နှင့် အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်တို့၌လည်းကောင်း၊ မန္တလေးမြို့တွင် မန္တလေးတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်(ဒဟတ်တော)နှင့် ကွန်ပျူတာတက္ကသိုလ် (မန္တလေး) (တအုံ)၌ လည်းကောင်း၊ မော်လမြိုင်မြို့တွင် မော်လမြိုင်တက္ကသိုလ်၌လည်းကောင်း၊ မကွေးမြို့တွင် ကွန်ပျူတာတက္ကသိုလ်(မကွေး)၌လည်းကောင်း၊ မုံရွာမြို့တွင် ကွန်ပျူတာတက္ကသိုလ်(မုံရွာ)၌လည်းကောင်း၊ တောင်ကြီးမြို့တွင် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၌ လည်းကောင်း ကျင်းပလျက်ရှိသည်။

မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်းမြင့်တင်ရေးအတွက် နိုင်ငံတကာအစိုးရနှင့် တက္ကသိုလ်၊ အဖွဲ့အစည်းများက ပေးအပ်သော ပညာတော်သင်ဆုများရယူလျက် ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများကို နိုင်ငံခြားတက္ကသိုလ်များသို့ နှစ်စဉ် စေလွှတ်ပေးလျက်ရှိသည့်နည်းတူ နိုင်ငံတော်မှပညာတော်သင်စရိတ်အပြည့်ကျခံကာ နိုင်ငံတော်အစိုးရလက်ထက်တွင် နိုင်ငံခြားတက္ကသိုလ်ကြီးများသို့ ပထမဆုံးအကြိမ် ပညာတော်သင်စေလွှတ်မည့် အစီအစဉ်ဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုကို ဘွဲ့ကြိုတန်းနှင့်ဘွဲ့လွန်တန်းဟူ၍ ခွဲခြားထားကာ ဘွဲ့လွန်တန်းတွင် မဟာတန်းနှင့်ပါရဂူတန်းဟူ၍ ထပ်မံခွဲခြား လျှောက်လွှာများခေါ်ယူခဲ့ရာ လျှောက်ထားသူဦးရေအနေဖြင့် ဘွဲ့ကြိုတန်းတွင် ၆၅၇ ဦး၊ မဟာတန်းတွင် ၁၈၄၇ ဦးနှင့် ပါရဂူတန်းတွင် ၂၃၇၆ ဦး စုစုပေါင်း ၄၈၈၀ ဦး လျှောက်ထားခဲ့သည်။

အဆိုပါ လျှောက်ထားသူအားလုံးအား အရည်အချင်းစစ်စာမေးပွဲအဖြစ် ဗြိတိသျှကောင်စီ၏ Aptis Test ကို ခုံနံပါတ်အလိုက် နေ့ရက်များ ခွဲခြားကျင်းပရာ ယနေ့ပထမအသုတ်ဖြေဆိုခြင်းဖြစ်သည်။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုသူများသည် ယနေ့နံနက်တွင် စာစစ်ဌာနများသို့ မိမိကိုယ်ပိုင်အစီအစဉ်ဖြင့် လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ပို့ဆောင်ပေးသော ကြိုပို့ယာဉ်များဖြင့်လည်းကောင်း လာရောက်ဖြေဆိုကြသည်။

Aptis Test သည် အဓိကအားဖြင့် ဖြေဆိုသူများ၏ အင်္ဂလိပ်စာအရည်အသွေးကို စစ်ဆေးသော ကွန်ပျူတာအခြေပြုစာမေးပွဲဖြစ်ပြီး နံနက် ၈ နာရီခွဲမှ ၉ နာရီခွဲအထိ ဖြေဆို နည်းလမ်းညွှန်ရှင်းလင်းပြသပြီး နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ စာမေးပွဲကျင်းပရာ စာစစ်ဌာနတည်ရှိရာ တက္ကသိုလ်များ၏ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်ဆည်းကြီးကြပ် ဆောင်ရွက်ပေးကြသည်။

စာစစ်ဌာန ၁၀ ခု၌ ယနေ့ကျင်းပသော စာမေးပွဲများသို့ ဝင်ရောက်ဖြေဆိုရမည့် စာရင်းရှိဦးရေ ၁၃၈၀ ဦးအနက် ဖြေဆိုသူစုစုပေါင်း ၈၆၇ ဦးလာရောက်ဖြေဆိုပြီး ၅၁၃ ဦးဖြေဆိုရန် ပျက်ကွက်ခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၆၂ ဒသမ ၈၃ ရာခိုင်နှုန်းဖြေဆိုခဲ့ပြီး ၃၇ ဒသမ ၁၇ ရာခိုင်နှုန်းပျက်ကွက်ခဲ့သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကလည်း စာစစ်ဌာနများ၌ လျှပ်စစ်မီးမပြတ်တောက်ရေးအတွက် ကူညီဆောင်ရွက်ပေးသည့်အပြင် စာစစ်ဌာနများတည်ရှိရာ တက္ကသိုလ်များ၏ ကိုယ်ပိုင်မီးစက်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ကိုယ်ပိုင်မီးစက်များကိုလည်း အရန်ထားရှိ စီစဉ်ထားကြောင်း သိရှိရသည်။

နယ်မှ လာရောက်ဖြေဆိုသူများအနေဖြင့် ယာဉ်စီးလက်မှတ်တင်ပြသူတိုင်းအား အသွားအပြန်ခရီးစရိတ်များကို သက်ဆိုင်ရာစာစစ်ဌာနများ၌ နိုင်ငံတော်ဘဏ္ဍာငွေမှ ပြန်လည်ထုတ်ပေးလျက်ရှိသည်။

ဗြိတိသျှကောင်စီ၏ Aptis Test သည် IELTS နှင့်အလားတူ Test ဖြစ်ပြီး ဖြေဆိုသူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၅၅ ဒေါ်လာနှုန်းကျသင့်ရာ ဗြိတိသျှကောင်စီက ၂၃ ဒေါ်လာ ကျခံအကူအညီပေးပြီး နိုင်ငံတော်က ၃၂ ဒေါ်လာကျခံပေးသွင်းခြင်းဖြင့် လျှောက်လွှာတင်သွင်းသူ ၄၈၈၀ ဦးအတွက် နိုင်ငံတော်ဘဏ္ဍာမှ စုစုပေါင်း ၁၅၆၁၆၀ ဒေါ်လာပံ့ပိုးရန် လျာထားပြီး အမှန်တကယ်လာရောက်ဖြေဆိုသူ ဦးရေအတွက်ကိုသာ ပေးသွင်းရမည်ဖြစ်သည်။

မန္တလေးတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်တို့၌ ယနေ့ကျင်းပသော နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုအရည်အချင်းစစ်စာမေးပွဲစာစစ်ဌာန စာဖြေခန်းများသို့ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ ဦးစီးဌာန တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်နှင့် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်သင်းတို့က လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းကထုတ်ဝေသော နေ့စဉ်ထုတ်သတင်းစာများတွင် သုတနှင့်ရသဆိုင်ရာ စာအုပ်ကြော်ငြာခနှုန်းထားများ ထက်ဝက်လျှော့ချပေး

**နေပြည်တော် ဒီဇင်ဘာ ၆**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက နေ့စဉ်ထုတ်ဝေသော မြန်မာ့အလင်းနှင့်ကြေးမုံ သတင်းစာတို့၌ သုတ၊ ရသဆိုင်ရာစာအုပ်များနှင့် ဂျာနယ်/မဂ္ဂဇင်းကြော်ငြာများကို လူမှုရေးကြော်ငြာနှုန်းထားများနှင့် တစ်ပြေးညီ လက်ခံဖော်ပြပေးခဲ့ရာမှ ယခုအခါ သုတ၊ ရသစာပေများကို ပိုမိုကျယ်ပြန့်စွာ ဖတ်ရှုလေ့လာနိုင်စေရန်နှင့် သုတ၊ ရသစာပေများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရည်ရွယ်၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစတင်၍ သုတ/ရသဆိုင်ရာ စာအုပ်များ (ဂျာနယ်/မဂ္ဂဇင်းကြော်ငြာများမပါ)ကို မူလကြော်ငြာနှုန်းထားဖြစ်သည့် ရောင်စုံစာမျက်နှာတွင် တစ်လက်မတစ်ကော်လံ ငွေကျပ် ၁၂၀၀၀ မှ ငွေကျပ် ၆၀၀၀ ဖြင့်လည်းကောင်း၊ အဖြူအမည်းစာမျက်နှာတွင် တစ်လက်မတစ်ကော်လံငွေကျပ် ၉၀၀၀ မှ ငွေကျပ် ၄၅၀၀ ဖြင့်လည်းကောင်း ထက်ဝက်လျှော့ချပြီး လက်ခံဖော်ပြပေးလျက်ရှိသည်။

**(သတင်းစဉ်)**



နိုင်ငံတကာသတင်း




# ယူကေက အရှေ့အလယ်ပိုင်း၌ စစ်အခြေစိုက်စခန်းဖွင့်

**လန်ဒန် ဒီဇင်ဘာ ၆**

ယူကေက ၁၉၇၁ ခုနှစ်တွင် အရှေ့အလယ်ပိုင်းဒေသမှ တရားဝင် ရုပ်သိမ်းခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် အမြဲတမ်းစစ်အခြေစိုက်စခန်း ထူထောင်သွားမည်ဟု ဆိုသည်။

ယခုသီတင်းပတ်ကုန်ပိုင်းတွင် ဘာရိန်း၌ ချုပ်ဆိုသောစာချုပ်အရ ပင်လယ်ကွေ့ဒေသ၌ ပေါင် ၁၅ သန်း အကုန်အကျခံ၍ တော်ဝင်ရေတပ်ထူထောင်သွားမည်ဟုဆိုသည်။ အဆိုပါ အခြေစိုက်စခန်းသည် တော်ဝင်ရေတပ်၏ နယ်ပယ်အဝန်းကို ချဲ့ထွင်ခြင်းဖြစ်ပြီး ပင်လယ်ကွေ့ဒေသနှင့် ယူကေတို့အကြား တည်ငြိမ်မှုကို ခိုင်မာစေရန်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး မိုက်ကယ်ဖော်လန်က ပြောသည်။ အဆိုပါ ရေတပ်အခြေစိုက်စခန်းသည် ဘာရိန်းနိုင်ငံ မီနာဆဲလ်မန်းဆိပ်ကမ်း၌ ထားရှိဖွယ်ရှိသည်။ ယင်းကဲ့သို့ စစ်အခြေစိုက်စခန်းဖွင့်လှစ်ရခြင်းမှာ ယူကေသို့ အိုင်အက်စ် စစ်သွေးကြွများ၏ခြိမ်းခြောက်မှုမှ တားဆီးကာကွယ်ရန်ဖြစ်သည်ဟု ဆိုသည်။

အမေရိကန်သည် အဆိုပါဒေသ၌ အမြဲတမ်းစစ်အခြေစိုက်စခန်းဖွင့်လှစ်ထားသည်။ ပြင်သစ်ကလည်း လွန်ခဲ့သောနှစ်များက ယူအေအီး၌ စစ်အခြေစိုက်စခန်းဖွင့်လှစ်ထားသည်။ ယူကေက လောလောဆယ် အဆိုပါဒေသသို့ Mine Hunter အမည်ရှိ သင်္ဘောတစ်စင်းလွှတ်ထားပြီး မီနာဆဲလ်မန်းဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည်။ သို့သော်လည်း ယူကေက စစ်သင်္ဘောအရေအတွက် တိုးမြှင့်ရန် စီစဉ်လျက်ရှိသည်။ **(ဘီဘီစီ)**

# အမေရိကန်စီးပွားရေး ဆက်လက်တိုးတက် နိုဝင်ဘာလအတွင်း အလုပ်အကိုင်သစ် ၃၂၁၀၀၀ ဖန်တီးပေးနိုင်

**ဝါရှင်တန် ဒီဇင်ဘာ ၆**

အမေရိကန်စီးပွားရေးသည် နိုဝင်ဘာလအတွင်း အလုပ်အကိုင် ၃၂၁၀၀၀ ထပ်ပေါင်းနိုင်ခဲ့ကြောင်း၊ အလုပ်လက်မဲ့နှုန်းသည် ၅ ဒသမ ၈ ရာခိုင်နှုန်း၌ ရပ်တန့်နေဆဲဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အဆိုပါ အလုပ်အကိုင်ဖန်တီးပေးမှုသည် ယင်းလအတွင်း ခန့်မှန်းထားသည့် အလုပ်အကိုင်သစ် ၂၂၅၀၀၀ ထက်ပိုခဲ့သည်။ အမေရိကန်အလုပ်ရှင်များက ၁၀ လအတွင်း လစဉ်အလုပ်အကိုင် ၂၀၀၀၀၀ ခန့် ဖန်တီးခန့်ထားပေးနိုင်ခဲ့သည်။ ၁၉၉၅ ခုနှစ် နောက်ပိုင်း အမေရိကန်နိုင်ငံတွင် အလုပ်အကိုင်သစ်များ ကာလကြာရှည်စွာ ခန့်ထားပေးနိုင်ခဲ့သည်။ အလုပ်အကိုင်သစ် ဖန်တီးပေးမှုသည် ယခုနှစ်အတွင်း လစဉ်ပျမ်းမျှ ၂၄၁၀၀၀ ရှိသည်ဟု ဆိုသည်။

စက်တင်ဘာလနှင့်အောက်တိုဘာလအတွင်း အလုပ်အကိုင်များ ဖန်တီးပေးမှုသည် အစိုးရခန့်မှန်းထားသည်ထက် အလုပ်အကိုင် ၄၄၀၀၀ ပိုမိုဖန်တီးပေးနိုင်ခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာနကပြောသည်။ သို့ရာတွင် ယူကေ၌ အလုပ်အကိုင်သစ်များ သိသိသာသာတိုးတက်ခဲ့သော်လည်း သိသာထင်ရှားသော လစာတိုးပေးခြင်းများ မရှိသေးဟု ဆိုသည်။

ကမ္ဘာ့စီးပွားရေးသည် မျှော်မှန်းထားသည်ထက် ကျဆင်းနေသော်လည်း အမေရိကန်စီးပွားရေးသည် ဆက်လက်




တိုးတက်နိုင်ကြောင်း လေ့လာသူများက ဆိုသည်။ အမေရိကန်စီးပွားရေးသည် ဂျာမနီ၊ တရုတ်နှင့် ဂျပန်တို့အပေါ် ပို့ကုန်များ တင်ပို့ခြင်းဖြင့် မှီခိုအားထားရမှု လျော့ကျလာသည်။

**(ဘီဘီစီ)**

# တရုတ်(တိုင်ပေ)၌ အီဘိုလာသံသယရှိသူ တွေ့ရှိ

**တိုင်ပေ ဒီဇင်ဘာ ၆**

တရုတ် (တိုင်ပေ)၌ အီဘိုလာဗိုင်းရပ်စ်ကူးစက်နေသည်ဟု ယူဆရသော အသက် (၁၉)နှစ်အရွယ် အမျိုးသားတစ်ဦးကိုတွေ့ရှိထားကြောင်း စနေနေ့က ထိုင်ဝမ်ရောဂါထိန်းချုပ်ရေးဆိုင်ရာ အာဏာပိုင်များက ပြောခဲ့သည်။

အဆိုပါအမျိုးသား၌ နိုင်ဂျီးရီးယားနိုင်ငံမှ ပြန်လာပြီးနောက် အန်ခြင်း၊ ဝမ်းလျှောခြင်းစသည့် အီဘိုလာရောဂါလက္ခဏာများ တွေ့ရှိရသည်။ ၎င်းသည် ယင်းနိုင်ငံ၌ တိရစ္ဆာန်များနှင့် ထိတွေ့ဆက်ဆံမှုရှိခဲ့သည်။

ယခုအခါ ၎င်းကို ထိုင်ဝမ်တောင်ပိုင်း Kaohsiung မြို့ရှိ ဆေးရုံတစ်ရုံ၌ သီးခြားထားရှိထားသည်။ ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်နိုင်ရန်အတွက် နမူနာများကို တိုင်ပေသို့ ပေးပို့ထားပြီး ဆေးစစ်ချက်အဖြေကို ယနေ့မွန်းလွဲပိုင်းတွင် ကြေညာပေးမည်ဟု အာဏာပိုင်များက ဆိုသည်။

အာဏာပိုင်များက ပြည်သူများကို စိုးရိမ်မှုမရှိရန်နှင့် အနောက်အာဖရိကမှ ပြန်လာသူများကို ဆေးစစ်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ပြောခဲ့သည်။ **(ဆင်ဟွာ)**

# နာဆာ၏ အိုရီယန်အာကာသလွန်းပြန်ယာဉ် ပထမဆုံး စမ်းသပ်ပျံသန်းမှု ခရီးစဉ်အောင်မြင်စွာပြီးဆုံး



**နာဆာ ဒီဇင်ဘာ ၆**

နာဆာ၏ အိုရီယန် အာကာသယာဉ်သည် ၎င်း၏ ပထမဆုံး အာကာသသို့ စမ်းသပ်ပျံသန်းသောခရီးစဉ် ပြီးဆုံးခဲ့ပြီဖြစ်သည်။

မားစ်သို့ အာကာသယာဉ်မှူး တစ်ရက်တာပို့ဆောင်ရန် ပုံစံထုတ်ထားသော အိုရီယန်အာကာသယာဉ်သည် ပစိဖိတ်သမုဒ္ဒရာသို့ ဆင်းသက်ခဲ့ပြီးသောကြာနေ့တွင် ၎င်း၏ ပထမဆုံးစမ်းသပ်ပျံသန်းမှုခရီးစဉ် ပြီးဆုံးခဲ့ခြင်းဖြစ်ကြောင်း နာဆာက ပြောကြားခဲ့သည်။

ဖလော်ရီဒါပြည်နယ်ရှိ ကိပ်ဗ်ကာနေဗာရယ်လ်လေတပ်အခြေစိုက်စခန်း ဒယ်လ်တာ 4 ဒုံးလွှတ်စင်မှ လူလိုက်ပါခြင်းမရှိသော အာကာသယာဉ်ကို လွှတ်တင်ခဲ့သည်။ ၃ နာရီကြာပြီးနောက် ၎င်းအာကာသယာဉ်သည် ကမ္ဘာမြေပြင်အထက် မိုင်ပေါင်း ၃၆၀၄ ထိ ပျံသန်းခဲ့ပြီး ကမ္ဘာဂြိုဟ်သို့တစ်နာရီလျှင် မိုင်ပေါင်း ၂၀၀၀၀ အမြန်နှုန်းဖြင့် ပြန်လည်ဆင်းသက်လာခဲ့သည်။

ကမ္ဘာမြေသို့ ပြန်လာရာလမ်းကြောင်းတစ်လျှောက် အိုရီယန်အာကာသယာဉ်သည် အပူချိန် ၄၀၀၀ ဒီဂရီဖာရင်ဟိုက်အထိ ခံနိုင်ရည်ရှိကာ ကမ္ဘာ့ဆွဲအား၏ ရှစ်ဆပိုများသောဆွဲအားကိုလည်း ခံနိုင်ကြောင်းသိရသည်။

အိုရီယန်အာကာသယာဉ်ကို စမ်းသပ်လွှတ်တင်မှုပြုလုပ်ခြင်းသည် နာဆာအတွက် မားစ်ခရီးစဉ်သို့ သွားရောက်ရာတွင် တကယ့်အရေးကြီးသောအဆင့်ဖြစ်ကြောင်း နာဆာမှတာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

နာဆာက အိုရီယန်အာသာသယာဉ်ကို ဒေါ်လာ ၉ ဘီလီယံအကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၎င်းအာကာသယာဉ်သည် လေးနှစ်အတွင်း ဒုတိယအကြိမ်မြောက် လူလိုက်ပါခြင်းမရှိသော အာကာသစမ်းသပ်ပျံသန်းမှုခရီးစဉ်ကို ပြုလုပ်လိမ့်မည်ဖြစ်သည်။ တတိယအကြိမ် စမ်းသပ်ပျံသန်းမှုကို လာမည့် ၂၀၂၁ တွင်ပြုလုပ်ရန် ခန့်မှန်းထားပြီး ယင်းခရီးစဉ်တွင် အာကာသယာဉ်မှူးနှစ်ဦးလိုက်ပါမည်ဖြစ်သည်။

၁၉၇၂ ခုနှစ် အပိုလိုအာကာသယာဉ်အစီအစဉ်တွင် လူသားများသည် ကမ္ဘာမြေပြင်အထက် မိုင်အနည်းငယ်သာ ခြေဆန့်သွားနိုင်ခဲ့သည်။

**(ပရက်စ်တီဗွီ)**

# ဘယ်လ်ဂျီယံနိုင်ငံ ဘုရင်မဟောင်း ဖာဘီအိုလာ ကွယ်လွန်

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၆**

ဘယ်လ်ဂျီယံနိုင်ငံ၏ ဘုရင်မဖြစ်ခဲ့သူ ဖာဘီအိုလာသည် အသက် ၈၆ နှစ်တွင် ကွယ်လွန်သွားခဲ့ကြောင်း တော်ဝင်နန်းတော်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဖာဘီအိုလာကို မက်ဒရစ်မြို့ရှိ မိုရေးအာဂွန်အရပ်၌ မွေးဖွားခဲ့သည်။ ၎င်းသည် ဘုရင်ဘာဒိုအင်၏ ကြင်ယာတော်ဖြစ်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် ဘုရင်မအဖြစ် တင်မြှောက်ခြင်းခံခဲ့ရကာ ဘုရင်ကွယ်လွန်ချိန် ၁၉၉၃ ထိ ဘုရင်မဖြစ်လာခဲ့သည်။

တော်ဝင်နန်းတော်၏ ပြောရေးဆိုခွင့်ရှိသူက ၎င်းသည် ဘရပ်ဆဲလ်ရှိ စတုဗက်ဘတ်စ် ရဲတိုက်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။

ဝန်ကြီးချုပ် ချားလ်စ်မစ်ချ်၏ ပြောပြချက်တွင် ဘယ်လ်ဂျီယံပြည်သူအားလုံး၏ရင်ထဲ၌ ဖာဘီအိုလာသည် ထူးချွန်သော မိန်းမတစ်ဦးဖြစ်ပြီး တိုင်းပြည်အတွက်



အကောင်းဆုံး လုပ်ဆောင်ပေးသွားခဲ့သည်ဟု ဆိုသည်။ နိုင်ငံခြားရေးဝန်ကြီး ဒီဒီရာရန်ဒါက ဖာဘီအိုလာ သေဆုံးခြင်းသည် နိုင်ငံအတွက် အကြီးမားဆုံး ဆုံးရှုံးမှုဖြစ်ကြောင်း ပြောခဲ့သည်။

**(ဘီဘီစီ)**

# နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရေး နယ်ပယ်အလိုက် အတွေ့အကြုံများဆွေးနွေး

သတင်း-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

**ရန်ကုန် ဒီဇင်ဘာ ၆**




ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ကွန်ရက်အသင်းမှ ကြီးမှူးကျင်းပသည့် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာဘွဲ့ရများနှင့် သင်တန်းသားများ ပူးပေါင်းပါဝင်သော ပြည်သူ့အုပ်ချုပ် စီမံခန့်ခွဲခြင်းဆိုင်ရာ ဝေဖန်သုံးသပ်ဟောပြောပွဲကို ဒီဇင်ဘာ ၆ရက်က ရန်ကုန်မြို့ ကုန်သည်/စက်မှု အသင်းချုပ်တွင် ကျင်းပသည်။

ပြည်သူ့ရေးရာ စီမံခန့်ခွဲခြင်းသည် လုပ်ငန်းနယ်ပယ်အလိုက် ပညာရှင်နှင့် အုပ်ချုပ်သူ လူတန်းစားများအားလုံး တတ်မြောက်သင့်သည့် ပညာရပ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း ၂၀၀၀ပြည့်နှစ်မှ စတင်ကာ ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် စတင်ဖွင့်လှစ်သင်ကြားနေခဲ့သော ပညာရပ်တစ်ခုဖြစ်ကြောင်း ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း၏ ဒုတိယဥက္ကဋ္ဌ ဥပဒေပညာရှင် ဦးဘိုဘိုက ပြောကြားသည်။

အဆိုပါသင်တန်းမှာ လက်ရှိတွင် အပတ်စဉ်(၁၄)အထိရှိလာပြီဖြစ်ပြီး နယ်ပယ်အလိုက် ပညာရှင် ၁၅၀၀ခန့်ကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ အဆင့်အတန်းပြည့်မီစွာ မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ရန်ကုန်စီးပွားရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ပရော်ဖက်ဆာ ဒေါက်တာ ခင်နိုင်ဦးက ပြောကြားသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲကို နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေး အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ရင်ရင်နွယ်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ဒေါက်တာဒေါ်သန်းနွဲ့နှင့် မြန်မာနိုင်ငံ လူမှုဖူလုံရေးအဖွဲ့အတွက် အချိန်များစွာ ပေးဆပ်ရင်း မြှင့်တင်ပေးခဲ့သူ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာ ကျောင်းသားဟောင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်တို့က မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်လျက်ရှိရာတွင် နယ်ပယ်အလိုက် စနစ်တကျ စီမံခန့်ခွဲခြင်းများဖြင့် အောင်မြင်မှုရရှိနိုင်မည့် နည်းလမ်းများနှင့် ပညာရှင်တို့၏ သုံးသပ်ဆောင်ရွက်ချက်များ၊ နိုင်ငံတကာ အတွေ့အကြုံများကို ဦးဆောင် ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# စည်းကမ်းမဲ့ပြိုင်ကားများနှင့် ပါဝါအိတ်ဇောတပ်ယာဉ်များအရေးယူ

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်မြို့အတွင်းတွင် ပြိုင်ကားများနှင့် ပါဝါအိပ်ဇောတပ် မော်တော်ယာဉ်များ စည်းကမ်းမဲ့စွာ မောင်းနှင်မှုကြောင့် အသံများ ဆူညံစေပြီး အများပြည်သူ၏ စိတ်နှလုံးကိုထိခိုက်စေကာ တရားဥပဒေစိုးမိုးရေးကိုထိခိုက်လာသဖြင့် ထိရောက်စွာအရေးယူနိုင်ရန် စီမံချက်ချမှတ်ကာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင် ကွပ်ကဲ၍ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းဗိုလ်အား ဦးဆောင်စေပြီး အရှေ့ပိုင်း ခရိုင်ရဲတပ်ဖွဲ့မှူး၊ အနောက်ပိုင်း ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ယာဉ်ထိန်းရဲ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့ဖြင့် ဖမ်းဆီးအရေးယူခဲ့သည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၅ ရက်ည ၉ နာရီမှ ဒီဇင်ဘာ ၆ ရက်နံနက် ၁ နာရီခွဲအထိ ရန်ကုန်မြို့အတွင်း စည်းကမ်းမဲ့စွာ မောင်းနှင်နေသော ပြိုင်ကားများနှင့် ပါဝါအိပ်ဇောတပ် မော်တော်ယာဉ်များအား ပိတ်ဆို့ဖမ်းဆီးခဲ့ရာ စည်းကမ်းမဲ့မောင်းနှင်သည့် ပြိုင်ကားသုံးစီး အပါအဝင် ပါဝါအိပ်ဇောတပ်ဆလွန်း မော်တော်ယာဉ် အမျိုးအစားမျိုးစုံ ၁၄ စီး စုစုပေါင်း ၁၇ စီးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ကြောင့်ယခုကဲ့သို့ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် အပြင်အသံဆူညံစွာ စည်းကမ်းမဲ့မောင်းနှင်မှုကြောင့် အများပြည်သူတို့၏စိတ်တွင် အနှောင့်အယှက်ဖြစ်စေပြီး ယာဉ်အန္တရာယ်များဖြစ်ပေါ်လာနိုင်သဖြင့် ထိရောက်စွာအရေးယူနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က စီမံချက်ချမှတ်ကာ ထိထိရောက်ရောက် ဖမ်းဆီးအရေးယူဆောင်ရွက်နေခြင်းဖြစ်၍ ယခုဖမ်းဆီးရမိသည့် မော်တော်ယာဉ်များအား စိစစ်ပြီး မော်တော်ယာဉ်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုကဲ့သို့ စည်းကမ်းမဲ့မောင်းနှင်သော ပြိုင်ကားများနှင့် ပါဝါအိပ်ဇောတပ်ဆင်ထားသည့် မော်တော်ယာဉ်များအား နေ့စဉ်ဖမ်းဆီးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်၍ မိမိတို့၏ မော်တော်ယာဉ်များ၌ ပါဝါအိပ်ဇောများတပ်ဆင် မောင်းနှင်ခြင်းမပြုရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ မောင်းနှင်ကြရန် အသိပေးထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**စိုးဝင်း(SP)**

# နမ့်ခမ်းမြို့နယ်တွင် ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေး ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၆**

ဒီဇင်ဘာ ၄ ရက်က မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ နမ့်ခမ်းမြို့နယ် နမ့်ခမ်း-မန့်နောင်ကူးတို့ဆိပ်သွားလမ်းပေါ်တွင် နမ့်ခမ်းမှ မန့်နောင်ကူးတို့ဆိပ်ဘက်သို့ ကျန်းချန့် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် အင်္ကျီ ဝဲဘက်အိတ်အတွင်းရှိ ဆပ်ပြာခွက်အတွင်းမှ ဘိန်းဖြူ ၁၄ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀ သိမ်းဆည်းရမိသဖြင့် ကျန်းချန့် (၂၁နှစ်) အားမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်းသိရသည်။



**(သတင်းစဉ်)**

# ဂျပန်နိုင်ငံမှလှူဒါန်းသော အမှိုက်သယ်ယာဉ်ပေးအပ်ပွဲ ဟင်္သာတမြို့တွင်ကျင်းပ

**ဟင်္သာတ ဒီဇင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့တွင် ဂျပန်နိုင်ငံ S.P.J.D အဖွဲ့မှ ဟင်္သာတခရိုင် စက္ခုပါလာဒိဖောင်ဒေးရှင်းသို့ အမှိုက်သယ်ယာဉ်နှစ်စီး ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက်က ဟင်္သာတခရိုင် ပြည်သူ့ဆေးရုံကြီး စက္ခုပါလာဒိဖောင်ဒေးရှင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဂျပန်နိုင်ငံ သံအမတ်ကြီးနှင့် S.P. J.D အဖွဲ့မှ တာဝန်ရှိသူများက အမှိုက်သယ်ယာဉ်နှင့်ပတ်သက်၍ စာရွက်စာတမ်းများပေးအပ်လှူဒါန်းရာ ဟင်္သာတခရိုင် စက္ခုပါလာဒိဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးသန်းထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**အေးထွန်း(ဟင်္သာတ)**

# တမူးမြို့တွင် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**တမူး ဒီဇင်ဘာ ၆**

ဒီဇင်ဘာ ၃ရက် ညနေ ၆နာရီခွဲတွင် နယ်မြေခံတပ်ရင်းနှင့် အဖွဲ့ဝင်များသည် တမူးမြို့ ဈေးတန်းရပ်ကွက်တွင် နေထိုင်သူဦးလျန်ပို(ခ) ခိုင်ခမ်ကျန်(၅၃နှစ်)၏နေအိမ်ကို ဝင်ရောက်ရှာဖွေ စစ်ဆေး ခဲ့ရာ AK-47 ၁၁လက်နှင့် ယမ်းကျည်အိမ် ၁၁ ခု၊ M-16 ငါးလက်နှင့် ယမ်းကျည်အိမ် ငါးခု၊ M-16 တွင် တပ်ဆင်သည့် ညကြည့်ဓာတ်မီး ခုနစ်လက်တို့အား သိမ်းဆည်းရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နန်းဖာလုံရပ်ကွက်တွင်နေထိုင်သော လျံပီး (ခ) ဘွန်လွန်ထန်(၃၈နှစ်)၏ နေအိမ်ကို ဆက်လက်ရှာဖွေခဲ့ရာ HK-33 တစ်လက်နှင့် ယမ်းကျည်ကတ်တစ်ခု၊ ဗုံးပစ်လောင်ချာ (KANSTION MADE USA) တစ်လက်တို့နှင့်အတူ လျန်ပို(ခ) ခိုင်ခမ်ကျန် အပါအဝင် နှစ်ဦးတို့အား ဖမ်းဆီးရမိသည်။

ဆက်လက်စစ်ဆေးဖော်ထုတ်ချက်အရ ဈေးတန်း ၁၁ ရပ်ကွက် မဒမ်ဆွမ်းကျင်(၃၇နှစ်)၊ တီးတိန်မြို့နယ် ဆွမ်းမန်ကျေးရွာနေ မနူးနိမ်(ခ) နိမ့်ဖုန်ဝုန်(၅၅နှစ်)၊ ကလေး မြို့ ပင်လုံရပ်ကွက်နေ မအဲခိုဟောင် (၄၅နှစ်) သုံးဦးတို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

တမူးမြို့မရဲစခန်းမှူး ဒု-ရဲမှူး လှထွန်းက ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ် စုံစမ်းလျက်ရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၄ရက် မွန်းလွဲ ၁နာရီ ၄၅ မိနစ်တွင် ဆက်လက်ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် လက်ပံချောင်းကျေးရွာနေ ဦးဆွေလိမ်ခန်း၏ နေအိမ်ကို ဝင်ရောက်စစ်ဆေးရှာဖွေခဲ့ရာ ၎င်းနေအိမ်၌ ရှိနေသူ ဦးဗျက်ဆန်ထမ်း (၂၂နှစ်)၊ ဒေါ်ဇာသင်သဲ(၄၅နှစ်) တို့ နှစ်ဦးအား တရုတ်နိုင်ငံလုပ် AK-47 သုံးလက်နှင့် ယမ်းကျည်အိမ်သုံးခု၊ တူမီးသေနတ်တစ်လက် ငွေကျပ် ၇၅၇၅၀၀၀ တို့နှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**(၁၅၈)**





ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# အနက်တူစကားလုံးများ -၃

မောင်ခင်မင်(ဓနုဖြူ)

"အနက်တူစကားလုံးတွေက ရိုးရိုးအနက်ချင်းတော့ တူတာပေါ့။ ဒါပေမယ့် အဲဒီရိုးရိုးအနက်နဲ့ ဆက်စပ်နေတဲ့ သဘောထားတွေ ၊ ခံစားမှုတွေ၊ ဂယက်အနက်လို့ ခေါ်တာပေါ့၊ အဲဒီဂယက်အနက်ချင်းကျတော့ တူဖို့ခဲယဉ်းတယ်လေ။ ဒါကြောင့် ထပ်တူ မတူဘူးလို့ ပြောရတာပေါ့"

"ဂယက်အနက်မတူတာကို သာဓကကလေးပြောပြပါဦးဆရာ"

"ဆရာ ဟိုတစ်ခါ ပြောဖူးပါတယ်။ 'အရှုး' ဆိုတဲ့စကားနဲ့ 'စိတ်ဝေဒနာရှင်' ဆိုတဲ့ စကားဟာ ရိုးရိုးအနက်ချင်းအတူတူပါပဲ။ ဒါပေမယ့် 'အရှုး' လို့သုံးရင် မညှာမတာပြောရာရောက်တာပေါ့။ 'စိတ်ဝေဒနာရှင်'လို့ သုံးရင်တော့ သနားတဲ့သဘော ၊ ညှာတာတဲ့သဘောပါတာပေါ့။ အဲဒီလိုကွဲပြားတဲ့ သဘောထားလို့ ဂယက်အနက်လို့ခေါ်တာပါ"

"ဟုတ်ကဲ့ပါ"

"ကဲ-ပိုက်ဆံကို ချင့်ချင့်ချိန်ချိန် သုံးတတ်တဲ့ သူကို 'ဒီလူကတော်တော်ချွေတာတယ်'လို့ သုံးတာနဲ့ 'ဒီလူက တော်တော်စစ်စီတယ်' လို့ သုံးတာနဲ့ ဘယ်လိုကွာတယ်ထင်သလဲ"

"ဟုတ်ကဲ့။ ချွေတာတယ်လို့သုံးရင် အသုံးအစွဲတော်တယ်လို့ ချီးမွမ်းတဲ့သဘောပါမယ်ထင်ပါတယ် ဆရာ"

"'စစ်စီတယ်'လို့ သုံးတာကတော့ 'ကပ်စေးနှဲတယ်'လို့ ဆိုလိုတာမို့ ကဲ့ရဲ့တဲ့ သဘောပါမယ်ထင်ပါတယ်"

"အင်း. . . အဲဒီလို ပြောတဲ့သူရဲ့ သဘောထားကွာတာမို့ 'ချွေတာ'နဲ့ 'စစ်စီ'ဟာ ဂယက်အနက်ကွာတယ်လို့ ဆိုရမှာပေါ့ကွယ်"

"ဆရာ. . . သမီးတော့ နေမကောင်းတဲ့သူကို 'လူနာ' လို့ ခေါ်လိုက်ရင် စိတ်ထဲမှာ ဆေးရုံတွေ၊ ဆေးခန်းတွေ သတိရလာတတ်ပါတယ်"

"ဟုတ်တာပေါ့။ 'လူနာ'လို့ပြောရင် ဒါက္ခုန်တော့်လူနာပဲလို့ ဆရာဝန်ပြောတာမျိုး အလုပ်ဆန်သွားတာပေါ့ကွယ်"

"ဆရာ 'မန်မန်စားမယ်၊ ချိုချိုစို့မယ်' ဆိုတဲ့ စကားတွေကလည်း ကလေးပြောတဲ့စကားတွေဆိုတော့ 'ထမင်းစားမယ်၊ နို့စို့မယ်' ဆိုတဲ့ ပုံမှန်စကားတွေနဲ့ ကွာတာပေါ့နော်"

"ဟုတ်တယ်၊ သားပြောတာမှန်တယ်၊ ကလေးသုံးစကားဆိုတဲ့ သတ်မှတ်ချက်ပါလာတာမို့ ဂယက်အနက်ကွာတာပဲပေါ့"

"ပြောရအုံးမယ်။ တစ်ခါက အညာဘက်သွားတာ ညဘက်လမ်းထွက်ကြမယ်လုပ်တော့ အိမ်ရှင်က 'ဒုတ်မီး' ယူခဲ့မယ်လို့ပြောတာ ဘာပြောမှန်းမသိဘူး။ လက်နှိပ်ဓာတ်မီးယူလာတာတွေ့မှ ဩော် 'ဒုတ်မီး' ဆိုတာ 'လက်နှိပ်ဓာတ်မီး'ကို ပြောတာကိုးလို့ သိသွားတယ်။ ဒေသအလိုက်အသုံးကွဲတဲ့ အနက်တူစကားပေါ့။ ဒေသိရ စကားကွဲတာပေါ့ကွယ်"

"စိတ်ဝင်စားစရာပဲနော်ဆရာ၊ အဲဒီလို အနက်တူစကားလုံးတွေများတော့ သူ့နေရာနဲ့သူ ပြောင်းလဲသုံးနိုင်တာပေါ့နော်"

"အေးပေါ့။ အနက်တူစကားလုံးတွေ ကြွယ်ဝတာဟာ ကောင်းတဲ့ လက္ခဏာပါပဲ။ ဆရာတို့ပြောခဲ့ကြသလို သူ့နေရာနဲ့သူ လိုက်ဖက်တဲ့ စကားလုံးတွေကို ရွေးချယ်သုံးနိုင်တာပေါ့ကွယ်။ ခံစားမှုတွေ သဘောထားတွေကို လည်း ဖော်ပြနိုင်တာပေါ့"

"သမီး တစ်ခုစဉ်းစားမိလို့ပါဆရာ။ အဲဒီအနက်တူစကားလုံးတွေ တိုးပွားလာတာဟာ ခေတ်အဆက်ဆက် စာရေးဆရာတွေက စာတွေကဗျာတွေထဲမှာ အဓိပ္ပာယ်တူတဲ့ စကားလုံးတွေ တီထွင်ရေးသားခဲ့ကြတာလည်း အကြောင်းတစ်ခုဖြစ်မယ်ထင်ပါတယ်"

"ဟုတ်တာပေါ့။ စာရေးဆရာတွေက စိတ်ကူးဉာဏ်ကွန့်မြူးပြီး စကားလုံးသစ်တွေ တီထွင်ကြတော့ အနက်တူစကားလုံးတွေ တိုးလာတာပေါ့။ ဥပမာ ကောင်းကင်က 'လ' ကို 'စန္ဒာ'၊ 'သော်တာ'၊ ' ပုဏ္ဏမီ'၊ 'သီတဂူ' စသည်ဖြင့် အမျိုးမျိုးခေါ်တဲ့ ပါဠိစကားလုံးတွေကိုလည်း ယူသုံးတယ်။ 'စန္ဒာ'ကို မြန်မာမှုပြုထားတဲ့ 'စန်း'ဆိုတဲ့စကားလုံးရယ်၊ လမှာ ယုန်ရုပ်ရေးထားတယ်ဆိုတဲ့ ဇာတ်တော်ရယ် ဆက်စပ်ပြီး 'ငွေစန်းယုန်' တို့၊ ' စန်းယုန်ငွေပွင့်'တို့၊ 'ယုန်စန်းသော်တာ' တို့၊ 'စန်းပုဏ္ဏမီ' တို့ဆိုတဲ့ အနက်တူစကားတွေ တိုးပွားလာတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ။ သမီးတို့ မှတ်ထားပါ့မယ် ဆရာ"

> **❍ မြန်မာစကားထဲကို ဝင်လာတဲ့ အနက်တူမွေးစားစကားလုံးတွေ အများကြီးရှိတာပေါ့၊ ဟိုတစ်ခါပြောတဲ့ 'အလျူဒါန၊ အကျင့်သီလ၊ ချမ်းသာသုခ၊ ဆင်းရဲဒုက္ခ၊ အမြဲထာဝရ'ဆိုတာတွေကိုကြည့်ရင် မြန်မာစကားနဲ့ အနက်တူတဲ့ ပါဠိစကားလုံးတွေ တိုးလာတာ တွေ့နိုင်တာပေါ့။**

"အဲဒီလိုပဲ၊ ကောင်းကင်က 'နေ' ကို ခေါ်တဲ့စကားတွေလည်း အများကြီးပဲ။ နေမှာဒေါင်းရုပ်ပါတယ်ဆိုတဲ့ အယူအဆနဲ့ ' ဒေါင်းစကြာ' တို့၊ 'ဒေါင်းယာဉ်သာ' တို့ ၊ ပြီးတော့ 'ဖန်ရဝိန်တို့' ၊ 'ဖန်နေဝန်း' တို့ 'ဘာဏုရာဇာ' တို့ဆိုတဲ့ အနက်တူစကားတွေ သုံးကြတာပေါ့"

"ဟုတ်ကဲ့ပါ"

"ဘုရားအကြောင်း၊ ဘုရင်အကြောင်း၊ မိဖုရားအကြောင်း စသည်ဖြင့် ဖွဲ့ရင်လည်း အဲဒီလို စာထဲပေထဲက အနက်တူစကားတွေကို အမျိုးမျိုးတွဲစပ်ပြီး စကားလုံးသစ်တွေ ဖန်တီးကြတာပေါ့ကွယ်။ အဲဒီစကားလုံးတွေကိုလည်း အနက်တူစကားလုံးတွေလို့ ခေါ်နိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"ခု ဆရာက 'အနက်တူစကားလုံး'လို့ ခေါ်တာဟာ သိလွယ်အောင် ခေါ်တာပါ။ အဲဒီလို အနက်အဓိပ္ပာယ်တူတဲ့ စကားလုံးတွေကို 'ပရိယာယ်' 'စကားပရိယာယ်' 'ပရိယာယ်ပုဒ်' စသည်ဖြင့်လည်း ခေါ်ပါတယ်။ 'ကြောင်းတူသံကွဲ' လို့လည်းခေါ်တယ်။ အကြောင်းအရာတူပြီး အသံကွဲတဲ့စကားလုံးပေါ့။ အင်္ဂလိပ်လိုတော့ synonym လို့ခေါ်တယ်။ အနက်တူ အသွင်ကွဲလို့လည်း ခေါ်တယ်။ 'ပရိယာယ်'လို့ ခေါ်သလို 'ဝေဝုစ်' လို့လည်း ခေါ်တယ်။

"ဟုတ်ကဲ့ပါ၊ မှတ်သားထားပါ့မယ် ဆရာ"

"ဆရာ၊ တခြားဘာသာစကားထဲက မွေးစားယူတဲ့ စကားလုံးတွေကြောင့်လည်း အနက်တူစကားလုံးတွေ တိုးလာနိုင်တယ်ထင်ပါတယ်"

" ဟုတ်ပါတယ်၊ သားပြောတာမှန်ပါတယ်။ မြန်မာစကားထဲကို ဝင်လာတဲ့ အနက်တူမွေးစားစကားလုံးတွေ အများကြီးရှိတာပေါ့၊ ဟိုတစ်ခါပြောတဲ့ 'အလျူဒါန၊ အကျင့်သီလ၊ ချမ်းသာသုခ၊ ဆင်းရဲဒုက္ခ၊ အမြဲထာဝရ' ဆိုတာတွေကိုကြည့်ရင် မြန်မာစကားနဲ့ အနက်တူတဲ့ ပါဠိစကားလုံးတွေ တိုးလာတာတွေ့နိုင်တာပေါ့။ 'တရားဓမ္မ၊ ရဟန်းသံဃာ'ဆိုတဲ့ အနက်တူစကားလုံးတွေလည်း အဲဒီသဘောပါဘဲ"

"ဟုတ်ကဲ့ပါ"

"တစ်ခါတစ်ခါကျတော့ အနက်တူတဲ့ မွေးစားစကားလုံး နှစ်မျိုးသုံးတာမျိုးလည်းရှိတယ်။ 'ကံကြမ္မာ'လိုစကားလုံးပေါ့၊ 'ကံ'က 'ကမ္မ' ဆိုတဲ့ ပါဠိစကားလုံးကလာတာ၊ 'ကြမ္မာ'ဆိုတာက သက္ကတစကားလုံးကလာတာ။ 'ကံ' ရော 'ကြမ္မာ'ရော မွေးစားစကားလုံးတွေပဲ အနက်လည်းတူတယ်"

"အင်္ဂလိပ်မွေးစားစကားလုံးတွေနဲ့ အနက်တူတာလည်း ရှိမှာပေါ့နော် ဆရာ"

"ရှိတာပေါ့ ။ စောစောကပြောတဲ့ 'မိတ္တူ' နဲ့ 'ကော်ပီ' ဆိုရင် 'မိတ္တူ' က မြန်မာစကားလုံး၊ 'ကော်ပီ' ကအင်္ဂလိပ်စကားလုံးပေါ့၊ 'အဖွဲ့' တို့ 'အသင်း' တို့ဆိုတဲ့ မြန်မာစကားလုံးတွေနဲ့ 'ပါတီ' ဆိုတဲ့ အင်္ဂလိပ်မွေးစားစကားလုံးကိုလည်း အပြိုင်သုံးနေတာပဲ မဟုတ်လား။ အဲဒီလိုပဲ၊ 'ယာဉ်မောင်း' နဲ့ 'ဒရိုင်ဘာ' 'ယာဉ်နောက်လိုက်' နဲ့ 'စပယ်ယာ' ၊ 'အမှုဆောင်' နဲ့ 'အီးစီ' ဆိုတဲ့စကားလုံးမျိုးတွေ အပြိုင်သုံးနေကြတာ အများကြီးပါပဲ"

"ဟုတ်ကဲ့ပါ"

"ဆက်စပ်နေတာပြောရရင် အနက်တူစကားလုံးတွေ သုံးနေရာက တစ်လုံးက အသုံးတွင်ကျယ်လာတဲ့အခါ တစ်လုံးကမေ့မှိန်သွားတာမျိုးတွေလည်း ရှိတယ်ကွဲ့"

" ရှင်းပြပါ ဆရာ"

"ကိုလိုနီခေတ်က 'ဒိစတြိတ်' ဆိုတဲ့စကားလုံးဟာ district ကို မွေးစားထားတဲ့စကားလုံးပေါ့၊ အသုံးလည်း တွင်ကျယ်တယ်။ 'ခရိုင်' ဆိုတဲ့စကားလုံး အသုံးတွင်လာတော့ 'ဒိစတြိတ်' ဆိုတဲ့အသုံး မေ့မှိန်သွားတာမျိုးပေါ့၊ အဲဒီလိုပဲ၊ police ကို မွေးစားထားတဲ့ 'ပုလိပ်' အသုံးတွင်နေရာက ' ရဲ'ပေါ်လာတော့ 'ပုလိပ်အသုံး' တိမ်ကောသွားတာပေါ့ကွယ်။ ကဲဒီလောက်ဆိုရင် "အနက်တူစကားလုံးတွေအကြောင်း ပြည့်စုံလောက်ပါပြီကွယ်"

"ကျေးဇူးတင်ပါတယ် ဆရာ"

## စေတနာ့ဝန်ထမ်းကျန်းမာရေးဆိုင်ရာ လူငယ်အကျိုးဆောင်များ လုပ်ငန်းဆန်းစစ်ဆွေးနွေး




**နေပြည်တော် ဒီဇင်ဘာ ၆**

ကျန်းမာရေး ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော စေတနာ့ဝန်ထမ်း ကျန်းမာရေးဆိုင်ရာ လူငယ်အကျိုးဆောင်များ လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲနှင့် မွမ်းမံသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၄ ရက် နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ မြတ်နန်းရုံဟိုတယ်၌ ကျင်းပသည်။ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက မြန်မာနိုင်ငံ၏ လူဦးရေ စုစုပေါင်း သန်း ၅၀ ကျော်ရှိရာ (၁၀)နှစ်မှ (၂၄)နှစ်အတွင်း လူငယ်များမှာ ၂၈ ရာခိုင်နှုန်းခန့်သို့မဟုတ် ၁၅ သန်းခန့်ရှိကြောင်း၊ ဆယ်ကျော်သက်နှင့် လူငယ်လူရွယ်များ၏ ကျန်းမာရေးပြဿနာများသည် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆိုင်သော ပြဿနာတစ်ခုဖြစ်ကြောင်း။

အဆိုပါ အသက်အပိုင်းအခြားကာလသည် လူတစ်ယောက်၏ခန္ဓာကိုယ်တွင် အရေးကြီးသော ကိုယ်ကာယပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများ ဖြစ်ပေါ်သည့်အပြင် လူမှုအဖွဲ့အစည်းအတွင်း ဝင်ဆံ့နိုင်မှု အနေအထားများလည်း ပြောင်းလဲလာနိုင်ကြောင်း၊ လူငယ်များအတွက် အခွင့်အလမ်းများစွာ ပေါ်ထွန်းနိုင်သည့်အပြင် အန္တရာယ်များလည်း ကျရောက်နိုင်သည့် ကာလဖြစ်သည့်အတွက် အပြုသဘောဆောင်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုပုံစံကို ပြောင်းလဲပြုမူတက်အောင် လေ့ကျင့်သင်ကြားပေးရန်နှင့် ဘဝကို အထောက်အပံ့ပေးနိုင်သည့် ဆုံးဖြတ်ချက် ရွေးချယ်မှုများနှင့် အလေ့အထကောင်းများကို ပြုစုပျိုးထောင်နိုင်အောင် လေ့ကျင့်ပေးရန် အလွန်အရေးကြီးပါကြောင်း။

နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များ အခန်းကဏ္ဍကို မြှင့်တင်ရာတွင် ကျန်းမာရေးဝန်ထမ်းများအပါအဝင် ပြည်သူလူထုအားလုံးနှင့် လူငယ်လူရွယ်များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိလာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။ ဆက်လက်၍ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ ဒုတိယဌာနေကိုယ်စားလှယ် Ms. Kaori Ishi Kawa က အမှာစကားပြောကြားခဲ့သည်။

အဆိုပါ လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲနှင့် သင်တန်းသို့ ပဲခူး၊ ဧရာဝတီ၊ မန္တလေး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိမြို့နယ် ၂၂ မြို့နယ်မှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကျန်းမာရေးပညာပေးအရာရှိများ၊ ကျန်းမာရေးမှူးများနှင့် စေတနာ့ဝန်ထမ်း၊ ကျန်းမာရေးဆိုင်ရာ လူငယ်အကျိုးဆောင်များ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဒီဇင်ဘာ ၅ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



ပြည်တွင်းသတင်း

# လူမှုအသိုက်အဝန်းတွင် အမျိုးသမီးများရဲ့ စွမ်းဆောင်ရည်သည် စီးပွားရေးဖွံ့ဖြိုးမှု၏ အဓိကသော့ချက်ဖြစ်



**ရန်ကုန် ဒီဇင်ဘာ ၆**

စွမ်းရည်ရှိသည့် အမျိုးသမီးတစ်ဦးသည် ကောင်းမွန်သော မိသားစုဘဝ၊ လူမှုအသိုက်အဝန်းနှင့်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေရန်လုပ်ဆောင်နိုင်စွမ်းရှိကြောင်း သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဒီဇင်ဘာ ၆ ရက်တွင် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ပြုလုပ်သည့် ကမ္ဘာလုံးဆိုင်ရာအမျိုးသမီးများဖိုရမ် ဒုတိယနေ့အခမ်းအနား၌ ပြောကြားခဲ့သည်။

ယနေ့အချိန်သည် အမျိုးသမီးများ၏ခေတ်ဟုပင် ခေါ်တွင်နိုင်ပြီး အမျိုးသမီးများသည် အစိုးရပိုင်းဆိုင်ရာ အဆင့်မြင့်ရာထူးများနှင့် လွှတ်တော်အတွင်း၌ နေရာရလာကြကြောင်း၊ သို့ရာတွင် ကမ္ဘာ့နေရာအချို့၌ အမျိုးသမီးများသည် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးဝန်ဆောင်မှု၊ သတင်းအချက်လက်ရရှိနိုင်မှုနှင့် လုပ်ငန်းကျွမ်းကျင်မှုများ၌ ကန့်သတ်ခံနေရဆဲဖြစ်ပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတွေကလည်း ရှိနေဆဲပင်ဖြစ်ပါကြောင်း၊ အမျိုးသမီးများရဲ့ စွမ်းဆောင်ရည်သည် စီးပွားရေးဖွံ့ဖြိုးမှုရဲ့ အဓိကသော့ချက်ဖြစ်ပါကြောင်း အဆိုပါအခမ်းအနားတွင် ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အမျိုးသမီးဖိုရမ်၏ စီးပွားရေးနှင့် လူမှုအသိုက်အဝန်းဆိုင်ရာ အမှုဆောင်အရာရှိချုပ် Ms.Jacqueline Franjou က "အမျိုးသမီးများရဲ့ အရေးကိစ္စဟာ ကမ္ဘာလုံးဆိုင်ရာ အရေးကိစ္စပါပဲ။ မြန်မာနဲ့အာဆီယံဒေသတွင်း အဆင့်မြင့်ကဏ္ဍတွေမှာ အမျိုးသမီးတွေ ပိုမိုပါဝင်လာဖို့လိုအပ်ပါတယ်။ အမျိုးသမီးတွေရဲ့ စွမ်းဆောင်ရည်ဟာ စီးပွားရေးနဲ့လူမှုအသိုက်အဝန်းကို ဖွံ့ဖြိုးတိုးတက်စေနိုင်ပါတယ်"ဟု အဆိုပါဖိုရမ်၌ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအပါအဝင် ၎င်းနှင့်ဆက်နွယ်နေသော ဒေသတစ်ခုလုံးမှ အမျိုးသမီးများ၏ မျက်နှာစုံညီအစည်းအဝေးပွဲများ၊ စကားအချေအတင်ပြောဆိုခြင်းများ ပြုလုပ်နိုင်ရန်၊ ကျယ်ပြန့်သော ကဏ္ဍအသီးသီးမှ အကြောင်းအရာခေါင်းစဉ်အမျိုးမျိုး အမျိုးသမီးထု၏ အသံကိုထင်ဟပ်စေရန်အတွက် ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများဖိုရမ်ကို ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အမျိုးသမီးဖိုရမ် ဒုတိယနေ့ အခမ်းအနားပထမပိုင်း၌ အာဆီယံဒေသတွင်း စိတ်ချယုံကြည်ရသော ရင်းနှီးမြှုပ်နှံမှု ပေါ်ထွန်းစေခြင်း၊ STEMအတွင်းသို့ အာဆီယံအမျိုးသမီးများ ပိုမိုပါဝင်နိုင်ရန် စီစဉ်ခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းများမှ ပိုမိုစိတ်ပါဝင်စားလာစေရန် ဖော်ဆောင်ခြင်းနှင့် ဘဏ္ဍာရေးအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေခြင်း စသည့်ခေါင်းစဉ်များကို ဆွေးနွေးကြသည်။

ဒုတိယပိုင်းအစီအစဉ်၌ ဓလေ့ထုံးတမ်းနှင့် ခေတ်ရေစီးကြောင်းအကြားချိန်ညှိပေးခြင်း၊ ယဉ်ကျေးမှုနှင့် ဘာသာတရားဆိုင်ရာ တန်ဖိုးထားမှုများ အသွင်ကူးပြောင်းနေခြင်းကဏ္ဍ၊ အာဆီယံအတွင်းအမျိုးသမီးထုအခွင့်အရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုအပေါ် အာဆီယံလူထု၏ စီးပွားရေးကဏ္ဍ၏ အကျိုးသက်ရောက်မှုများ၊ လွတ်လပ်သောထုတ်ဖော်မှုနှင့် ပွင့်လင်းမြင်သာမှုအတွက် လိုအပ်ချက်၊ အာဆီယံပညာတတ် အမျိုးသမီးများ၏ စွမ်းအားကိုသုံးသပ်ခြင်း၊ ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်အပေါ် စီမံခန့်ခွဲခြင်းနှင့် ဘေးအန္တရာယ်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် အမျိုးသမီးများအတွက် ရှေ့တန်းမှရပ်တည်မှု အစရှိသည့် ခေါင်းစဉ်များကို ဆက်လက်ဆွေးနွေးကြသည်။

ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးဖိုရမ် ဒုတိယနေ့ အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ မြန်မာနိုင်ငံဆိုင်ရာပြင်သစ်သံအမတ်ကြီး၊ ပြင်သစ်နိုင်ငံအခြေစိုက်Women's Forumအဖွဲ့မှ တာဝန်ရှိသူများနှင့် ကဏ္ဍအသီးသီးမှ ကိုယ်စားလှယ် ပေါင်း ၉၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**မြတ်သန္တာမောင်**



## လည်ပတ်စရာများစွာရှိသောမြန်မာနိုင်ငံ
## (နိုင်ငံတကာမီဒီယာများထဲက မြန်မာနိုင်ငံအကြောင်း)

နိုဝင်ဘာ ၃၀ ရက်ထုတ် ဩစတြီးယားသတင်းစာတစ်စောင်ဖြစ်သော Kurier (Wien)က မြန်မာနိုင်ငံအကြောင်းနှင့်ပတ်သက်၍ ရေးသားဖော်ပြရာတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရားသည် မြန်မာနိုင်ငံ၏ ဘာသာရေးအဆောက်အအုံများအနက် အရေးပါဆုံး အဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ ရွှေတိဂုံဘုရားတွင် လာရောက်ကြည်ညိုဖူးမြော်သူများအတွက် နေရာသာမက အင်တာနက်ကိုပါ အခမဲ့ပေးထားကြောင်း၊ မန္တလေးတောင်ရှိ ဆုတောင်းပြည့်ဘုရား၌ ဓာတ်လှေကားတပ်ဆင်ထားမှုအပါအဝင် မြန်မာနိုင်ငံ၏ သမိုင်းဝင်နေရာများတွင် ခေတ်မီနည်းပညာ၊ ဟိုတယ်နှင့် စားသောက်ဆိုင်များ ဝင်ရောက်နေရာယူလျက်ရှိကြောင်း။

လူဦးရေငါးသန်းကျော်ရှိ ရန်ကုန်မြို့တွင် ကမ္ဘာလှည့်ခရီးသွားများစွာတွေ့ရပြီး ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေကြောင်း၊ သို့သော်လည်း ဆူးလေဘုရား၊ ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် သမိုင်းဝင်ကမ်းနားဟိုတယ်အပါအဝင် မြန်မာနိုင်ငံတွင် လည်ပတ်စရာနေရာများစွာရှိကြောင်း၊ ၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားသုံးသန်းခန့် လာရောက်လည်ပတ်ခဲ့ရာ ခရီးသွားလုပ်ငန်းမှ ယူရိုငွေတစ်သန်းကျော်ရရှိခဲ့သည်ဟု ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၏ ပြောကြားချက်အရ သိရှိခဲ့ရကြောင်း။

ခရီးသွားဗီဇာကို ၇ ရက်မှ ၂၈ ရက်အထိတိုးချဲ့ခဲ့ပြီး အွန်လိုင်းမှ ဝင်ရောက်နေရာယူနိုင်ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်း ၁၅၈၅၊ ဟိုတယ် ၁၀၀၀ ကျော်၊ ဧည့်လမ်းညွှန် ၃၀၀၀ ခန့်နှင့် ခရီးသွားလုပ်ငန်းတွင် အလုပ်လုပ်ကိုင်သူ ၃၀၈၀၀၀ ရှိကြောင်း၊ မြန်မာအစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများကိုမြှင့်တင်ရန် စီမံထားရှိပြီးဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားသည်။

**(ကျော်သဲအိမ်)**

# ပုဇွန်တောင်မှ ထော်လီကွေ့အထိ RBE ရထား ယနေ့စတင်ပြေးဆွဲ

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုဖြေလျှော့နိုင်ရေးအတွက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားမှ အလုံမြို့နယ် ထော်လီကွေ့ရပ်စခန်းမှ ပုဇွန်တောင်ဘူတာအထိ ကမ်းနားလမ်းတစ်လျှောက် လူစီး RBEရထားတွဲဆိုင်းတစ်ဆိုင်း ပြေးဆွဲပေးသွားမည် ဖြစ်ကြောင်း မြန်မာ့မီးရထား(အောက်မြန်မာပြည်ရုံး)မှ သိရသည်။

မြန်မာ့မီးရထားဌာနအနေဖြင့် မြို့တွင်းယာဉ်ကြောကျပ်တည်းနေမှု ဖြေလျှော့နိုင်ရေးအတွက်ဖြစ်ပြီး ခရီးသွားပြည်သူများ၊ နေ့စဉ်မဖြစ်မနေ လိုင်းကားစီးနေရသည့် ဝန်ထမ်းများ သွားလာမှု ပိုမိုအဆင်ပြေလာရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ဒီဇင်ဘာ ၇ ရက် (ယနေ့)မှ စတင် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ခရီးစဉ်အားဖြင့် နှစ်ပိုင်းခွဲခြားထားသည်။ RBE (A)နှင့် RBE(B)ဟူ၍ ဖြစ်သည်။ RBE (A)မှာ ပုဇွန်တောင်ဘူတာမှ ပန်းဆိုးတန်းရပ်စခန်းဖြစ်သည်။ RBE(B)မှာ ပန်းဆိုးတန်းရပ်စခန်းမှ အလုံမြို့နယ် ထော်လီကွေ့အနီးရပ်စခန်းဖြစ်သည်။

ခရီးစဉ်တစ်ဖြတ်လျှင် စီးနင်းခ ကျပ် ၁၀၀ စီ ကောက်ခံမည်ဖြစ်ပြီး လက်မှတ်ပေးစနစ်ဖြစ်၍ ခရီးသည်များ လွယ်ကူအဆင်ပြေစေရန် ရထားပေါ်တွင်သာ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ပြေးဆွဲမှု စတင်ချိန်၌ RBEတွဲဆိုင်းတစ်ဆိုင်းတည်းဖြင့်သာ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ထိုတွဲဆိုင်းတွင် ထိုင်စီးခရီးသည် ၆၀ နှင့် ရပ်စီးခရီးသည် ၆၀ ခန့် စီးနင်းလိုက်ပါနိုင်မည်ဖြစ်ကြောင်း သိရသည်။ တစ်နေ့လျှင် အချိန်သတ်မှတ်၍ ၁၅ ခေါက်အထိ ပြေးဆွဲပေးမည်ဟု ဆိုသည်။ စီးနင်းသူများ ပိုမိုများပြားလာပါက တိုးချဲ့ချိတ်ဆွဲပြေးဆွဲမည်ဟု သိရသည်။

ယာဉ်ကြောကျပ်တည်းမှုကြောင့် အပေါ်လမ်း(အောက်ကြည့်မြင်တိုင်၊ အထက်ကြည့်မြင်တိုင်၊ ဗိုလ်ချုပ်လမ်း) ခရီးသည်တင်လိုင်းကားစီးနင်းသူများအနေဖြင့် မူလရထားလမ်းဖြင့် အဆင်ပြေသော်လည်း အောက်လမ်း(ကမ်းနားလမ်းတစ်လျှောက်) ခရီးသည်တင်လိုင်းကား စီးသူများအနေဖြင့် မူလရထားလမ်းခရီးစဉ်ဖြင့် အဆင်မပြေနိုင်ကြပေ။

ယခုကဲ့သို့ အောက်လမ်းကမ်းနားလမ်းတစ်လျှောက် ရထားခရီးစဉ် ပြေးဆွဲပေးရန် စီစဉ်မှုကြောင့် အလုံမြို့နယ်နေ စာတိုက်ကြီး ဝန်ထမ်းအမျိုးသမီးတစ်ဦးက "သိပ်ကောင်းတာပဲ၊ လိုင်းကားတွေစီးရတာ အဆင်မပြေဘူး။ အခုအပြန်ဆို ပိုဆိုးတယ်၊ လိုင်းကားတွေက ဘလောက်တုံးတွေကြားက ဘီးလိမ့်ရုံပဲ မောင်းလို့ရတော့ ပန်းဆိုးတန်းကနေ အလုံအထိ တစ်နာရီခွဲနီးပါးကြာတယ်။ အခုအချိန်မှန်အတွင်း အိမ်အရောက်ပြန်နိုင်တော့မယ်"ဟု ဆိုသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



## မုံရွာမြို့ ကျောက္ကာရွှေဂူနီမြတ်စွာဘုရားကြီးတွင် ဘုရားဖူးပြည်သူများနှင့်စည်ကား

**မုံရွာ ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံ၏ တန်ခိုးကြီးဘုရားများထဲတွင် တစ်ဆူအပါအဝင်ဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့မှ ၉ မိုင်အကွာ ကျောက္ကာကျေးရွာတွင်တည်ရှိသည့် ရှေးဟောင်းသမိုင်းဝင် ကျောက္ကာကျေးရွာ ရွှေဂူနီမြတ်စွာဘုရားကြီး၌ နတ်တော်လပြည့်(စနေနေ့)တွင် အမြို့မြို့အနယ်နယ်မှ ဘုရားဖူးများ၊ မုံရွာမြို့ပေါ်နှင့်အနီး ပတ်ဝန်းကျင်ရှိ ဒေသခံဘုရားဖူးပြည်သူများနှင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့သည် ကျောက္ကာရွှေဂူနီမြတ်စွာဘုရားကြီး၏သမိုင်းတစ်လျှောက် တစ်နှစ်တွင် တစ်ကြိမ်ကြိုတောင့်ကြိုခဲတိုက်တိုက်ဆိုင်ဆိုင် လပြည့်နှင့် စနေတစ်ထပ်တည်းကျရောက်သည့် ရက်မြတ်မင်္ဂလာဖြစ်ပြီး အမြို့မြို့အနယ်နယ်ရပ်ဝေးရပ်နီး၊ မြို့ပေါ်နှင့်အနီးပတ်ဝန်းကျင်ရှိ ဘုရားဖူးများ ယခင်ရက်များနှင့်မတူ ထူးထူးခြားခြားလာရောက်ကြသဖြင့် ဈေးရောင်း၊ ဈေးဝယ်သူများ၊ ရဟန်းရှင်လူပြည်သူများ စည်ကားလျက်ရှိကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မဟာဇေယျအတုလမာရဇိန်ကြေးသွန်းဘုရားကြီး၏ အကြိမ် (၁၀၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ရေတာရှည်လမ်းဟောင်းနှင့် လမ်းသစ်တစ်လျှောက်တို့တွင် အလှူရှင် ၂၅၀ ကျော်တို့က ယနေ့ညနေ ၃ နာရီတွင် ဆရာတော်သံဃာတော်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူကြကြောင်း သိရသည်။

**ကိုချစ်**

### မိုးလေဝသ အခြေအနေ

- နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
- ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။
- နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ် ရွာနိုင်သည်။

## ပြည်တွင်းသတင်း



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ဆေးရုံကြီး၌ ဆေးကုသခံလူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❀ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယသမ္မတသည် အထူးကြပ်မတ်ကုသဌာနသို့ ကြည့်ရှုစစ်ဆေးပြီး အရေးပေါ်ဆေးကုသမှုဌာန ပြုပြင်မွမ်းမံမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ အဆိုပါ အရေးပေါ် ဆေးကုသမှုဌာန အကြီးစား ပြုပြင်မွမ်းမံမှုလုပ်ငန်းများအနက် ပထမအဆင့်လုပ်ငန်းများကို ဇန်နဝါရီလ ဒုတိယအဆင့်၊ တတိယအဆင့်နှင့် စတုတ္ထအဆင့် လုပ်ငန်းများမှာ လာမည့်နှစ်မတ်လတွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အရေးပေါ်အသက်ကယ်ကုသခန်း၊ ထိခိုက်ဒဏ်ရာနှင့် အရေးပေါ်ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Centre ခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ အထူးအရာရှိ ဒေါက်တာသန်းထွဋ်တို့က ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင် မွမ်းမံပြင်ဆင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု၊ တိုးချဲ့ငါးထပ်အဆောက်အအုံ ဒီဇင်ဘာလကုန်တွင် ပြီးစီးပါက လူနာခန်းများ ဆက်လက်ပြောင်းရွှေ့မည့် အစီအစဉ်၊ လူနာများအတွက် ဖြည့်ဆည်းပေးနိုင်သည့် အချက်များ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်ပြသသော လူနာများ၏ စိုက်ထုတ်ကုန်ကျငွေ ကျဆင်းစေရန်အတွက် ဆောင်ရွက်ပေးမှုများနှင့် ပြည်သူလူထု ကျန်းမာရေးအတွက် စိုက်ထုတ်သုံးစွဲငွေ လျော့နည်းကျဆင်းစေရန် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို စဉ်ဆက်မပြတ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် လက်ရှိဓာတ်အား ဖြန့်ဖြူးပေးနေမှု၊ ၆၆ ကေဗွီဓာတ်အားခွဲရုံအသစ် တည်ဆောက်ရန်စီစဉ်နေမှု၊ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ ဆေးရုံများအားလုံးကို ဓာတ်အားဖြန့်ဖြူးနိုင်ရန် စီစဉ်ထားရှိမှုနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးနိုင်ရန် ဓာတ်အားခွဲရုံအသစ် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက အထွေထွေဆွေးနွေး တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အမြန်ဆုံးပြီးစီးနိုင်ရေးနှင့် စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားခဲ့သည်။

**(သတင်းစဉ်)**

# မြန်မာ့ရိုးရာယဉ်ကျေးမှုပဒေသာကပွဲ မန္တလေးအမျိုးသားကဇာတ်ရုံ၌ဖျော်ဖြေ ပရိသတ်များရုံပြည့်ရုံလျှံကြည့်ရှုအားပေး

**မန္တလေး ဒီဇင်ဘာ ၆**

မန္တလေးမြို့ အမျိုးသားကဇာတ်ရုံကြီးတွင် နှစ်ပတ်တစ်ကြိမ် ဖျော်ဖြေတင်ဆက်ပေးလျက်ရှိသော မြန်မာ့ရိုးရာ ယဉ်ကျေးမှု ပဒေသာကပွဲကြီးကို နိုဝင်ဘာ ၆ ရက် ည ၇ နာရီက ဖျော်ဖြေတင်ဆက်ပေးခဲ့ရာ ပွဲကြည့်ပရိသတ်များ ရုံပြည့်ရုံလျှံ လာရောက် အားပေးကြသည်။ **(အောက်ယာပုံ)**

အဆိုပါ ဖျော်ဖြေပွဲတွင် စကားဝါမြေယိမ်းအက၊ မြန်မာ့ရုပ်သေး (ဆင်အက)၊ ကရင်ဒုံးယိမ်း အက၊ မျက်လှည့် ဖျော်ဖြေမှု၊ မြန်မာ့ခြင်းလုံးနှင့် အကယ်ဒမီဒါရိုက်တာမောင်ယဉ်အောင်၏နွေဦးအညာ(အော်ပရာ)တို့တင်ဆက်ခဲ့ကြသည်။

ထိုသို့ တင်ဆက်ရာတွင် ကရင်ဒုံးယိမ်းအက၊ မြန်မာ့ရုပ်သေး(ဆင်အက)နှင့် နွေဦးအညာ (အော်ပရာ) တင်ဆက်မှုတို့အားအထူးကြိုက်နှစ်သက်ကြပြီး အားပေးလက်ခုပ်သံများ ကြားခဲ့ရသည်။

ယနေ့ည ဖျော်ဖြေပွဲအား လာရောက်ကြည့်ရှုခဲ့သည့် ဆရာဦးမျိုးအောင်တို့ ဇနီးမောင်နှံက “မြန်မာ့ ယဉ်ကျေးမှုအကတွေ၊ ဇာတ်တွေဆိုတော့ ပျင်းစရာကောင်းမှာပဲလို့ ထင်ထားတာ၊ အခုလိုဆန်း သစ်တဲ့အကတွေ၊ တီးလုံးတွေနဲ့ မြူးမြူးကြွကြွလေး ကြည့်ရတာ ကောင်းလိုက်တာဗျာ။ အော်ပရာတွေတင်ဆက်မှုကလည်း ခေတ်နဲ့အညီ အဆင့်မြင့်မြင့်ပြသသွားတာကို ကြည့်လိုက်ရတော့ အားရကျေနပ်စရာပါပဲဗျာ။ ဒီအစီအစဉ်လေးကို မရပ်လိုက်ပါနဲ့။ အပတ်တိုင်း လာအားပေးပါ့မယ်”ဟု အားပါးတရ ပြောကြားသည်။

အဆိုပါ အမျိုးသား ကဇာတ်ရုံကြီးတွင် ဖျော်ဖြေတင်ဆက်မှုများကို တာဝန်ယူဆောင်ရွက်နေသော အကယ်ဒမီဒါရိုက်တာ မောင်ယဉ်အောင်က “အချိန်တိုလေးအတွင်းမှာ အားပေးမှုကတော့ အားရကျေနပ်စရာပါပဲဗျာ။ ကျွန်တော်တို့ ကြိုးစားရကျိုးနပ်တာပေါ့။ နိုင်ငံခြားသားတွေဆို စင်အောက်မှာ တင်မက စင်ပေါ်အထိတက်ပြီး အားပေးကြတဲ့ မြင်ကွင်းက ကျွန်တော်တို့ရဲ့ခွန်အားကို တိုးစေပါတယ်။ တင်ဆက်မှုကိုလည်း တဖြည်းဖြည်း အဆင့်မြှင့်သွားမှာပါ။ လာမယ့်ဒီဇင်ဘာ ၂၀ ရက်နေ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကျော်က ကျွန်တော် တင်ဆက်ခဲ့တဲ့ မြန်မာတို့ရဲ့ပုဂံဆိုတဲ့ တေးသရုပ်ဖော် ဇာတ်လမ်းကို တင်ဆက်သွားမှာပါ။ ဇာတ်လမ်းကျောရိုးကတူပေမယ့် တင်ဆက်ပုံနဲ့တေးဂီတတွေကို ဆန်းသစ်အောင် တီထွင်ထားပါတယ်။ ဒီလို ခံ့ညားတဲ့ ဇာတ်ရုံကြီးမှာ တင်ဆက်ပေးရတာ ကျွန်တော်တို့အတွက် ဂုဏ်ယူစရာကောင်းသလိုတာဝန်လည်းကြီးပါတယ်။ ဇာတ်ရုံကြီးနဲ့အတူ အားပေးသူပရိသတ်အဆင့်နဲ့ ထိုက်တန်တဲ့တင်ဆက်မှုတွေကို ကြိုးစားဖျော်ဖြေပေးရပါတယ်”ဟုပြောသည်။

“တေးဂီတပညာရှင်အကယ်ဒမီ ဦးစိန်မွတ်တားကလည်း“ယခုရှစ်ကြိမ်မြောက်အထိ အားပေးမှုက ကျေနပ်စရာပါပဲ။ တစ်ခါတလေ ရုံလျှံသွားတဲ့အတွက် ကျွန်တော်တို့တောင် ထိုင်စရာမရှိလို့ ဇာတ်စင်ပေါ်ကို တက်ထိုင်ရတာတွေတောင် ကြုံရတယ်။ ဝင်ကြေးကလည်းသင့်တင့်၊ တင်ဆက်မှုကလည်း တဖြည်းဖြည်း အဆင့်မြင့်လာတော့ အားပေးမှုကလည်း အဆင့်ဆင့်တက်လာတာပေါ့ဗျာ။ ဒါတောင်ကျွန်တော်တို့ရင်ထဲမှာသိမ်းထားတဲ့ ပညာရပ်အဟောင်းတွေကို ပေါ်လစ်တင်ပြီး ဖော်ထုတ်သေးတာပဲရှိသေးတယ်။ ပညာရပ်အသစ်တွေ တီထွင်ပြီး ပညာကုန်ထုတ်သုံးလိုက်ရင် ရုံတောင်မဆံ့ပဲဖြစ်သွားမယ်”ဟုပြောသည်။

“ကျွန်တော်တို့ဌာန အနေနဲ့ မြန်မာ့ယဉ်ကျေးမှုတွေ ဖြစ်တဲ့ ရုပ်သေး၊ ခြင်းလုံး၊ ယိမ်းအကနဲ့အော်ပရာလေးတွေကို လောလောဆယ် တင်ဆက်ပေးနေရပါတယ်။ နောက်ပြီးတိုင်းရင်းသားပေါင်းစုံရဲ့ ရိုးရာယဉ်ကျေးမှုအကတွေကိုလည်း ဖော်ထုတ်ကပြလျက်ရှိပါတယ်။ နောင်ဆိုရင် တင်ဆက်မှုတွေ အဆင့်မြှင့်တင်ဖို့စီစဉ်နေပါပြီ။ နာမည်ကြီး ဇာတ်မင်းသားတွေနဲ့လည်းပူးပေါင်းဖျော်ဖြေဖို့ မန္တလေးက သဘင်ပညာရှင်များအဖွဲ့နဲ့လည်းတိုင်ပင်ထားပါတယ်။ ကျွန်တော်တို့ ဇာတ်ရုံကလူ ၁၂၀၀ ပဲ ဆံ့တဲ့အတွက် ရုံလျှံသွားရင်တော့ အားနာပါတယ်ဗျာ”ဟု အနုပညာဦးစီးဌာန(မန္တလေး)မှ ညွှန်ကြားရေးမှူးဦးသန်းအောင်ကြည်ကပြောသည်။

“ကျွန်မတို့ အရင်ကထင်ထားတာက ဒီအစီအစဉ်ကိုလူကြီးတွေပဲ စိတ်ဝင်စားမှာပါလို့ပေါ့။ အခုတော့ လူငယ်လေးတွေကပါ စိတ်ဝင်တစား လာရောက်အားပေးကြတာကို တွေ့ရတော့ ဝမ်းသာရပါတယ်။ ဒီထက်ပိုပြီး ဖျော်ဖြေနိုင်ဖို့ ကြိုးစားသွားမှာပါ။ ကျွန်မတို့ ဝန်ထမ်းတွေအနေနဲ့လည်း ဒီရုံကြီးမှာ ကပြဖျော်ဖြေနေရတာ အရည်အသွေးတွေ တိုးတက်အောင် လေ့ကျင့်ပေးသလိုဖြစ်နေတဲ့အတွက် ဒီအစီအစဉ်ကို အကောင်အထည် ဖော်ပေးတဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်”ဟု အနုပညာဦးစီးဌာန (မန္တလေး)မှ ဦးစီးအရာရှိ ဒေါ်ညိုညိုဝင်းက ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



◆ ကျောဖုံးမှ

“ဒီပွဲကြီး ဖြစ်မြောက်အောင်မြင်မှုအတွက် ဝမ်းသာမဆုံးဖြစ်မိပါတယ်။ ဒီပွဲကြီးမှာ ဂျပန်- မြန်မာ လူမျိုးတွေ ယဉ်ကျေးမှုဖလှယ်နိုင်တဲ့အပြင် အတူတူယှဉ်တွဲခင်မင်ရင်းနှီးနိုင်မယ့် အမှတ်တရအဖြစ်ဆုံး ပွဲတော်ကြီးဖြစ်လာနိုင်မှာ အမှန်ဖြစ်ပါတယ်။ ဂျပန်- မြန်မာနှစ်နိုင်ငံအနေနဲ့ ၁၉၅၄ ခုနှစ်တွင် နှစ်နိုင်ငံငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခဲ့ပြီးတဲ့နောက် နှစ်ပေါင်း ၆၀ ပြည့်ပြီဖြစ်တဲ့ ဒီနှစ်မှာ အခုလို အောင်မြင်စွာလုပ်ဆောင်ပေးနိုင်မှုကို အလွန်ပဲ အားရကျေနပ်မိပါတယ်။ ဒီပွဲကြီးဖြစ်မြောက်ရေးကို အဘက်ဘက်မှ ကူညီဝိုင်းဝန်းပေးခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H. E. Mr.Tateshi Higuchi၊ ဂျပန်- မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် ဝိုင်းဝန်းကူညီထောက်ပံ့ပေးကြတဲ့ အဖွဲ့အစည်းများကို အထူးပင်ကျေးဇူးတင်ရှိပါတယ်”ဟု ဂျပန်- မြန်မာ ချစ်ကြည်ရေးပွဲတော် ဖြစ်မြောက်ရေးကော်မတီမှ Mr. Koji Kuroda က ယမန်နေ့ည ၇ နာရီတွင် Sky Satr Hotel ၌ ပြုလုပ်ကျင်းပခဲ့သည့် ပွဲတော်အကြိုတွင် ပြောကြားခဲ့သည်။

အဆိုပါ ဂျပန်- မြန်မာ ချစ်ကြည်ရေးပွဲတော်ကြီးကို ဂျပန်နိုင်ငံ NHK Group ကအဓိကဦးဆောင်စီစဉ်ပြီး ကုမ္ပဏီပေါင်း ၃၂ ခုကလည်း ပါဝင်ပူးပေါင်းပံ့ပိုးထားကြောင်း သိရသည်။ ယင်းချစ်ကြည်ရေး ပွဲတော်ကြီးကို NHK အနေဖြင့် အခုလိုပြည်ပနိုင်ငံများတွင် နှစ်နိုင်ငံချစ်ကြည်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေး အသွင်တစ်ရပ်ကို ဦးဆောင်ပြုလုပ်ခြင်းဟာ ပထမဦးဆုံးအကြိမ်ဖြစ်ပြီး ယခုလ ဒီဇင်ဘာ ၁၅ ရက်တွင်လည်း ဂျပန်နိုင်ငံ၌ နာမည်ကြီးလူကြိုက်အများဆုံးဖြစ်သည့် ဟာသဇာတ်လမ်းတွဲဖြစ်သော “အာမာချန်” ဇာတ်လမ်းကြီးကို MNTV ရုပ်သံလိုင်းမှ တစ်ဆင့် အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တို့တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် NHK အနေဖြင့် MRTV၊ 4TV နှင့် 5 Network တို့တွင်လည်း ဂျပန်ဇာတ်လမ်းအစီအစဉ်များကို စောင့်မျှော်ကြည့်ရှုနိုင်ပြီး NHK ရုပ်သံလိုင်းမှလည်း မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု၊ လူမှုဘဝနှင့် သဘာဝအလှတရားများ ထင်ဟပ်ပေါ်လွင်စေမည့် အစီအစဉ်များကို တစ်ကမ္ဘာလုံးသို့ ထုတ်လွှင့်ပြသပေးလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ဆည်ရေသောက်ပါ တို့လယ်ယာ

ဘုန်းတင်လှိုင်

ဖြူးချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းကို လယ်မြေဧရိယာ ဧက ၉၀၀၀၀ ခန့် ရေပေးဝေနိုင်ရေးနှင့် ရေပေးဝေစဉ် ရေအားလျှပ်စစ်မဂ္ဂါဝပ်(၂၀) စက်နှစ်လုံးဖြင့် လျှပ်စစ်ဓါတ်အား ထုတ်လုပ်ပေးနိုင်ရန် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်ပါသည်။

ရေသိုလှောင်နိုင်ရန်အတွက် ရေလှောင်တမံနှင့် ဆက်စပ်အဆောက်အအုံများ၊ ဆည်ရေပေးဝေမည့် ရေလွှဲဆည်အဆောက်အအုံတို့ ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ဆက်လက်ပြီး ဆည်ရေသောက်စနစ်ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ လက်ယာတူးမြောင်းမကြီး တူးဖော်သွားသည့် လယ်မြေဧရိယာ ၆၆ ဒသမ ၇၀ ဧကအတွက် နစ်နာကြေးကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ ပေးအပ်၍ ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ကြောင်း သိရှိရပါသည်။

၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များအတွင်း ပွင့်လင်းရာသီတွင် လက်ယာမြောင်းမကြီး အပါအဝင် တူးမြောင်း၂၄ ခု (အရှည် ၄၉ မိုင်) ကို ဖောက်လုပ်ပြီး ကျေးရွာအုပ်စုခြောက်ရွာရှိ လယ်မြေဧရိယာဧကတစ်သောင်းသို့ ရေပေးဝေနိုင်ရန် လျာထားပါသည်။ ပွင့်လင်းရာသီရောက်၍ လျာထားသည့်အတိုင်း ဆောင်ရွက်ရာတွင် တောင်သူအချို့၏ ကန့်ကွက်မှုကြောင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ ကျေးရွာလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူအဖွဲ့တို့နှင့် သက်ဆိုင်ရာ ဆည်မြောင်းဦးစီးဌာနတို့ တွေ့ဆုံညှိနှိုင်း ဆွေးနွေးကြပြီး တူးမြောင်းဧရိယာအတွင်း ပါဝင်သည့် လယ်ရှင်၊ တောင်သူတို့နှင့် တွေ့ဆုံရှင်းလင်းပြောကြားခဲ့ကြပါသည်။ သို့သော် ညှိနှိုင်းမှုမရသဖြင့် လုပ်ငန်းများ ရှေ့မဆက်နိုင်ဘဲ ရပ်တန့်နေရပါသည်။ ထို့အပြင် ဖြူးမြို့နယ် ကညွတ်ကွင်းဒေသ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ဒေသခံတောင်သူများ၏ တင်ပြတောင်းဆိုချက်အရ စက်မှုလယ်ယာဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် အဆင့်မြင့် လယ်မြေဧရိယာ ဧက၂၀၀ ဖော်ထုတ်ခြင်းလုပ်ငန်းလည်း ရှေ့မဆက်နိုင်ဘဲ ရပ်တန့်သွားခဲ့ပါသည်။

ယခုနှစ်တွင် ဖြူးချောင်းတမံ ရေအားလျှပ်စစ်အပိုင်းမှ လျှပ်စစ်ဓါတ်အား စတင်ထုတ်လုပ်နေပြီဖြစ်သဖြင့် ရေအားလျှပ်စစ်စက်ရုံ လည်ပတ်သည်နှင့်အမျှ ထွက်ရှိလာသည့်ရေများကို စိုက်ပျိုးရေးအတွက် တူးမြောင်းအဆင့်ဆင့်မှတစ်ဆင့် ဆည်ရေသောက်စနစ်ဆီသို့ ပေးဝေလျှင် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ပါသည်။ ယခုစက်ရုံမှထွက်ရှိလာသော ရေတို့ကို အသုံးမပြုနိုင်သဖြင့် ဖြူးချောင်းအတွင်းသို့ စီးဝင်ထွက်သွားကာ အကျိုးမရှိ အဟောသိကံ ဖြစ်နေခြင်းသည် များစွာဝမ်းနည်းစရာဖြစ်ပါသည်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုလည်း နှောင့်နှေးသွားသည့်အပြင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကိုလည်း ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လယ်ယာမြေဥပဒေနှင့်နည်းဥပဒေတွင် **"လယ်ယာမြေ လုပ်ပိုင်ခွင့်ဆိုသည်မှာ နိုင်ငံတော်သည် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်၍ လယ်ယာမြေကို စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရန်အလို့ငှာ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လက်ဝယ်ထားရှိ၍ စိုက်ပျိုးလုပ်ကိုင်အသုံးချခွင့်ပြုခြင်းကို ဆိုသည်။"** နှင့် **"လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ဆိုသည်မှာ လယ်ယာမြေကို လုပ်ပိုင်ခွင့်ပြုကြောင်း၊ လယ်ယာမြေဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုလက်မှတ်ကိုဆိုသည်"** ဟု ပြဋ္ဌာန်းထားပါသည်။ နစ်နာကြေးနှင့် လျော်ကြေးများအခန်းတွင် **"တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ နိုင်ငံတော်အကျိုးငှာဖြစ်စေ၊ အများပြည်သူအကျိုးငှာဖြစ်စေ သိမ်းယူသည့် လယ်မြေနှင့် ယင်းလယ်ယာမြေပေါ်၌ အဆောက်အအုံဖြင့် တိုးတက်ကောင်းမွန်စေရန် ပြုပြင်ခြင်းအပါအဝင် မူလ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူ ဆောင်ရွက်ထားသည့် ကိစ္စရပ်များအတွက် နစ်နာမှုလုံးဝမရှိစေရန် လျော်ကြေးပေးခြင်းနှင့် အခြားနည်းလမ်းဖြင့် စီမံဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာက ပြုလုပ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်"** နှင့် **"နိုင်ငံတော်အတွက် နိုင်ငံတော်အကျိုးငှာ သိမ်းယူသည့်ကိစ္စရပ်များအတွင်း နစ်နာကြေးနှင့် လျော်ကြေး ရထိုက်ခွင့်ရှိသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအား နစ်နာကြေးနှင့် လျော်ကြေးကို နိုင်ငံတော်ကပေးရမည်"** ဟု ပါရှိပါသည်။ ဘက်စုံရေလှောင်တမံစီမံကိန်းများ အပါအဝင် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေသော ဆည်မြောင်းဦးစီးဌာန၏ ပန်းတိုင်သည် ရေသိုလှောင်ရန် ရေလှောင်တမံနှင့်အတူ ဆက်စပ်အဆောက်အအုံများ တည်ဆောက်ခြင်းမဟုတ်ပါ။ ဆည်ရေသောက်မည့် လယ်ကွင်းများဆီသို့ ဆည်ရေရောက်ရှိရန် ဖြစ်ပါသည်။ ဆည်ရေသောက်စနစ်ပြီးစီးမှသာ စီမံကိန်းလုပ်ငန်းကြီးတစ်ခုလုံး ပြီးစီးခြင်းဖြစ်ပါသည်။

ဖြူးချောင်းစီမံကိန်း၏ ဆည်ရေသောက်စနစ် လုပ်ငန်းများကို ကူဝိတ်ချေးငွေဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ်မှ ၂၀၁၆-၂၀၁၇ ခုနှစ်ထိ လေးနှစ်ဖြင့် အပြီးတည်ဆောက်ရန် လျာထားခဲ့ပါသည်။ ချေးငွေယူပြီး ဆောင်ရွက်လျှင် သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရမည်ဖြစ်ပြီး တောင်သူလယ်သမားများ ကန့်ကွက်၍ မပြီးစီးလျှင် ချေးငွေအသုံးမပြုရဘဲ နှစ်စဉ်အတိုးများ တက်လာနိုင်သဖြင့် ချေးငွေကူညီမှုကို ပြန်အပ်လိုက်ရကြောင်း သိရှိရပါသည်။ အခွင့်အရေးတစ်ခု နစ်နာဆုံးရှုံးသွားပါသည်။ ယခုလွှတ်တော်က ခွင့်ပြုသည့် ပြည်ထောင်စု ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်အချိန်တွင်လည်း ဆောင်ရွက်နိုင်မှုမရှိ ဖြစ်နေပါသည်။ အခွင့်အရေးနောက်တစ်ကြိမ် ဆုံးရှုံးသွားနိုင်သဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အရေး နှစ်ကြိမ်ဆုံးရှုံးကာ နိုင်ငံတော် အကျိုးစီးပွားအတွက် များစွာနစ်နာစေပါသည်။ နိုင်ငံတော်ရန်ပုံငွေအပြင် ပြည်ပရင်းနှီးမြှုပ်နှံမှု၊ ချေးငွေတို့ဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က ဆောင်ရွက်နေချိန်တွင် အဟန့်အတားဖြစ်စေမှုတို့ကို ဥပဒေအရ အရေးယူသင့်ပါသည်။ ဆည်ရေကို အလိုရှိသော အများစု တောင်သူလယ်သမားများ အနေဖြင့်လည်းဆန္ဒပြုရန်လိုအပ်ပါသည်။

ရာသီဥတုဖောက်ပြန်ခြင်း၊ မိုးရွာသွန်းမှု မှန်ကန်မှုမရှိခြင်းတို့ကြောင့် ဖြူးမြို့နယ် လိပ်သေကျေးရွာအုပ်စု ကျွန်းကုန်းရွာမှ တောင်သူကြီး ဦးမင်းသူက **"ရာသီဥတုမကောင်းလို့ မိုးမရွာတော့ မိုးစပါးတွေ သိပ်မဖြစ်ဘူး၊ ပဲတွေလည်း နောက်ကျတယ်။ တချို့လယ်တွေ အောင်ရေမရလို့ ပျက်စီးကုန်တယ်။ ဖြူးတမံက တစ်နှစ်ပတ်လုံး ဆည်ရေရမှာဆိုတော့ တောင်သူတွေ စိုက်ပျိုးချင်တဲ့သီးနှံတွေ စိတ်ချလက်ချ စိုက်ပျိုးရတာပေါ့၊ ဆည်ရေမြန်မြန်ရလေ ကောင်းလေပါပဲ"** ဟု ပြောကြားသည်။

ခင်တန်းလေး ကျေးရွာအုပ်စု ကွဲမကူးကျေးရွာမှ တောင်သူကြီး ဦးထွန်းဝင်းက **"မြောင်း မတူးဖြစ်တော့ မျှော်နေတဲ့ဆည်ရေလည်း မရဘူးပေါ့၊ မိုးခေါင်တော့ စိုက်ပျိုးဖို့ရေ ခက်ခဲတယ်။ စိုက်ထားတာလည်း အထွက်နှုန်းလျော့တယ်။ ဒါကြောင့်မို့ ဆည်ရေ မြန်မြန်သောက်ရရင်တော့ အကောင်းဆုံးပေါ့"** ဟု လည်းကောင်း၊ လိပ်သေကျေးရွာအုပ်စု အုတ်ဖိုကုန်းကျေးရွာမှ တောင်သူကြီး ဦးတင်စိုးက **"နှစ်တိုင်း ရာသီဥတုက မမှန်ဘူး။ အခု မိုးတွင်းမှာ မိုးစပါးတွေစိုက်ဖို့ ပျိုးပင်တွေ ရက်ပြည့်တာတောင် ရေမရှိတော့ ရက်တွေ အတော်လွန်မှ စိုက်ရတယ်။ အဲ့ဒီတော့ နောက်ကျမှစိုက်ရတဲ့အတွက် အထွက်နှုန်းလည်း လျော့မယ်။ ဆည်ရေသောက်ရရင်တော့ အဲ့ဒီလိုမဖြစ်တော့ဘူး။ အောင်ရေလည်း သေချာတယ်၊ ကျွန်တော်နဲ့ တောင်သူတွေအားလုံးက ဆည်ရေကို မျှော်နေကြပါတယ်"** ဟု လည်းကောင်း၊ အုတ်ဖိုစုကျေးရွာ တောင်သူကြီး ဦးဝင်းငွေးက **"မိုးမကောင်းတော့ မိုးစပါးနောက်ကျမှ စိုက်ရတယ်။ အောင်ရေလိုချိန်မှာ မိုးမရွာတော့ ဖြစ်ထွန်းမှု မရှိဘူး။ ကုန်းကျတဲ့နေရာတွေမှာ ကြံတစ်သီးပဲ စိုက်နိုင်တယ်။ ဆည်ရေတွေရောက်လာရင် မိုးစပါးလည်းသေချာပြီ။ ကုန်းကျတဲ့နေရာတွေမှာ ဆည်ရေရောက်ရင် မိုးစပါး၊ နွေစပါး၊ ပဲအမျိုးမျိုးနဲ့ ရေသွင်းကြံတို့ စိုက်မယ်။ ဆည်ရေမြန်မြန်ရောက်အောင် လုပ်ပေးပါ"** ဟု လည်းကောင်း ပြောကြားသည်။

ဖြူးချောင်းရေလှောင်တမံစီမံကိန်းအပြင် ဆောင်ရွက်ဆဲဘက်စုံရေလှောင်တမံစီမံကိန်းကြီး သုံးခုလည်း ရှိပါသေးသည်။ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော ဂန့်ဂေါခရိုင်နှင့် ချင်းပြည်နယ်တို့ကို အကျိုးပြုဧရိယာ ဧက ၁၂၀၀၀၊ ရေအားလျှပ်စစ်မဂ္ဂါဝပ် (၂၀) နှစ်လုံးဖြင့် လျှပ်စစ်ဓါတ်အား ထုတ်လွှတ်ပေးမည့် မြစ်သာရေလှောင်တမံစီမံကိန်း၊ ကျောက်ဆည်ခရိုင် (လယ်တွင်းကိုးခရိုင်) နှင့် မိတ္ထီလာ လွင်ပြင်တို့အတွက် အကျိုးပြုဧရိယာ ဧက ၁၅၃၃၀၀၊ ရေအားလျှပ်စစ် (၁၅) မဂ္ဂါဝပ်နှစ်လုံးဖြင့် လျှပ်စစ်ဓါတ်အား ထုတ်လွှတ်ပေးမည့် မြို့ကြီးရေလှောင်တမံစီမံကိန်း၊ ကလေးခရိုင်နှင့် တမူးခရိုင်များသို့ အကျိုးပြုဧရိယာ ဧက ၆၅၀၀၊ ရေအားလျှပ်စစ် ၂ မဂ္ဂါဝပ် နှစ်လုံးဖြင့် လျှပ်စစ်ဓါတ်အား ထုတ်လွှတ်ပေးမည့် ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်းတို့သည် ပြီးစီးရန် လက်တစ်ကမ်းသာ လိုပါတော့သည်။ လွှတ်တော်က လိုအပ်နေသော ရန်ပုံငွေများ ချမှတ်ပေးလိုက်လျှင် နိုင်ငံတော်အတွက် လျှပ်စစ်ဓာတ်အားနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေမည့် စိုက်ပျိုးရေတို့ ရရှိမည် ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ၂၇-၉-၂၀၁၆ ရက်နေ့တွင် မြို့ကြီးရေလှောင်တမံသို့ ရောက်ရှိပြီး လုပ်ငန်းများလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား စီမံကိန်း ရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်တို့က မြို့ကြီးရေလှောင်တမံ တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက **"စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆည်တမံတည်ဆောက်ရေးလုပ်ငန်းနှင့်အတူ ရေရရှိရေးအတွက် မြောင်းတူးဖော်မှု လုပ်ငန်းများကိုလည်း တစ်ပြိုင်တည်းပြီးစီးအောင် ဆောင်ရွက်သွားရန်၊ ရေမြောင်းများမှ ရေသောက်ဧရိယာရှိ စိုက်ပျိုးမြေများကို ထိရောက်အကျိုးရှိအောင် ဆောင်ရွက်ပေးရန်၊ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဦးစားပေးအလိုက် ဟန်ချက်ညီညီ အချိန်စောနိုင်သမျှ ဆောလျင်စွာ ပြီးစီးအောင် ဆောင်ရွက်ရန်"** စသည်ဖြင့် ဆည်ရေသောက်စနစ် အကောင်အထည်ဖော်ရေးနှင့် ပတ်သက်ပြီး လမ်းညွှန်မှာကြားခဲ့သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနည်းတူ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ၁၉၇၈ ခုနှစ်ကတည်းက စတင်ခံစားလာရသည်။ အနောက်တောင်မုတ်သုံလေသည် နောက်ကျမှဝင်ရောက်ပြီး စောစောထွက်ခွာသွားသဖြင့် မိုးရာသီကာလ တိုတောင်းခဲ့သည်။ နိုင်ငံတော်က ရာသီဥတု ဖောက်ပြန်မှုဒဏ်ကို တွန်းလှန်နိုင်ရန် ရေအရင်းအမြစ်ရှိသော ဒေသများ၌ ရေလှောင်တမံများ တည်ဆောက်ပြီး ဆည်ရေသောက်စနစ်များ ထူထောင်ပေးလျက်ရှိသည်။ ဆည်ရေသောက်စနစ်တည်ဆောက်ပေးခြင်းအားဖြင့် ရာသီဥတုအပေါ် မှီခိုရမှုအခြေအနေနည်းသွားခြင်း၊ စိုက်ပျိုးရေလိုအပ်ချိန်တွင် လုံလောက်စွာ ရရှိခြင်း၊ ဈေးကွက်ဝင်သီးနှံများကို ရာသီမရွေးစိုက်ပျိုးနိုင်ခြင်း၊ စပါး၊ ပဲ (နှစ်သီး) စိုက်ရာမှ စပါး၊ ပဲ၊ စပါး (သုံးသီး) သို့မဟုတ် စပါး၊ စပါး၊ စပါး စသည့် (သုံးသီး) စိုက်ပျိုးနိုင်ခြင်း၊ မိမိလယ်ယာမြေအတွင်း သို့မဟုတ် အနီးအနားပတ်ဝန်းကျင်၌ တူးမြောင်းဖြတ်သန်းဖောက်လုပ်မှုကြောင့် ဆည်ရေရရှိပြီး လယ်ယာမြေဈေးနှုန်းမြင့်တက်လာခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းသော်လည်း ရေနုတ်မြောင်းစနစ်ပါဝင်သဖြင့် ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ခြင်း၊ ကုန်ထုတ်လမ်းများ ပါဝင်သဖြင့် ထွက်ရှိလာသော သီးနှံများ ဈေးကွက်သို့ အမြန်ပို့ဆောင်နိုင်ခြင်း၊ ရိတ်သိမ်းပြီး သီးနှံများကို အမိုးအကာအောက် လျင်မြန်စွာ ပို့ဆောင်နိုင်သဖြင့် ပျက်စီးမှုမှ ကာကွယ်နိုင်ခြင်း၊ တူးမြောင်း ဖောက်လုပ်မှုကြောင့် လယ်မြေဧရိယာ အနည်းငယ်ဆုံးရှုံးနိုင်သော်လည်း ယခင်နှစ်သီးစားမှ သုံးသီးစားအထိ စိုက်ပျိုးလာနိုင်သဖြင့် ဆုံးရှုံးမှုထက် အကျိုးအမြတ်ရရှိမှုက ပိုမိုလာခြင်း၊ တူးမြောင်းပေါင်များသည် ဆက်သွယ်ရေးလမ်းကြောင်းများ ဖြစ်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုရရှိလာခြင်း၊ ဆည်ရေသောက်ဧရိယာအတွင်းရှိ ကျေးရွာများ၌ မြေအောက်ရေ မြင့်တက်လာမှုကြောင့် အဝီစိတွင်းတူးဖော်ရ လွယ်ကူလာခြင်းနှင့် ဒေသခံတောင်သူ လယ်သမားများ၏ တစ်ဦးချင်း ဝင်ငွေတိုးတက်လာမည်ဖြစ်သဖြင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ မုချဧကန်အမှန်ပင် ရရှိမည်ဖြစ်ပါသည်။

နိုင်ငံတော်၏ လူဦးရေတိုးတက်လာသည်နှင့်အမျှ စားနပ်ရိက္ခာလိုအပ်ချက်များနှင့် အခြားလိုအပ်ချက်များရှိနေမည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆည်ရေသောက်ဧရိယာအသစ်များ ဖော်ထုတ်ဆောင်ရွက်ပြီး သီးနှံများ တိုးတက်စိုက်ပျိုးရန်မှာ ဆည်မြောင်းဦးစီးဌာန၏ အဓိကရည်မှန်းချက်ဖြစ်ပါသည်။ ဆောင်ရွက်ဆဲ ဘက်စုံစီမံကိန်းကြီးများ အနက်မှ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ဆည်ရေသောက်ဧရိယာ တည်ဆောက်ခြင်းသာ ကျန်ရှိပါတော့သည်။ တောင်သူလယ်သမား အနည်းစု၏ ကန့်ကွက်မှုကြောင့် ရပ်ဆိုင်းထားရသောလုပ်ငန်းသည် အများအကျိုး၊ နိုင်ငံတော်၏ အကျိုးစီးပွားကို ထိခိုက်စေပါသည်။ ရေအားလျှပ်စစ်စက်ရုံမှ ထုတ်လွှတ်လိုက်သော ဖြူးချောင်းတမံမှ ရေစီးသံများသည် အကျိုးယုတ်ရတော့မှာလား . . . ဟု မေးစရာတွေ ဖြစ်လာပါသည်။

သို့ဖြစ်ပါ၍ **"မိုးရွာတုန်းရေခံ"** ဆိုသကဲ့သို့ အချိန်မီ အချိန်ကိုက်လုပ်ငန်းများ အောင်မြင်ပြီး ဆည်ရေသောက်နိုင်ရေးအတွက် ဒေသခံတောင်သူလယ်သမားများ အနေဖြင့် နားလည်သဘောပေါက်နိုင်ပါစေကြောင်းနှင့် လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်နိုင်ပါစေကြောင်း ဤဆောင်းပါးဖြင့် ရေးသားတင်ပြလိုက်ရပါသည်။


တည်ဆောက်ပြီးစီးပြီဖြစ်သော ဖြူးချောင်းရေလှောင်တမံ



ပြည်တွင်းသတင်း

# နိုင်ငံပိုင်ဂြိုဟ်တုအသုံးပြုနိုင်ရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၆**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန အစီအစဉ်ဖြင့် စင်ကာပူနိုင်ငံအခြေစိုက် SAT CONSULT Co.,Ltd. မှ စီစဉ်ကျင်းပသော နိုင်ငံပိုင်ဂြိုဟ်တု အသုံးပြုနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ PARK ROYAL HOTEL ၌ ဒီဇင်ဘာ ၃ ရက်မှ စတင်ကျင်းပခဲ့ပြီး ဒုတိယမြောက်နေ့အဖြစ် ဒီဇင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက အမှာစကားပြောကြားရာ နိုင်ငံတစ်ဝန်းတွင် ဆက်သွယ်ရေးကွန်ရက်များ ကျယ်ပြန့်စွာ ဖြန့်ကြက်ဆောင်ရွက်နိုင်ရန် နိုင်ငံပိုင်ဂြိုဟ်တုအသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများမှ မိမိတို့အသုံးပြုသည့် ဂြိုဟ်တုဆက်သွယ်ရေးနှင့်သက်ဆိုင်သော အချက်အလက်များ၊ လိုအပ်ချက်များအား ဆွေးနွေးတင်ပြပေးကြပါရန် သို့မှသာ ဝန်ကြီးဌာနများ၏လိုအပ်ချက်များနှင့် ပြည့်စုံသောဂြိုဟ်တု DESIGN ကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် SAT CONSULT Co.,Ltd. မှ Vice President, Marketing & Business Development မှ Mr.Laurent VALIGNON က နိုင်ငံပိုင်ဂြိုဟ်တု အသုံးပြုနိုင်ရေးအတွက် လိုအပ်သော နည်းပညာများ၊ လိုအပ်ချက်များ၊ လုပ်ထုံးလုပ်နည်းများအား ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

# တရားစီရင်ရေးဆိုင်ရာလေ့ကျင့်ရေးအစီအစဉ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စင်ကာပူသမ္မတနိုင်ငံ ဥပဒေရေးရာ ဝန်ကြီးဌာနတို့ ပူးပေါင်း၍ တရားစီရင်ရေးဆိုင်ရာ လေ့ကျင့်ရေးအစီအစဉ် အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ Royal Ace ဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးစိုးညွန့်က အမှာစကားပြောကြားပြီးနောက် စင်ကာပူသမ္မတနိုင်ငံ ပြည်တွင်းတရားရုံးများ၏ မဟာဗျူဟာစီမံကိန်းရေးဆွဲရေးနှင့် နည်းပညာဌာန အကြီးအကဲ Mr.James Leongက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ တရားစီရင်ရေးနှင့် ဥပဒေစနစ်ဆိုင်ရာ မဟာဗျူဟာအမြင်၊ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေး၊ အငြင်းပွားမှုများကို အနုညာတခုံရုံးဖြင့် စီရင်ဆုံးဖြတ်ခြင်း၊ တရားရုံးစီမံခန့်ခွဲခြင်းနှင့် မှုခင်းများ စီမံဆောင်ရွက်ခြင်းတို့တွင် သတင်းနှင့်နည်းပညာအသုံးပြုခြင်း၊ တရားရုံးစီမံခန့်ခွဲရေးလုပ်ငန်း၏ အကျိုးသက်ရောက်မှုနှင့် စွမ်းဆောင်နိုင်မှုတို့ကို ဆွေးနွေးကြမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ တရားရေးအရာရှိ စုစုပေါင်း ၃၀ တက်ရောက်ကြကြောင်းနှင့် ဆွေးနွေးပွဲကို ဒီဇင်ဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မိတ္ထီလာမြို့တွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးဖွင့်

**မိတ္ထီလာ ဒီဇင်ဘာ ၆**

မိတ္ထီလာမြို့နယ် ကျွဲတလင်းကျေးရွာအုပ်စု ကြာအင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီက ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးမွန်ဇေအောင်နှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးရွှေတို့က အဆိုပါထရန်စဖော်မာရှေ့တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာမီးလင်းနိုင်ရေးအတွက် မီးခလုတ်နှိပ် ဖွင့်လှစ်ခဲ့ပေးသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားပြီး ကြာအင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌက မီးလင်းရေးလုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းပြသည်။ ဆက်လက်၍ ကျေးရွာမီးလင်းရေးအတွက် အလှူငွေများ မတည်ပေးခဲ့သည့် ဦးသန်းစိုးနှင့် ဒေါ်ခင်မျိုးအောင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာကို မြို့နယ်အုပ်ချုပ်ရေးမှူးကပေးအပ်ခဲ့ရာ ကျေးရွာ ရပ်မိရပ်ဖ ဦးတင်မောင်လေးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါ ကြာအင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ကျေးရွာရှိ အိမ်ခြေ ၁၃၀ ကျော်မှ တစ်အိမ်လျှင် နှစ်သိန်းခုနစ်သောင်းနှုန်းဖြင့် ငွေကျပ် သိန်း ၃၀၀ ကျော်တန်ဖိုးရှိ ၁၁ ကေဗွီ ၂၀၀ ဗို့အား ထရန်စဖော်မာတစ်လုံးကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်က ကျေးရွာမီးလင်းရေးကော်မတီ ဖွဲ့စည်းပြီး စတင်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် အိမ်ခြေ ၆၀ ကျော်ကို မီတာများတပ်ဆင်ပြီးစီး၍ ကျန်ရှိသည့် အိမ်များကို မီးလင်းနိုင်ရန်အတွက် ကျေးရွာမီးလင်းရေး ကော်မတီက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**





# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**တောင်ငူ ဒီဇင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဟန်ဝင်းလှိုင် ဦးစီးသော ဝန်ထမ်းများသည် ထန်းတပင်မြို့နယ် အင်းယားကြီးသွားလမ်းရှိ အများပြည်သူများသို့ ဓာတ်အားဖြန့်ဖြူးပေးထားသော ၂၅၀ ကေဗွီအေ ဗိုလ်ချုပ်ထရန်စဖော်မာ ၄၀၀ ဗို့အားလိုင်းနှင့် လွတ်ကင်းခြင်းမရှိသည့် သစ်ပင်သစ်ကိုင်းများကို နိုဝင်ဘာ ၃၀ ရက်က ခုတ်ထွင်ရှင်းလင်းခဲ့ကြသည်။

ယခုကဲ့သို့ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းမှုကြောင့် ဓာတ်အားလေလွင့် ပျောက်ဆုံးမှုမရှိဘဲ ဓာတ်အားအပြည့်အဝရရှိ အသုံးပြုနိုင်မည်ဖြစ်သည့်အတွက် ဓာတ်အားသုံးစွဲသူ ပြည်သူများက ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**(၁၃၆)**



**ပျဉ်းမနားမြို့ ကျော်ညီနောင်ရပ်ကွက်ရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်ရေးအတွက် ပျဉ်းမနားမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ကျော်နှင့် ဝန်ထမ်းများက 11/ 0.4 ကေဗွီ (200) ကေဗွီအေ ထရန်စဖော်မာတစ်လုံးကို ထပ်မံတိုးချဲ့တပ်ဆင်၍ ဒီဇင်ဘာ ၂ ရက်တွင် စတင် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိစဉ်။**

ကိုမျိုး (ရွှေပေါက္ကံ)






ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# မင်းကင်းဆိပ်ကမ်းရေလမ်းကြောင်းကောင်းမွန်ရေး သောင်တူးသင်္ဘောဖြင့်တူးဖော်



**မင်းကင်း ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့အဝင် ချင်းတွင်းမြစ်ဆိပ်ကမ်း ရေကြောင်းသည် ယခင်နှစ်များထက် မြစ်ရေကျဆင်းမှုကြီးမားလျက်ရှိရာ ရေလမ်းကြောင်းများ ကောင်းမွန်စေရန်နှင့် မင်းကင်းမြို့ဆိပ်ကမ်းကို ရေယာဉ်များ၊ သင်္ဘောများ သွားလာဆိုက်ကပ်နိုင်ရေးအတွက် သောင်တူးသင်္ဘောဖြင့် ပထမအကြိမ် ရေလမ်းကြောင်းပြုပြင်ဆောင်ရွက်မှုကို အောက်တိုဘာ ၁၈ ရက်က စတင်ခဲ့ရာ လုပ်ငန်းပမာဏ ၃၁၅၇၀ ကုဗမီတာကို နိုဝင်ဘာ ၉ ရက်တွင် ပြီးစီးပြီဖြစ်သည်။

ဒုတိယအကြိမ်အဖြစ် ရေလမ်းကြောင်းပြုပြင်ဆောင်ရွက်မှုကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လျာထားရန်ပုံငွေမှ ငွေကျပ် ၃၃ သန်း အကုန်အကျခံလျက် ရေလမ်းကြောင်းအရှည် မီတာ ၆၈၀ နှင့် လုပ်ငန်းပမာဏ ၅၀၃၀၆ ကုဗမီတာ ရေလမ်းကြောင်း သောင်တူးခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၃ ရက်တွင် ပြန်လည်စတင်ကာ ယခုအချိန်တွင် လုပ်ငန်းပမာဏ ကုဗမီတာ ၈၄၀၀ ပြီးစီးပြီး ဇန်နဝါရီ ၂၃ ရက်တွင် လုပ်ငန်းအားလုံး ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်မှုများကို လျာထားသတ်မှတ်ကာလအတွင်း အမြန်ဆုံး ပြီးစီးနိုင်ရေးအတွက် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် မင်းကင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်း၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ လုပ်ငန်းတာဝန်ယူဆောင်ရွက်သူများနှင့်အတူ ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ချင်းတွင်းမြစ်ရေ ကျဆင်းချိန် နွေရာသီကာလတွင် မုံရွာမြို့နှင့် ဟုမ္မလင်းမြို့အကြား ရေကြောင်းကျပ်သည့် နေရာပေါင်း ၄၀ ကျော်ရှိရာ မင်းကင်းမြို့နှင့် မော်လိုက်မြို့ဆိပ်ကမ်းများလည်း ပါဝင်ပြီး ယခုကဲ့သို့မင်းကင်းမြို့ ဆိပ်ကမ်းအဝင် ချင်းတွင်းမြစ်ဆိပ်ကမ်း ရေကြောင်းလမ်း ကောင်းမွန်ရေးအတွက် သောင်တူးသင်္ဘောဖြင့် တူးဖော်ဆောင်ရွက်မှုပြီးစီးပါက ချင်းတွင်းမြစ်ကြောင်းပေါ်တွင် သွားလာသည့် ရေယာဉ်များ၊ သင်္ဘောများသည် မင်းကင်းမြို့ဆိပ်ကမ်းတွင် အဆင်ပြေချောမွေ့စွာ ဆိုက်ကပ်နိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

# မော်တော်ဆိုင်ကယ် ၂၅ စီးအား နေပြည်တော်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်

**မန္တလေး ဒီဇင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့မရဲစခန်းဝင်းအတွင်းရှိ ခမ်းမရုံခန်းမ၌ ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ရမည်းသင်းမြို့မရဲစခန်း တပ်ဖွဲ့ဝင်များက ဖော်ထုတ်သိမ်းဆည်းရမိသည့် မော်တော်ဆိုင်ကယ် ၂၅ စီးကို ပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရေးအတွက် နေပြည်တော်ရဲတပ်ဖွဲ့သို့ အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ရမည်းသင်းခရိုင် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဆွေက အမှာစကားပြောကြားရာ ဖမ်းဆီးရမိပုံ ရှင်းလင်းပြောကြားပြီး သိမ်းဆည်းရမိသောဆိုင်ကယ် ၂၅ စီးအား ရမည်းသင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်ဝင်းက နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသိန်းသို့ လွှဲပြောင်းပေးအပ်ပြီး နေပြည်တော်ရဲမှူးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ဖမ်းဆီးရမိ ဆိုင်ကယ်များကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

**ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့**

# အကောက်ခွန်မဲ့ ဘီယာဘူးနှင့် သကြားအိတ်များတင်ဆောင်လာသည့်ယာဉ်များကို မော်လမြိုင်မြို့အဝင် စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးရမိ

**မော်လမြိုင် ဒီဇင်ဘာ ၆**

မွန်ပြည်နယ် မော်လမြိုင်မြို့အဝင် ဟသ်ာအဝိုင်း စစ်ဆေးရေးဂိတ်တွင် ထိုင်းနိုင်ငံထုတ် ဘီယာဘူးနှင့် သကြားအိတ်များ တရားမဝင် အကောက်ခွန်မဲ့ တင်ဆောင်လာသည့် ယာဉ်နှစ်စီး ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၄ ရက် ည ၁၀ နာရီက မော်လမြိုင်ခရိုင် အကူ



ရဲတပ်ခွဲမှ ဒုရဲမှူး မြသိန်း၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန(မွန်)ဒု-ကြီး/မှူး ဦးမင်းမောင်၊ အကောက်ခွန်ဦးစီးဌာနမှ ဒုလက်ထောက်အကောက်ခွန်မှူး ဦးရင်မောင်မောင်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ စုံစမ်းရေးမှူး ဦးကျော်ဇာနည်ဝင်းတို့သည် သက်သေများနှင့်အတူ မော်လမြိုင်မြို့ ဟသ်ာအဝိုင်း Mobile Team စစ်ဆေးရေးဂိတ်တွင် တရားမဝင်ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်နေစဉ် ယာဉ်မောင်း ဦးအောင်အောင် (၄၅ နှစ်) (တောင်ရှမ်းစုရပ်ကွက် လှိုင်နယ်မြေ မော်လမြိုင်မြို့) မောင်းနှင်လာသော HINO TE 11 အမျိုးအစား ယာဉ်အမှတ် ၈၂/--- ယာဉ်ပေါ်၌ တရားမဝင် အကောက်ခွန်မဲ့ ထိုင်းနိုင်ငံလုပ် SINGER BEER တံဆိပ်ပါ တစ်ဖာလျှင် ၂၄ ဘူးပါ ဖာ ၁၈၀ စုစုပေါင်း ဘီယာဘူး ၄၃၂၀ တန်ဖိုးငွေကျပ် ၁၅၁၂၀၀၀၊ တစ်အိတ်လျှင် အလေးချိန်ပိဿာ ၃၀ ဝင် သကြားအိတ် ၁၀၀ တန်ဖိုးငွေကျပ် ၃၀၀၀၀၀၀ နှင့် ယာဉ်မောင်း ဦးတင်လှ (၆၀ နှစ်) အမှတ်(၇) ရွှေပြည်အေးရပ်(၂) လမ်း လှိုင်နယ်မြေ မော်လမြိုင်မြို့ မောင်းနှင်လာသော HINO TE-12 အမျိုးအစား ယာဉ်အမှတ် ၁က/---- ယာဉ်ပေါ်မှ ထိုင်းနိုင်ငံလုပ် SINGER BEER တံဆိပ်ပါ တစ်ဖာလျှင် ၂၄ ဘူးပါ ဖာ ၈၀၀ စုစုပေါင်း ဘီယာဘူး ၁၉၂၀၀ တန်ဖိုးငွေကျပ် ၆၇၂၀၀၀၀ တို့ကို သက်သေများနှင့်အတူ တွေ့ရှိသဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်အပေါ် ဒုရဲမှူးမြသိန်းက တရားလိုပြုလုပ်တိုင်ကြားသဖြင့် မြိုင်သာယာနယ်မြေရဲစခန်းက ယာဉ်မောင်း ဦးအောင်အောင်နှင့် ဦးတင်လှတို့ကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုကိုသိန်း(မော်လမြိုင်)**




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံး၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး ၄၊ မုံရွာမြို့ အုပ်ချုပ်မှုအောက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်တွင် ဆောင်ရွက်လျက်ရှိသော ဟဲကင်းရေလွှဲဆည်နှင့် ကုန်းကြီးရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်း များအတွက်လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| ၁။ | 6" - 9" ကျောက်ကြီး | ၄။ | သဲ |
| ၂။ | ¼" - ¾" ခွဲကျောက် | ၅။ | တောသစ်(အထူ/အပါး) |
| ၃။ | ကျောက်စရစ် | ၆။ | အုတ် |

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာယူရက်** - ၈-၁၂-၂၀၁၄ရက်မှ ၁၈-၁၂-၂၀၁၄ရက်အထိ

(ခ) **တင်ဒါသွင်းရက်** - ၁၉-၁၂-၂၀၁၄ရက် ၁၆း၀၀နာရီအထိ

(ဂ) **တင်ဒါသွင်းရန်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံး၊ တည်ဆောက်ရေး(၄)၊ ဆည်မြောင်းဦးစီးဌာန၊ မုံရွာမြို့

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၃၁၄၉ နှင့် ၀၇၁-၂၁၂၂၅ တို့သို့ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေငြာခြင်း

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊သပြေကုန်းရပ်ကွက်၊ဗညားဒလလမ်း၊အမှတ်(၇၂/၇၄)ဟုခေါ်တွင်သောမြေတိုင်းရပ်ကွက်အမှတ်(၁၁)P၊မြေကွက်အမှတ်(V)၁၆၄၊မြေအမျိုးအစားနှစ်(၉၀)ဂရန်မြေဧရိယာ(၀.၀၆)ဧကရှိမြေအပါအဝင်အထပ်မြင့်အဆောက်အဦ၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်တကွမြေညီထပ်(ဗဲဘက်)တိုက်ခန်းအပါအဝင်အဆိုပါတိုက်ခန်းနှင့်ကပ်လျက်ဘေးနံရံကပ်အခန်း၊တိုက်ခန်း၏(လှေကားခွင်)တို့ကိုဦးအော်မြင့်ဦး(၁၂/ပဘတ(နိုင်)၀၂၆၇၂၃)ထံမှကျွန်ုပ်မိတ်ဆွေကဝယ်ယူသဘောတူစရန်ပေးစာချုပ်ချုပ်ဆိုထားပြီးရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးထားပြီးဖြစ်ပါသည်အဆိုပါရောင်းဝယ်မှုကိုကန့်ကွက်လိုသူများရှိပါကအထောက်အထားနှင့်တကွကျွန်ုပ်ထံသို့ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ကြောင်းနှင့်ယင်းရက်ကုန်ဆုံးသည့်တိုင်ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
ဦးရဲဝဏ္ဏဖြိုး (LL.B, D.B.L, D.I.L)
အထက်တန်းရှေ့နေ(စဉ်-၃၂၅၃၆)
အမှတ်(၁၇၈)၊အခန်း(၅လွှာ)၊အနော်ရထာလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ




# ရခိုင်ကမ်းလွန်ရေနက်ပိုင်းလုပ်ကွက်ထုတ်လုပ်မှု ခွဲဝေခံစားရေးလက်မှတ်ထိုး

**နေပြည်တော် ဒီဇင်ဘာ ၆**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Channel Islands တွင် မှတ်ပုံတင်ထားသည့် Ophir Myanmar (BLock AD-3) Limitedနှင့် မြန်မာနိုင်ငံမှ Parami Energy Development Co.,Ltd. တို့ ရခိုင်ကမ်းလွန်ရေနက်ပိုင်းလုပ်ကွက် AD-3 အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contracts)ကို ဒီဇင်ဘာ ၄ ရက် ညနေ ၆ နာရီက နေပြည်တော်ရှိ Hilton ဟိုတယ်၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်။

အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အမှာစကားပြောကြားပြီး နှစ်ဖက်သဘောတူစာချုပ်များကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး၊ Ophir Myanmar(BLock AD-3)Ltd. မှ Chief Operating Officer ဖြစ်သူ Mr.Willam Higgs နှင့် Parami Energy Development Co.,Ltd. မှ ဦးနေဝင်းတို့ လက်မှတ်ရေးထိုးကာ စာချုပ်များကိုအပြန်အလှန်လဲလှယ်ကြသည်။

ယခုရခိုင်ကမ်းလွန် ရေနက်ပိုင်းလုပ်ကွက် AD-3 လက်မှတ်ရေးထိုးခြင်းသည် ပထမအကြိမ်ကမ်းလွန်လုပ်ကွက်များ တင်ဒါခေါ်ယူခဲ့ခြင်းအတွက် ဒုတိယမြောက် လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

အဆိုပါစာချုပ်များလက်မှတ်ရေးထိုးခြင်းမှ Signature Bonus အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်းနှင့် Data Fee အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၆ သန်းရရှိမည် ဖြစ်ပါသည်။ ဖော်ပြပါလုပ်ကွက် နှစ်ကွက်အတွက် လေ့လာရေးကာလ တစ်နှစ်နှင့် ရှာဖွေရေးကာလ ခြောက်နှစ်အတွင်း အနည်းဆုံး အမေရိကန်ဒေါ်လာ ၂၅၈. ၃ သန်းသုံးစွဲမည် ဖြစ်သည်။

စာချုပ်များ လက်မှတ်ရေးထိုးပြီးပါက နိုင်ငံခြားရေနံကုမ္ပဏီများအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု/လူမှုရေးထိခိုက်မှု ဆန်းစစ်လေ့လာခြင်းလုပ်ငန်းများ (EIA/SIA) ကို သက်ဆိုင်ရာ လုပ်ကွက်ဒေသများ၌ စတင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်စျေးနှုန်း ၆-၁၂-၂၀၁၄

**ရွှေစျေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၁၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၀၅၀၀ |

**စက်သုံးဆီစျေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၃၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၂၅ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၁၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၅ |

**သားငါးနှင့်ဟင်းချက်စရာစျေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာအ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်စျေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၃၈-၁၀၄၂ |
| ဥရောပ | တစ်ယူရို | ၁၂၆၅-၁၂၈၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၂-၇၈၆ |
| ထိုင်း | တစ်ဘတ် | ၃၀-၃၀.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅၇၆ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်စျေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် | တစ်အိတ် | ၁၆၈၀၀-၁၇၂၀၀ |
| မိုးဆန်သစ် (မနော်သုခ) | တစ်အိတ် | ၁၅၃၀၀-၁၅၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၅၀၀၀-၂၉၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၄၃ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၆၀-၅၀၀ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၃၅၀-၁၈၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၅၂၅-၁၅၅၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၆၀၀-၇၀၀ |
| ရေတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၅၅၀ |
| ရေတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၃၈၀၀-၄၉၀၀ |
| သကြား | တစ်ပိဿာ | ၈၉၀-၉၃၀ |

ကုန်စည်ဒိုင်စျေးနှုန်းဖြစ်ပြီး အချိန်နှင့် အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

# ပေါင်းစည်းလယ်ယာမိုးစပါးစံကွက် ရိတ်သိမ်း

**နေပြည်တော် ဒီဇင်ဘာ ၆**

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာအုပ်စု တောင်သူ ဦးမောင်သင်၏ ပေါင်းစည်းလယ်ယာ၌ မိုးစပါးရိတ်သိမ်းပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ရိတ်သိမ်းပွဲတွင် တောင်သူများ အထွက်ကောင်း မျိုးကောင်းမျိုးသန့် အမှန်တကယ်စိုက်ပျိုးတတ်လာရန် နည်းပညာ၊ စိုက်နည်းစနစ်များသည် အမှန်တကယ် အရေးကြီးကြောင်း၊ ရိတ်သိမ်းခြွေလှေ့ရာတွင်လည်း အလေအလွင့်နည်းပါးအောင် ခြွေလှေ့စက်များဖြင့် ရိတ်သိမ်းရန်လိုကြောင်း၊ လယ်ယာကဏ္ဍပြောင်းလဲခြင်းငါးရပ်ဖြင့် ပြောင်းလဲရန်လိုကြောင်း၊ စနစ်တကျစိုက်ပျိုးရန်၊ ကုန်ထုတ်လမ်းရေသွင်းမြောင်း၊ စံပြကွက်များ ပြုလုပ်ရန်လိုကြောင်း နေပြည်တော်ကောင်စီနယ်မြေ၌ ဧက ၁၀၀၀ ကျော် စံပြကွက်များ ဖော်ထုတ်လျက်ရှိကြောင်း၊ တပ်ကုန်းမြို့နယ်၌ ၅၁၄ ဧက ဖော်ထုတ်ပြီးဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်လည်း တောင်သူများက စနစ်တကျ ဆောင်ရွက်တတ်ရန်လိုကြောင်းဖြင့် နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်တာဝန်ခံ ဦးမြင့်ရွှေက တောင်သူများနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

မိုးစပါး ရိတ်သိမ်းပွဲသို့ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်ဦး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ကြသည်။



တောင်သူဦးမောင်သင်၏ စိုက်ကွင်း၌ စံကွက်ရိတ်သိမ်းမှုအရ သုခမ္မေးစပါးတစ်ဧက အစို ၁၂၈ ဒသမ ၀၃ တင်း၊ အခြောက် ၁၂၀ ဒသမ ၅၂ တင်းထွက်ရှိကြောင်းနှင့် စက်မှုလယ်ယာမှ Combine Harvester ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့၍ အလေအလွင့်နည်းပါးခဲ့ကြောင်းလည်း သိရသည်။

**ကျော်သူဝင်း (မြန်မာ့အလင်း)**


OCTAGON AUTOMOBILE & MACHINERY SERVICES CO.,LTD | SCANIA | LIEBHERR

| No. | Job Title | Experience | Qualification | No. of Requirement | Brand | Salary |
|---|---|---|---|---|---|---|
| 1 | Sales Manager | 3+ year relevant work experience in sales,Sales Management experience at a reginal / Branch Level. | Any Graduate or Preferable for MBA/BBA/DBA | 1 person | Scania | negotiate |
| 2 | Account Manager | 3 years experience in related field. English speaking & Writing | Dip:Accounting (or) ACCA,CPA | 1 person | Liebherr | negotiate |
| 3 | Service Technician | 1 years experience in related field. English speaking & Writing | M.E / B.E / A.G.T.I / G.T.I / B.Tech | 15 persons | Liebherr & Scania | nearly 2 lakh |
| 4 | Import Section Staff | Photoshop,Microsoft office,Internet, Banking,Custom clearance and English Writing | Any Graduate | 2 persons | Scania | nearly 1.5 lakh |
| 5 | Graphic Designer | 2 years experience in graphic design.(Background in Branding and marketing aplus).Fluent in adobe creative suite CS6+.A basic understanding of web language HTML and CSS aplus. | Any Graduate | 2 persons | Scania | negotiate |
| 6 | Training Manager | 5 Years experience in related fields with excellent English skills. Good Teaching Skill | Any Graduate | 2 persons | Scania | negotiate |
| 7 | Sales Admin | Good Communication with English speaking,writing | B.A (Eco) / LCCI Level I,II,III | 4 persons | Liebherr & Scania | nearly 2 lakh |
| 8 | Account Staff | 1 years experience in related field. | Bookeeping or LCCI accounting | 2 persons | Liebherr | nearly 1.5 lakh |
| 9 | Marketing & Communication Assistant | University education in relevant discipline such as business communication.Relevant Business knowledge and experience in similar role | Any Graduate | 1 person | Scania | nearly 2 lakh |

Please send your CV,copy of degree certificate,NRc,Labour Registration card (if any) and recent (3) photo to:
Octagon Automobile and Machinery Services Co.,Ltd
No.42.47,Corner of Yangon-Pathein Road and YTU Street,Hlaing Tharyar Township,Yangon,Myanmar.
Email Address:hr@ois-liebherr.com / hr@ois-scania.com / Tel: 09-49342253
(Note: Service Technician can work in Pharkant Township)
Closing Date (31.12.2014)



**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**သစ်တောဦးစီးဌာနအတွက် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
**အိတ်ဖွင့်တင်ဒါအမှတ် (၁၀/၂၀၁၄-၂၀၁၅)**

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန e-Government လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သည့် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ယှဉ်တွဲပါအရေအတွက်အတိုင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
(က) Server with Rack Enclosure (Dell Power Edge R 720) (၁) လုံး
(ခ) HP Scanjet 5590 Digital Flatbed Scanner (၁၂) လုံး
၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သစ်တောဦးစီးဌာန၊ ရုံးအမှတ် (၃၉)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၅၀၀၁တွင် ၈-၁၂-၂၀၁၄ရက်မှစ၍ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။
၃။ တင်ဒါပေးသွင်းမှုကို ၁၉-၁၂-၂၀၁၄ရက် ၁၀း၃၀နာရီတွင် ပိတ်ပါမည်။

**သစ်တောဦးစီးဌာန**



**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် (၉၈၁ ၁/၂)၊ ဒေါ်သန်းရွှေ ၁၂/ဥကမ(နိုင်)၁၄၀၀၂၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်ဖြစ်သည့် မြေဧရိယာ (၂၀×၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားဝယ်ယူပိုင်ဆိုင်သူ ဦးလှမြင့် ၁၂/ဥကမ(နိုင်)၀၆၇၃၇၂ နှင့် ဒေါ်ကြည်နွဲ့ ၁၂/ဥကမ(နိုင်) ၀၆၅၈၆၀ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော ပိုင်ဆိုင်မှု မူရင်းစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမင်းခန့် LL.B**
**(အထက်တန်းရှေ့နေ) (စဉ်-၂၃၄၁၇)**
**အမှတ် (၂၂၂)၊ တုသီတာ ၁လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၀၇၃၃၆၈**

ပြည်တွင်း၊ ပြည်ပအားကစားနှင့် ကြော်ငြာ

❒ ကျောဖုံးမှ

ရိုးရာကျင်ပွဲကို ရခိုင်တိုင်းရင်းသားတို့က ရိုးရာကျင်ကိုင်ပွဲ၊ ကျင်ကိုင်ပွဲဟု ခေါ်ဆိုကြပြီး ရိုးရာကျင်ကစားသမားများအား (ကျင်သန်)ဟု ခေါ်ဆိုကြသည်။ ပြိုင်ပွဲကို လူသစ်တန်းအဆင့်၊ ဒုတိယတန်းအဆင့်အား ငွေမောင်းတန်း (ငွေမောင်းဆုရရှိရန် ယှဉ်ပြိုင်ရသောအတန်း)နှင့် ပထမတန်း ခေါ် အဆင့်မြင့်တန်းကို ရွှေမောင်းတန်း (ရွှေမောင်းရရှိရန် ယှဉ်ပြိုင်ရသောအတန်း)ဟု အဆင့်သုံးဆင့် ခွဲခြားကျင်းပပေးလေ့ရှိသည်။

ယခင်ကာလများက ပထမဆုရရှိသော ကျင်ကစားသမား၊ ကျင်သန်များကို အတန်းအလိုက် ရွှေတစ်ကျပ်သား၊ နှစ်ကျပ်သား ဆုချီးမြှင့်လေ့ရှိခဲ့ပြီး ယခုပြိုင်ပွဲတွင် ရွှေမောင်းတန်း ပထမဆုအား ရွှေငါးကျပ်သား၊ ဒုတိယဆုအား ရွှေသုံးကျပ်သား၊ တတိယဆုအား ရွှေနှစ်ကျပ်သားနှင့် စတုတ္ထဆုအား ရွှေတစ်ကျပ်သား ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ငွေမောင်းတန်း ပထမဆုအား ရွှေသုံးကျပ်သား၊ ဒုတိယဆုအား ရွှေနှစ်ကျပ်သား၊ တတိယဆုအား ရွှေ တစ်ကျပ်သားနှင့်စတုတ္ထဆုအား ရွှေ ငါးမူးသား ချီးမြှင့်မည်ဟု ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးသန်းကျော်ထံမှ သိရသည်။

"ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဝေသာလီ အားကစားကွင်းမှာ လုပ်မှာပါ၊ ပြည်နယ်ဝန်ကြီးချုပ်က ဖွင့်လှစ်ပေးပါမယ်၊ ရခိုင်ပြည်နယ် မြို့နယ် ၁၇ မြို့နယ်မှ ကျင်သန် ၁၇၀ က ချီတက်အလေးပြုပြီး ကျောင်းသားကျောင်းသူတွေက အကပဒေသာတွေနဲ့ အားဖြည့်ထားပါတယ်၊ ညပိုင်းမှာ နိုင်ငံကျော်အဆိုတော်တွေ၊ ရခိုင်အဆိုတော်တွေရဲ့ တေးသံသာဖျော်ဖြေပွဲတွေလည်း ပါဝင်ပါတယ်"ဟု ဦးသန်းကျော်က ဆက်လက်ပြောပြသည်။

"ရခိုင်ပြည်နယ် အတွင်းက ကျင်သန်တွေကို ဖိတ်ခေါ်တယ်လို့ သိရပါတယ်၊ ရန်ကုန်ရောက် ရခိုင်ကျင်သန်တွေ ဖိတ်ခေါ်တာတော့ မတွေ့ရဘူး၊ ရန်ကုန်မှာ ရခိုင်လူဦးရေ နှစ်သန်းလောက် ရှိတယ်ဆိုလားပဲ၊ ကျင်သန်တွေလည်း အများကြီးရှိမှာပေါ့"ဟု ရန်ကုန်ရောက် ရခိုင်ကျင်သန်တစ်ဦးက ပြောပြသည်။

ပြိုင်ပွဲဝင် ကျင်သန်တို့မှာ ကျင်ကွင်း(ကျင်ဟန်ရေးပြ)စဉ် ပရိသတ်တို့က ဆုချီးမြှင့်သည့် ဆုကြေးမှာ ကျင်သမားတိုင်းအတွက် ထိုက်တန်သော ပမာဏအထိ ရရှိလေ့ရှိသည်။

ယခင်လက ကျင်းပခဲ့သော နပန်းအားကစားပြိုင်ပွဲနှင့် ပတ်သက်၍ နီးစပ်မှုမရှိသော သူအချို့က ရခိုင်ကျင်နှင့် နပန်းကို ရောယှက်ခံနေရသည်ဟု ပြောဆိုသောစကားများရှိခဲ့သဖြင့် ရိုးရာကျင်ပွဲကို အစိုးရကိုယ်တိုင်က ယခုကဲ့သို့ကျင်းပပေးခြင်းသည် အလွန်ကောင်းမွန်ကြောင်း ဒေသခံ သက်ကြီးပိုင်းတစ်ဦးက ပြောပြသည်။ **ခိုင်မြဲအောင်**

# ရွှေကူမြို့ အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်

**ရွှေကူ ဒီဇင်ဘာ ၆**

ရွှေကူမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကျင်းပသော ရွှေကူမြို့နယ် ဌာနပေါင်းစုံ မြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကို မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းက ဘောလုံးကို ကွင်းဖွင့်အနေဖြင့် စတင်ကန်၍ ဖွင့်ပေးလိုက်သည်။

မြို့နယ်အားကစားတွင် ရွက်ပုန်းသီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် လေးနှစ်မျှမကျင်းပဖြစ်သည့် ဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

ဖွင့်ပွဲတွင် စည်ပင်သာယာရေးအသင်းနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **လဘန်အောင်(ကချင်မြေ)**

## ဆူဇူကီးဖလားနှင့် ဥရောပလိဂ်ပွဲစဉ်များ

**သီဟ**

| | | | |
|---|---|---|---|
| **ဆူဇူကီးဖလား ဖိုင်နယ်** | | | **ဒီဇင်ဘာ ၇** |
| မလေးရှား | - | ဗီယက်နမ် | ညနေ ၆း၃၀ |
| **အင်္ဂလန် ပရီမီယာလိဂ် ပွဲစဉ်(၁၅)** | | | **ဒီဇင်ဘာ ၇** |
| ဝက်စ်ဟမ်း | - | ဆွမ်ဆီး | ည ၈း၀၀ |
| အက်စ်တွန်ဗီလာ | - | လက်စတာ | ည ၁၀း၃၀ |
| **ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၁၄)** | | | **ဒီဇင်ဘာ ၇** |
| ဟမ်းဘတ် | - | မိန့်ဇ် | ည ၉း၀၀ |
| ဖရန့်ဖတ် | - | ဝါဒါဘရီမင် | ည ၁၁း၀၀ |
| **အီတလီစီးရီးအေ ပွဲစဉ်(၁၄)** | | | **ဒီဇင်ဘာ ၇/၈** |
| နာပိုလီ | - | အမ်ပိုလီ | ညနေ ၆း၀၀ |
| အတ္တလန္တာ | - | ဆီစီနာ | ည ၈း၃၀ |
| ဂျီနိုအာ | - | အေစီမီလန် | ည ၈း၃၀ |
| ပါးမား | - | လာဇီယို | ည ၈း၃၀ |
| အင်တာမီလန် | - | အူဒီးနိစ် | နံနက် ၂း၁၅ |
| **စပိန်လာလီဂါ ပွဲစဉ်(၁၄)** | | | **ဒီဇင်ဘာ ၇/၈** |
| ဗယ်လက်ကာနို | - | ဆီဗီလာ | ညနေ ၅း၃၀ |
| ဘာစီလိုနာ | - | အက်စ်ပန်ညို | ည ၁၀း၃၀ |
| ဗီလာရီးရဲလ် | - | ဆိုစီဒက် | နံနက် ၀၀း၃၀ |
| ဂရန်နာဒါ | - | ဗလင်စီယာ | နံနက် ၂း၃၀ |

❊ ကျောဖုံးမှ

ရတနာပုံအသင်းနှင့် ရန်ကုန်အသင်းတို့က သုံးကြိမ်စီဗိုလ်စွဲထားပြီး ရတနာပုံအသင်းက ၂၀၀၉ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၄ ခုနှစ်၊ ရန်ကုန်အသင်းက ၂၀၁၁ခုနှစ်၊ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့တွင် သုံးနှစ်ဆက်ရရှိထားခြင်းဖြစ်သည်။

# ဒေါ့မွန်အောက်ဆုံးမှ တက်နိုင်ပြီ

ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၄)တွင် ဒေါ့မွန်က ဟော်ဖန်ဟိန်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သဖြင့် ဒေါ့မွန်တို့ အောက်ခြေမှအထက်သို့ တက်လာသည်။ ဂန်ဒိုဂန်၏ ခေါင်းတိုက်ဂိုးဖြင့် နိုင်ပွဲရခဲ့သည်။ အသက် ၂၄ နှစ်ရှိ ဂန်ဒိုဂန်က ညာတောင်ပံမှ ဖြတ်တင်ပေးလိုက်သော ဘောလုံးကို ဒိုင်ဗင်ထိုးခေါင်းတိုက်ရာမှ ဂိုးရခဲ့ခြင်းဖြစ်သည်။

# ချယ်လ်ဆီးတို့ ပထမဆုံးရှုံးပွဲကြုံတွေ့



**နယူးကာဆယ် ဒီဇင်ဘာ ၆**

ပရီမီယာလိဂ်ပွဲစဉ်(၁၅) ဖြစ်သည့် နယူးကာဆယ်နှင့် ချယ်လ်ဆီးတို့ပွဲတွင် နယူးကာဆယ်က ချယ်လ်ဆီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ယခုနှစ် ရှုံးပွဲမရှိသေးသော ချယ်လ်ဆီးတို့ ရှုံးနိမ့်ခဲ့ရသည်။

နယူးကာဆယ်တို့က ပွဲချိန် ၅၇ မိနစ်တွင် ဆစ်ဆီက ဦးဆောင်ဂိုးသွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ ချေပဂိုးရရှိရေး တင်ကစားခဲ့သော်လည်း ၇၉ မိနစ်တွင် ဆစ်ဆီကပင် နယူးကာဆယ်အတွက် ဒုတိယဂိုးသွင်းယူပေးသည်။

ပွဲချိန် ၈၃ မိနစ်တွင်ချယ်လ်ဆီးအတွက် ဒရော့ဘာက ချေပဂိုး တစ်ဂိုးသွင်းယူပေးသည်။ ယခုပွဲရှုံးနိမ့်သော်လည်း ချယ်လ်ဆီးတို့ ဇယားထိပ်၌ ဦးဆောင်နေသည်။ **သီဟ-ရေးသည်**

# ဂျူဗင်တပ်စ်ကို ရိုးမား အမီလိုက်လာ

အီတလီစီးရီးအေပွဲစဉ် (၁၄) ပြိုင်ပွဲအဖြစ် ဖီအိုရင်တီးနားနှင့် ဂျူဗင်တပ်စ်တို့ ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။ စီးရီးအေ အမှတ်ပေးဇယား ထိပ်ဆုံးတွင် ဦးဆောင်နေသော ဂျူဗင်တပ်စ်အသင်းသည် ယင်းသရေပွဲကြောင့် ရိုးမားက အနီးကပ် စိန်ခေါ်လာပြီဖြစ်သည်။ မန်ယူ နောက်တန်းကစားသမား ဟောင်း ပက်ထရစ်အီဗရာသည် အနီးကပ် ဂိုးသွင်းခွင့်ရသော်လည်း လွဲချော်သွားခဲ့သည်။ ဂျူဗင်တပ်စ်အသင်းသည် ဇယားထိပ်၌ လေးမှတ်သာ အသာရထားသည်။ ဒုတိယနေရာမှ ရိုးမားက ဆက်ဆူအိုလိုအသင်းကိုအနိုင်ရလျှင် အနီးကပ်လိုက်လာမည်ဖြစ်သည်။

**ကောင်းမြတ်သူ-စုစည်းသည်**


# ကျေးဇူးတင်လွှာ

၇-၁၁-၂၀၁၄ ရက် (သောကြာနေ့)တွင် မင်းကွန်းတိပိဋကဋ္ဌရတုခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးခန်းမသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟများ၊ Asia Royal Hospital မှ ဆရာဝန်ကြီးများနှင့် အရာထမ်းအမှုထမ်းများ၊ ၁၄-၁၁-၂၀၁၄ ရက် (သောကြာနေ့)တွင် Chatrium Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းဒေသကြီးဥပဒေချုပ် ဦးကျော်မိုးနိုင်အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော Asia Royal Hospital မှ ဒါရိုက်တာများ၊ ပါရဂူဆရာဝန်ကြီးများ၊ ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ ၁၅-၁၁-၂၀၁၄ရက် (စနေနေ့)တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်နှင့် ဇနီးဒေါ်အေးအေးချစ်၊ မင်္ဂလာအောင်လက်စွပ်များဆင်မြန်းပေးပါသော ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစိုင်းထွန်းရင်နှင့်ဇနီး သီရိသုဓမ္မသိင်္ဂီဒေါ်ချိုချိုခိုင်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၏ဇနီးဒေါ်မူမူဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှဌာနကြီးမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများ၊ Asia Royal Hospital မှ ပါမောက္ခနှင့် ဆရာဝန်ကြီးများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၈-၁၂-၂၀၁၄ ရက်(အင်္ဂါနေ့)ညတွင် ရွှေဘဲစားတော်ဆက်(ကန်တော်မင်)တွင် ကျင်းပသော ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်သော ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများနှင့်တကွ မင်္ဂလာပွဲများအားလုံးကို အစစအရာရာအဆင်ပြေစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား လှိုက်လှဲစွာဖြင့် ကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်စည်သူထွန်း-မနှင်းမွန်အိ(ခ)ဂူဂူး**

# (၂)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ယနေ့တွင် ကျရောက်သော သား မောင်ဝင်းလှိုင်မျိုးထွန်း (Executive Engineer, Max Myanmar Group Of Companies)နှင့် သမီး မသီတာဝင်းတို့၏ (၂)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင် ကျန်းမာသာယာပျော်ရွှင်သော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ကြပါစေ။

**ဖေဖေ-ဦးဇော်ထွန်း-မေမေဒေါ်ညွန့်မြင့် ရန်ကုန်**
**ဖေဖေ-ဦးဝင်းတင်- မေမေ ဒေါ်ယဉ်ယဉ်အေး ပြင်ဦးလွင်**

**ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
**(မူကြမ်း)**

၁။ ရှမ်းပြည်နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ကတ္တရာလမ်း (၉/၀) မိုင် (ခ) ကျောက်လမ်း (၀/၄) မိုင်
(ဂ) ရေရရှိရေးလုပ်ငန်း (၃၀) ခု (ဃ) မီးလင်းရေး(ဆိုလာ) (၃၂၀) ခု

၂။ (က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၅-၁၂-၂၀၁၄ ရက်မှ ၂၅-၁၂-၂၀၁၄ ရက်အထိ
(ခ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးရက်** - ၂၆-၁၂-၂၀၁၄ ရက် ၁၆း၀၀ နာရီ
(ဂ) **ရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - ရှမ်းပြည်နယ်ကျေးလက်ဦးစီးမှူးရုံး
(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၂၉-၁၂-၂၀၁၄ ရက်

၃။ အသေးစိတ်သိရှိလိုသည့်အချက်များကို ဤဦးစီးဌာန၏ ဖုန်း-၀၈၁-၂၁၂၄၂၅၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

**Y.E.S.** Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
**International English Language Centre**
တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများ အတွက်

**Basic Spoken English**
Mon to Thurs-7:30-9:30am 15 Dec
Mon to Thurs-10:00-12:00am 15 Dec
Mon toThurs 1:00-3:00-5:00pm 15 Dec
Sat & Sun - 9:00-12:00 am 20 Dec
Sat & Sun - 12:30-3:30 pm 20 Dec
Mon to Thurs-5:30-7:00pm 22 Dec
Mon to Thurs-7:30-9:30am 29 Dec

**Pre-Intermediate English**
Mon to Thurs-10:30-12:30 am 1 Dec
Sat & Sun - 12:30-3:30 pm 20 Dec
Mon toThurs 1:00-3:00pm 22 Dec
Mon to Thurs-5:00-7:00pm 22 Dec

**Grammar Foundation Course**
Mon to Thurs - 1:00-2:30 pm 15 Dec

**Vocabulary Enrichment Course**
Mon to Thurs - 3:30-5:00 pm 8 Dec

**Structure & Written Expression**
Sat & Sun - 9:00-12:00 am 13 Dec
Mon to Thurs-4:00-5:30-7:00 pm 22 Dec
Sat & Sun - 12:30-3:30 pm 27 Dec

**Basic Writing Course**
San & Sun - 12:30 - 3:30 pm 20 Dec
San & Sun - 3:45 - 6:15 pm 20 Dec
Mon to Thurs - 10:00 - 12:00am 22 Dec

**Academic Preparation for IELTS**
Mon to Thurs - 10:30 - 12:30am 12 Jan

**Academic Writing Course**
San & Sun - 5:00 - 7:00 pm 10 Jan

**IELTS**(Test Practice) San&Sun 10:30to12:30am 10 Jan
**IELTS**(Speaking) San&Sun 1:00to3:30pm 10 Jan
**SAT** Mon to Thurs -3:30-5:00pm 12 Jan
**TOEFL** Mon to Thurs-5:30-7:00pm 12 Jan

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

ကြော်ငြာ

EDULINK

Learn English with Native Speakers

သင်တန်းအမျိုးအစားများမှာ

- 4 Skills (General English)
  Reading, Writing, Listening & Speaking စသည့် စွမ်းရည်(၄)မျိုးလုံး သင်ကြားပေးပြီး အင်္ဂလိပ်စာတိုးတက်လိုသော ကျောင်းသား/သူများ၊ လုပ်ငန်းခွင်မှဝန်ထမ်းများနှင့် အင်္ဂလိပ်စာကို အခြေခံမှစ၍ သင်ကြားလိုသူများအတွက်လည်း အထူးသင့်တော်ပါသည်။
- Bussiness English
  စီးပွားရေးလုပ်ငန်းသုံး အင်္ဂလိပ်စာဖြစ်ပြီး စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူများ Management Course များ သင်ယူလေ့လာနေသောကျောင်းသား/ကျောင်းသူများအတွက် အထူး သင့်တော်သော သင်တန်းဖြစ်ပါသည်။
- IELTS Preparation
  IELTS ဖြေဆိုမည့် ကျောင်းသား/ကျောင်းသူများအတွက်လည်း အခြေခံမှစ၍ စာမေးပွဲဖြေဆိုရန် အသင့်ဖြစ်သည်အထိ ကျွမ်းကျင်သောဆရာ/ဆရာမများဖြင့် သင်ကြားပို့ချပေးနေပါသည်။




EduLink
Building 4, Junction Square, Kamaryut Township, Yangon.
www.facebook.com/edulink.aus

Phone: 09 7316 2586
09 42111 9895

SWEETY HOME ®

HAPPY NEW YEAR SOFA PROMOTION

5% OFF
ခံစားခွင့်ရရှိမည့်အခွင့်အရေး

မည်သည့်ဆိုဖာအမျိုးအစားမဆို ဝယ်ယူပြီး ရရှိနိုင်မည့်
5% Discount ခံစားခွင့်အား၊ သင်နှစ်သက်ရာ
SAKURA အမှတ်တံဆိပ် မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး
ဝယ်ယူနိုင်ပါပြီ . . .

Promotion Date : 1st ~ 31st Dec - 2014







YANGON SHOWROOM: 01-8550358, 9669544, 535694, 205224 MANDALAY SHOWROOM: 02-65938, 60810, 34021

အာဝေဇ အမှတ်တံဆိပ်
ဥဿာကိုယ်
အပူမငြိမ်းသူများအတွက်
အာဝေဇ
အပူငြိမ်းဆေးဆေး
ဆိုင်တိုင်းမှာပေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR -004038 (0914)
ပင်ရင်း - အာဝေဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ် (၁၀)၊ အောင်သုခလမ်း၊ ပုသိမ်မြို့၊ ဖုန်း ၀၄၂-၂၄၄၃၂

J&B GROUP
အိမ်ပြုပြင်ခြင်းနှင့်
အလှဆင်ခြင်းလုပ်ငန်း
Ph:09-73130202,09-73017761
လူကြီးမင်းတို့၏ အိမ်၊ ရုံးခန်း၊ ဆိုင်ခန်းများအတွက် .....
ပြုပြင်ခြင်း(Renovation)
လက်သမားလုပ်ငန်း၊ ပန်းရံလုပ်ငန်း၊ ဆေးသုတ်ခြင်း၊ ရေ၊ မီး သွယ်တန်းခြင်း
အလှဆင်ခြင်း(Decoration)
ပါကေးခင်းခြင်း၊ လျှာထိုးခင်းခြင်း၊ ပေါလစ်တင်ခြင်း၊ အခန်းဖွဲ့ခြင်း၊ ကြွေပြားကပ်ခြင်း၊ ပလာစတာကောနစ်၊ ဂျပ်ဆင်ဘုတ်၊ အလူမီနီယံ၊ စတီး၊ သံပန်း၊ ဆန်းရှိတ်များကို
Design ဆွဲ၍ စျေးနှုန်းချိုသာစွာဖြင့် ပြုလုပ်ပေးနေပါသည်။
အမှတ်(၁၀၆)၊ ဗိုလ်ချုပ်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူစီးပွားအနီး

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဃ)၊ မြေကွက်အမှတ် ၆၁၆-က၊ မြေကွက်တည်နေရာအမှတ် ၆၁၆-က၊ ဝေပုလ္လ လမ်း၊ (ဦးအုန်းကြည် စီအီး- ၀၅၆၉၃၃) အမည်ပေါက် နှစ် ၆၀ မြေအား အမည်ပေါက် ခင်ပွန်းဦးအုန်းကြည် ကွယ်လွန်သဖြင့် ဒေါ်ချို ၁၂/ဥကမ(နိုင်)၁၀၆၂၄၈ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေပြဋ္ဌာန်း

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေ**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၁ ။)**
**၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်**
**(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေး ဝန်ကြီးဌာနကို ဆိုသည်။

(ခ) **အဖွဲ့** ဆိုသည်မှာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ကို ဆိုသည်။

(ဂ) **စီမံခန့်ခွဲရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး စီမံခန့်ခွဲရေးအဖွဲ့ကို ဆိုသည်။

(ဃ) **ဆိပ်ကမ်းများ** ဆိုရာတွင် အဖွဲ့ပိုင်ရေယာဉ်များ သွားလာနိုင်သော မြစ်များ၊ ချောင်းများ၊ တူးမြောင်းများနှင့် ကမ်းရိုးတန်းတစ်လျှောက် မြို့၊ ရွာများရှိ ရေယာဉ်ဆိုက်ကပ်နိုင်သော ဆိပ်ကမ်းများပါဝင်သည်။ ထို့အပြင် ဆိပ်ကမ်းလုပ်ငန်းများနှင့် ဆက်စပ်သော နယ်မြေများလည်း ပါဝင်သည်။

(င) **ရေယာဉ်** ဆိုရာတွင် ရေကြောင်းသွားလာရာ၌ အသုံးပြုသော စက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ် အားလုံးပါဝင်သည်။ ယင်းစကားရပ်တွင် သစ်ဖောင်၊ ဝါးဖောင်စသည်တို့လည်း ပါဝင်သည်။

(စ) **စက်ရုံ၊ အလုပ်ရုံ** ဆိုသည်မှာ အဖွဲ့ပိုင်ရေယာဉ်ကျင်းများရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့် အလုပ်ဌာနခွဲများကို ဆိုသည်။

(ဆ) **ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ အခကြေးငွေ၊ အဖိုးအခ အဖိုးစားနား သို့မဟုတ် ကတိနှင့် ညီညွတ်ချက်ဖြင့် ဆောင်ရွက်ပေးသည့်လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်ဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ဇ) **အမှုဆောင်အရာရှိချုပ်** ဆိုသည်မှာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့၏ အကြီးအမှူးကိုဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံအတွင်းရေယာဉ်များသွားလာနိုင်သည့် မြစ်များ၊ ချောင်းများနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစေရန်၊

(ခ) မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရေရှည်ရပ်တည်နိုင်သည့် အဖွဲ့အစည်းအဖြစ် ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်သူလူထု၏ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေးတို့တွင် အဓိကကျသည့် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် သယ်ယူပို့ဆောင်ရေးစနစ်အဖြစ် ဆောင်ရွက်နိုင်ရန်၊

(ဃ) အဖွဲ့၏စီမံခန့်ခွဲရေးနှင့် ငွေကြေးသုံးစွဲမှုစနစ်တို့ကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးဆန်ဆန် လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်၊

(င) ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို နည်းလမ်းတကျ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် အဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့အား လုပ်ပိုင်ခွင့်များ အပ်နှင်းနိုင်ရန်။

**အခန်း(၃)**
**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၄။ (က) အဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုသည့် ဖွဲ့စည်းပုံအတိုင်း တည်ထောင်ထားရှိရမည်။

(ခ) အဖွဲ့သည် ဤဥပဒေအရသတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်၊ ဖွဲ့စည်းပုံနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

၅။ အဖွဲ့သည်-

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ တည်ဆဲဥပဒေအရ စီးပွားရေးဆန်ဆန် အောင်မြင်စွာဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသော အဖွဲ့အစည်းဖြစ်သည်။

(ခ) ဆောင်ရွက်ရမည့် လုပ်ငန်းအမျိုးအစား၊ မိမိဝန်ထမ်းများ၏ အရည်အချင်းသတ်မှတ်ချက်၊ ဝန်ထမ်းတစ်ဦးချင်း ရာထူးအဆင့်အလိုက် တာဝန်ခွဲဝေပုံနှင့် တာဝန်ခံမှုတို့ကို ဖွဲ့စည်းပုံအရ လိုအပ်သလို သတ်မှတ်ထားရှိရမည်။

(ဂ) နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများကို လည်းကောင်း၊ ဌာနက ပိုင်ဆိုင်သောငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို လည်းကောင်း ဆက်ခံရမည်။

(ဃ) အဖွဲ့က ပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့် ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ နိုင်ငံတော်က လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ပေးသော ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိသည်။

(င) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ခွင့်၊ တရားစွဲဆိုခွင့်နှင့် စွဲဆိုခံပိုင်ခွင့်၊ နိုင်ငံတော်က သတ်မှတ်ပေးထားသော ပိုင်ဆိုင်မှုပစ္စည်းများအားလုံးတို့ကို ရယူခွင့်၊ လက်ဝယ်ထားရှိခွင့်နှင့် ပိုင်ဆိုင်ခွင့်များ ရှိသည်။

၆။ ဝန်ကြီးဌာနသည် ဤဥပဒေအာဏာမတည်မီက ဖွဲ့စည်းခဲ့သည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများ ဤဥပဒေအရဖွဲ့စည်းသည့်အဖွဲ့သို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်သည့်အခါ ယင်းတို့တာဝန်ထမ်းဆောင်စဉ်က ရရှိခဲ့သည့်ရာထူးနှင့် ရပိုင်ခွင့်အောက် လျော့နည်းခြင်းမရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

**အခန်း(၄)**
**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၇။ အဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအားလုံးကို ဆောင်ရွက်ခြင်းနှင့် ဤဥပဒေအရ အခြားဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) အဖွဲ့အတွက် ယာဉ်၊ ဗောတံတား၊ ကုန်လှောင်ရုံ၊ ကမ်းတက်ဆိပ်နှင့် အခြားလိုအပ်သည့် ပစ္စည်းများကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်းနှင့် အဖွဲ့ပိုင်ပစ္စည်းများကို အငှားချထားခြင်း၊ ထုခွဲရောင်းချခြင်း၊ အာမခံထားရှိခြင်း၊

(ဂ) ဝန်ကြီးဌာနက သတ်မှတ်ထားသော မြစ်ကြောင်းများနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ရေယာဉ်များဖြင့် ပို့ဆောင်ရေးဝန်ဆောင်မှုကို ကိုယ်တိုင်ဖြစ်စေ၊ ဖက်စပ်စနစ်ဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်း၊

(ဃ) ရေယာဉ်များကို တစ်စီးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများအား ငှားရမ်းခြင်း၊

(င) ကူးတို့ရေယာဉ်များ ပြေးဆွဲခြင်း၊

(စ) ရေယာဉ်ကျင်းများနှင့် ရေယာဉ်တည်ဆောက်ပြင်ဆင်ခြင်းဆိုင်ရာလုပ်ငန်းများအတွက်လိုအပ်သော ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်းကိရိယာများနှင့် စက်သုံးဆီများ ဝယ်ယူဖြည့်တင်းခြင်း၊

(ဆ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်း ပြည်ပ ပုဂ္ဂလိကနှင့် အဖွဲ့အစည်းပိုင် ရေယာဉ်များကို မွမ်းမံပြင်ဆင်ခြင်း၊ ရေယာဉ်အသစ်တည်ဆောက်ရောင်းချခြင်းနှင့် အခြားလုပ်ငန်းများကို လက်ခံဆောင်ရွက်ခြင်း၊

(ဇ) အဖွဲ့ပိုင်မြေနှင့် အဆောက်အအုံများကိုအသုံးပြု၍ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဈ) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၈။ အဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မိမိပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ သို့မဟုတ် ဆက်ခံရရှိသည့် ငွေကြေးနှင့် နိုင်ငံတော်က လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ပေးသော ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်၊

(ခ) ရေကြောင်းလမ်းများတစ်လျှောက်ရှိ မြို့၊ ရွာများတွင် ကုန်စည်များ လက်ခံတင်ဆောင်ခြင်းနှင့် သိုလှောင်ဖြန့်ဖြူးခြင်းတို့ကို ကိုယ်စားလှယ်လုပ်ငန်းအသွင်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊

(ဂ) အဖွဲ့ပိုင်မြေ၊ အဆောက်အအုံ၊ ယာဉ်၊ ယန္တရားနှင့်အခြား ဆက်စပ်သော ပစ္စည်းများကို စီမံခန့်ခွဲပိုင်ခွင့်၊

(ဃ) လုပ်ငန်းဆိုင်ရာ ဝန်ဆောင်ခနှုန်းများ၊ လုပ်ခနှုန်းများ၊ ထုတ်လုပ်မှု စံနှုန်းများ၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သည့် ဝန်ဆောင်ခနှုန်းထားများ၊ အလုပ်ချိန်များ၊ အလုပ်ခွင်စည်းမျဉ်းစည်းကမ်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ပိုင်ခွင့်၊ ပြင်ဆင်ပိုင်ခွင့်၊

(င) ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုလုပ်ငန်းများနှင့် ရေယာဉ်တည်ဆောက်မှုကို စီမံခန့်ခွဲမှု ကန်ထရိုက်စနစ်ဖြင့်သော်လည်းကောင်း၊ ငှားရမ်းလုပ်ကိုင်ခြင်းစနစ်ဖြင့်သော်လည်းကောင်း၊ အကျိုးတူစနစ်ဖြင့်သော်လည်းကောင်း၊ တည်ဆောက်လုပ်ကိုင်လွှဲပြောင်းစနစ်ဖြင့် သော်လည်းကောင်း ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(စ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ခွင့်ပြုချက်ရရှိထားသည့် အသိဉာဏ် ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ မည်သူ့ကိုမဆို မိမိခွင့်ပြုချက်မရရှိဘဲ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ အသုံးပြုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်လျှင် တရားစွဲဆိုပိုင်ခွင့်၊

(ဆ) မိမိလုပ်ငန်းအတွက် လိုအပ်သည့် မြေ၊ ဆိပ်ကမ်း၊ အဆောက်အအုံတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သုံးစွဲပိုင်ခွင့်၊

(ဇ) အဖွဲ့ပိုင် စက်ပစ္စည်းနှင့် စက်ကိရိယာများ၊ မြေ၊ အဆောက်အအုံများနှင့် ရေယာဉ်များ၊ အခြားပိုင်ဆိုင်ခွင့်များကို သက်ဆိုင်ရာလုပ်ငန်းများအတွက် ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များကို ငှားရမ်းခွင့်၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(ဈ) ငှားရမ်းခ၊ အခနှုန်းထားများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်အမ်းခြင်း၊ လျှော့ပေါ့ခြင်းနှင့်အရ ကောက်ခံခြင်းတို့ ဆောင်ရွက်ပိုင်ခွင့်၊

(ည) အဖွဲ့ပိုင်ရေယာဉ်၊ ယာဉ်နှင့် အသုံးမလိုသည့် ပစ္စည်းများ၊ ရေယာဉ်ပြင်ဆင်ရာမှရရှိသည့် အသုံးမလိုသည့် ပိုလျှံပစ္စည်းများကို ထုခွဲရောင်းချခြင်းနှင့် လဲလှယ်ခြင်းတို့ ဆောင်ရွက်ပိုင်ခွင့်၊

(ဋ) ဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂိုလ်များကို ပို့ဆောင်ရေးဆိုင်ရာ၊ ရေကြောင်းဆိုင်ရာ သို့မဟုတ် ရေယာဉ်တည်ဆောက်ရေး လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများအဖြစ် လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သင်တန်းကျောင်းများ ဖွင့်လှစ်ခွင့်နှင့် သုတေသနပြုပိုင်ခွင့်၊

(ဌ) ဝန်ထမ်းများကို ပြည်တွင်း၊ ပြည်ပသင်တန်းများသို့ စေလွှတ်နိုင်ခွင့်။

**အခန်း (၅)**
**စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၉။ ဝန်ကြီးဌာနသည် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ဦးရေ အများဆုံး ကိုးဦးအထိပါဝင်သော စီမံခန့်ခွဲရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးအပ်သူ — ဥက္ကဋ္ဌ

(ခ) အမှုဆောင်အရာရှိချုပ် — အဖွဲ့ဝင်

(ဂ) ရေကြောင်းသွားလာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦး — အဖွဲ့ဝင်

(ဃ) ရေယာဉ်တည်ဆောက်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦး — အဖွဲ့ဝင်

(င) စီးပွားရေးလုပ်ငန်း ကျွမ်းကျင်ပညာရှင်တစ်ဦး — အဖွဲ့ဝင်

(စ) ဝန်ကြီးဌာနက ရွေးချယ်တာဝန်ပေးသည့် ကိုယ်စားလှယ်များ — အဖွဲ့ဝင်

(ဆ) ဥက္ကဋ္ဌက တာဝန်ပေးအပ်သော အဖွဲ့ဝင်တစ်ဦး — အတွင်းရေးမှူး

၁၀။ စီမံခန့်ခွဲရေးအဖွဲ့အစည်းအဝေး ကျင်းပခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ (က) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်ထားခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးဦးသည် ယင်းသို့ မခန့်ထားမီကာလက စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရှိသည့် ငွေရေးကြေးရေးအကျိုးခံစားခွင့် သို့မဟုတ် အခြားအကျိုး သက်ဆိုင်ခွင့်များနှင့် ကင်းရှင်းသူဖြစ်ရမည်။

(ခ) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် စီမံခန့်ခွဲရေးအဖွဲ့က ပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် ပဋိညာဉ်တွင်သော်လည်းကောင်း၊ ရောင်းမှု၊ ဝယ်မှု သို့မဟုတ် ငှားရမ်းမှု တစ်ခုခုတွင်သော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် အကျိုးသက်ဆိုင်နေပါက မိမိမည်သို့ အကျိုးသက်ဆိုင်ကြောင်းကို အဖွဲ့၏အစည်းအဝေးတွင် ထုတ်ဖော်ပြောဆိုရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ထုတ်ဖော်ပြောဆိုချက်ကို စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးမှတ်တမ်းများတွင် ရေးမှတ်ထားရမည်ဖြစ်ပြီး သက်ဆိုင်သည့်အဖွဲ့ဝင်သည် ယင်းပဋိညာဉ်နှင့် သော်လည်းကောင်း၊ ရောင်းမှု၊ ဝယ်မှု သို့မဟုတ် ငှားရမ်းမှုနှင့်သော်လည်းကောင်း စပ်လျဉ်း၍ စီမံခန့်ခွဲရေးအဖွဲ့က ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းပြုရာတွင် မပါဝင်ရ။

(ဃ) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် တစ်ဦးဦးမှာ ငွေရေးကြေးရေး အကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြားအကျိုး သက်ဆိုင်ခွင့် ရှိ မရှိ ဆုံးဖြတ်ရန် အကြောင်းပေါ်ပေါက်လျှင် အဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၁၂။ (က) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏ ရာထူးသက်တမ်းသည် စတင်တာဝန်ထမ်းဆောင်သည့်နေ့ရက်မှ ငါးနှစ်ဖြစ်သည်။

(ခ) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရာထူးသက်တမ်းကုန်ဆုံးသည့်အခါ ဝန်ကြီးဌာနက အသစ်ဖွဲ့စည်းတာဝန်ပေးအပ်ပြီးသည့် အချိန်အထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

(ဂ) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမပြုရ။

(ဃ) အကြောင်းတစ်ရပ်ရပ်ကြောင့် စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်ရာထူးနေရာ လစ်လပ်သည့်အတွက် အစားထိုးခန့်ထားပါက စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် မူလရာထူး၏ ကျန်ရှိသည့် သက်တမ်းကုန်ဆုံးသည် အထိသာဖြစ်ရမည်။

*စာမျက်နှာ ၁၆ သို့*

## ဥပဒေ

စာမျက်နှာ ၁၅ မှ

(င) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ကြားဖြတ်တာဝန်ယူရသည့်ကာလကို ရာထူးသက်တမ်း တစ်ခုဟု မသတ်မှတ်ရ။

၁၃။ (က) စီမံခန့်ခွဲရေးအဖွဲ့တွင် အကြောင်းတစ်ခုခုကြောင့် အဖွဲ့ဝင်ရာထူးနေရာ လစ်လပ်ပါက လစ်လပ်သည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသည် အဖွဲ့ဝင်သစ်ကို သတ်မှတ်ချက်များနှင့်အညီ ဖြည့်စွက်ခန့်ထားရမည်။

(ခ) စီမံခန့်ခွဲရေးအဖွဲ့က ဆောင်ရွက်သည့် ကိစ္စရပ်များသည် အဖွဲ့ဝင်ရာထူး လစ်လပ်သည့် အကြောင်းကြောင့်သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦး ခန့်ထားရာတွင် ချို့ယွင်းချက်တစ်ခုခုရှိသည့် အကြောင်းကြောင့်သော်လည်းကောင်း ပျက်ပြယ်ခြင်းမရှိစေရ။

၁၄။ ဝန်ကြီးဌာနသည် သတ်မှတ်ထားသည့် အကြောင်းတစ်ရပ်ရပ်နှင့်ငြိစွန်းသော စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် တစ်ဦးဦးကို ရာထူးမှ နုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်း မပြုလျှင် ထိုအဖွဲ့ဝင်အား တာဝန်မှ ရပ်စဲရမည်။

၁၅။ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ခံစားခွင့်ရှိသည်။

### အခန်း(၆)
### စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၆။ စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အဖွဲ့ပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို လေလွင့်၊ ဆုံးရှုံး၊ ပျက်စီး၊ ပျောက်ဆုံးမှု မရှိစေရန် ကြီးကြပ်ထိန်းသိမ်းခြင်း၊

(ခ) ဝင်ငွေနှင့် အကျိုးအမြတ်တိုးပွားစေရေးအတွက် သင့်လျော်သော နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း၊

(ဂ) ဝန်ထမ်းများ၏ ရပိုင်ခွင့်များရရှိစေခြင်း၊

(ဃ) မိမိလုပ်ငန်းတစ်ခုလုံး၏ အောင်မြင်မှု သို့မဟုတ် ဆုံးရှုံးမှုကို တာဝန်ခံခြင်း၊

(င) အဖွဲ့ပိုင် လုပ်ငန်းအသီးသီး၏ တာဝန်ခံဝန်ထမ်းများက ယင်းတို့ တာဝန်ယူသည့် လုပ်ငန်း၏ အောင်မြင်မှု သို့မဟုတ် ဆုံးရှုံးမှုကို တာဝန်ခံစေရန် စီမံကြီးကြပ်ခြင်း။

၁၇။ စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများကို ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက် ရယူ၍ ပြည်တွင်း၊ ပြည်ပဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများထံမှ ဥပဒေနှင့်အညီ ငွေချေးယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်း၊ ငွေထုတ်ချေးခြင်း၊ ပြန်လည်ရယူခြင်းနှင့် အထောက်အပံ့များရယူခြင်း၊

(ခ) အဖွဲ့၏ရန်ပုံငွေကို ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဂ) လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဃ) လိုအပ်ပါက အကြံပေးပုဂ္ဂိုလ်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်နိုင်ခြင်း၊ ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးခြင်း၊

(င) တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဝန်ထမ်းများကို ခန့်ထားခြင်း၊ တာဝန်ပေးခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ အရေးယူအပြစ်ပေးခြင်း၊ ထုတ်ပယ်ခြင်းနှင့် အငြိမ်းစားပေးခြင်း၊

(စ) အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် လုပ်ငန်းသဘောတူ စာချုပ်များ ချုပ်ဆိုခြင်း။

### အခန်း(၇)
### ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့်စာရင်းများ

၁၈။ အဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့က နှစ်စဉ် သတ်မှတ်ပေးသည့် နိုင်ငံတော်သို့ ထည့်ဝင်ငွေနှင့် တည်ဆဲဥပဒေအရ ကျသင့်သည့် အခွန်အခများကို ပေးသွင်းရမည်။

၁၉။ အဖွဲ့က လွှဲပြောင်းရယူသည့် နိုင်ငံတော်ပိုင် ပုံသေပိုင်ပစ္စည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်အရ ကာလပေါက်ဈေးဖြင့် တန်ဖိုးတွက်ချက်သတ်မှတ်၍ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအဖြစ် ဖော်ပြထားရမည်။

၂၀။ ပုဒ်မ ၁၉ အရ အဖွဲ့က လွှဲပြောင်းရယူခဲ့သော အရပ်ရပ်တန်ဖိုးများကို အဖွဲ့တွင် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးအဖြစ် သတ်မှတ်ရမည်။ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအပေါ် ကျသင့်အမြတ်ဝေစုကို နိုင်ငံတော်သို့ ခွဲဝေပေးရမည်။

၂၁။ အဖွဲ့သည် ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်း အရအသုံးငွေများကို ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ သီးခြားဖော်ပြ၍ ထည့်သွင်းရေးဆွဲရမည်။

၂၂။ အဖွဲ့သည် သင့်လျော်သောဘဏ်တွင် မြန်မာကျပ်ငွေနှင့် နိုင်ငံခြားသုံးငွေများကို သီးခြားစီ စာရင်းဖွင့်လှစ်ထားရှိ သုံးစွဲခွင့်ရှိသည်။

၂၃။ အဖွဲ့ပိုင် ရန်ပုံငွေများကို စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၄။ ဝန်ကြီးဌာနသည်-

(က) အဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသော ဝန်ထမ်းများကို မိမိလက်အောက်ရှိ သင့်လျော်သည့် ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ လွှဲပြောင်းပေးရမည်။

(ခ) အဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ကရုဏာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်၊ အငြိမ်းစားယူမှုဆိုင်ရာ ကိစ္စရပ်များကို ယင်းတို့ တာဝန်ထမ်းဆောင်ခဲ့သော အချိန်ကာလအတိုင်း တွက်ချက်၍ ခွင့်ပြုပေးရမည်။

၂၅။ စီမံခန့်ခွဲရေးအဖွဲ့သည်-

(က) အဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ယင်းတို့ခံစားခွင့်ရှိသော လစာ၊ စရိတ်၊ ကရုဏာကြေး၊ နစ်နာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်နှင့် အငြိမ်းစားယူမှုဆိုင်ရာ ကိစ္စရပ်များကို ယင်းတို့ စတင်ပြောင်းရွှေ့သည့်နေ့ရက်မှစ၍ အချိန်ကာလတွက်ချက်ပြီး ခံစားခွင့်ပြုရမည်။

(ခ) ဝန်ထမ်းများအတွက် ပင်စင်ရန်ပုံငွေကို သီးခြားထားရှိရမည်။

၂၆။ အဖွဲ့သည် စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါရန်ပုံငွေများကိုထားရှိရမည်-

(က) ဆုကြေးရန်ပုံငွေ၊

(ခ) သက်သာချောင်ချိရေး ရန်ပုံငွေ၊

(ဂ) ဖွံ့ဖြိုးမှုရန်ပုံငွေ၊

(ဃ) တန်ဖိုးလျော့ရန်ပုံငွေ၊

(င) လျှည့်ပတ်ရန်ပုံငွေ၊

(စ) အခြားလိုအပ်သောရန်ပုံငွေ။

၂၇။ အဖွဲ့သည် သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ရရှိရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တည်ဆဲဥပဒေများနှင့်အညီ လျှောက်ထားနိုင်သည်။

၂၈။ အဖွဲ့သည် အောက်ပါစာရင်းများကို စီမံခန့်ခွဲရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်-

(က) ဝန်ထမ်းအင်အားစာရင်း၊

(ခ) ငွေသားအခြေအနေ၊

(ဂ) ကုန်ပစ္စည်းထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့်စာရင်း၊

(ဃ) အရှုံး၊ အမြတ်စာရင်း၊

(င) လက်ကျန်ရှင်းတမ်း။

၂၉။ အဖွဲ့သည် ဝန်ကြီးဌာနအောက်ရှိ စီးပွားရေး အဖွဲ့အစည်းများအကြား ငွေကြေးဆိုင်ရာ အပြန်အလှန် အကူအညီပေးခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၃၀။ အဖွဲ့တွင် ထိရောက်သည့် စစ်ဆေးကြပ်မတ်မှုရှိစေရန် ဌာနတွင်း စာရင်းစစ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၁။ အဖွဲ့သည် လုပ်ငန်းနှင့်စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သို့မဟုတ် မြန်မာနိုင်ငံ စာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော စာရင်းစစ်အဖွဲ့ သို့မဟုတ် နိုင်ငံတကာအသိအမှတ်ပြု စာရင်းစစ်အဖွဲ့၏ စစ်ဆေးမှု ခံယူရမည်။

### အခန်း(၈)
### ဆုကြေးငွေချီးမြှင့်ခြင်း

၃၂။ အဖွဲ့သည် မိမိ၏ စီမံကိန်း လျာထားချက်အတိုင်း အကောင်အထည်ဖော်ရာ၌ သတ်မှတ်ထားသော လုပ်ငန်းကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးအတိုင်းသော်လည်းကောင်း၊ ယင်းအချိုးထက် ပိုမိုကောင်းမွန်သော အချိုးအတိုင်းသော်လည်းကောင်း ဆုကြေးငွေချီးမြှင့်ပိုင်ခွင့်ရှိသည်။

၃၃။ ပုဒ်မ ၃၂ အရ ဆုကြေးငွေ ချီးမြှင့်ရာတွင် ဆုကြေးရန်ပုံငွေထဲမှ သတ်မှတ်ထားသော ရာခိုင်နှုန်းအချိုးအရ ဝန်ထမ်းများကို ဆုကြေးများခွဲဝေသတ်မှတ်ပေးပြီးနောက် ကျန်ရှိသော ဆုကြေးရန်ပုံငွေထဲမှ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အလိုက်သော်လည်းကောင်း အောက်ပါ အခြေခံမူများအပေါ် မူတည်၍ စွမ်းဆောင်ရည်မြင့်မားမှုဆုကြေးများ ထပ်မံချီးမြှင့်နိုင်သည်-

(က) သတ်မှတ်ထားသော စံနှုန်းထက်တိုး၍ ထုတ်လုပ်ဆောင်ရွက်နိုင်ခြင်း၊ ဝန်ဆောင်မှု ပေးနိုင်ခြင်း၊

(ခ) ထုတ်လုပ်မှု၊ ဝန်ဆောင်မှု နည်းစနစ်သစ်များတီထွင်နိုင်ခြင်း၊

(ဂ) တီထွင်ထုတ်လုပ်နိုင်မှုရှိခြင်း၊ ထုတ်လုပ်သည့် ကုန်ပစ္စည်း အရည်အသွေး စံချိန်မီခြင်း၊

(ဃ) ကုန်ကြမ်းသုံးစွဲမှု စံသတ်မှတ်ချက်များနှင့်အညီ စနစ်တကျ သုံးစွဲနိုင်ခြင်း၊

(င) လေလွင့်၊ ပျက်စီး၊ ဆုံးရှုံးမှုလျော့နည်းခြင်း။

၃၄။ ဝန်ထမ်းများသည် သီးခြားတာဝန်ပေးခြင်းအရ ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ရပ်အတွက် ချီးမြှင့်ငွေ သို့မဟုတ် အခကြေးငွေကို သက်ဆိုင်ရာ စည်းကမ်းများနှင့်အညီ ခံစားခွင့်ရှိသည်။

### အခန်း(၉)
### တားမြစ်ချက်များ

၃၅။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ခုခုကိုမပြုရ -

(က) ရေယာဉ်ခပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့် အသုံးပြုပြီး လက်မှတ်ဟောင်းကို သုံးစွဲ၍ဖြစ်စေ၊ ရေယာဉ်ခ ကြိုတင်ပေးဆောင်ခြင်းမပြုဘဲ ဖြစ်စေ အဖွဲ့ပိုင်ရေယာဉ်တွင် စီးနင်းလိုက်ပါခြင်း သို့မဟုတ် စီးနင်းလိုက်ပါရန် အားထုတ်ခြင်း၊

(ခ) အဖွဲ့ပိုင်ရေယာဉ်တွင် ခရီးတစ်ခုအတွက် လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါပြီးနောက် အဆိုပါခရီးကို ကျော်လွန်ကြောင်း သိလျက်နှင့် နောက်ထပ် ရေယာဉ်ခကြိုတင်ပေးဆောင်ခြင်း မပြုဘဲ တမင်ဆက်လက် စီးနင်းလိုက်ပါခြင်း သို့မဟုတ် စီးနင်းလိုက်ပါရန် အားထုတ်ခြင်း၊

(ဂ) အဖွဲ့ပိုင်ရေယာဉ်တွင် ခရီးတစ်ခုအတွက် လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါပြီးနောက် အဆိုပါခရီးသို့ ရောက်ရှိကြောင်း သိလျက်နှင့် ရေယာဉ်မှထွက်ခွာရန် တမင်ပျက်ကွက်ခြင်း သို့မဟုတ် ငြင်းဆန်ခြင်း၊

(ဃ) မိမိနှင့်အတူ ယူဆောင်လာသော ပစ္စည်းများအတွက် တန်ဆာခပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့် ကျသင့်သော တန်ဆာခကို လုံးဝပေးဆောင်ခြင်းမပြုဘဲ သို့မဟုတ် အပြည့်အဝ ပေးဆောင်ခြင်းမပြုဘဲ အဖွဲ့ပိုင်ရေယာဉ်တွင် မိမိနှင့်အတူ ပစ္စည်းများသယ်ဆောင်ခြင်း သို့မဟုတ် တင်ဆောင်ရန် အားထုတ်ခြင်း၊

(င) အမှန်တကယ် ကျသင့်သောရေယာဉ်ခကို ပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့် အဖွဲ့ပိုင်ရေယာဉ်တွင် ရေယာဉ်နေရာအဆင့်အတန်း တစ်ခုအတွက် ရေယာဉ်ခ ပေးဆောင်လျက် ထိုနေရာ အဆင့်အတန်းထက်မြင့်သော သီးသန့်နေရာတွင် သို့မဟုတ် အခန်းတွင် စီးနင်းလိုက်ပါခြင်း၊

(စ) အဖွဲ့ပိုင်ရေယာဉ်တွင် စီးနင်းလိုက်ပါလျက် ရေယာဉ်လက်မှတ် မဝယ်ယူခြင်း သို့မဟုတ် ရေယာဉ်၏ အရာထမ်း၊ အမှုထမ်းများက ရေယာဉ်လက်မှတ်ထုတ်ပြရန် တောင်းဆိုသည့် အခါ ရေယာဉ်လက်မှတ် ထုတ်ပြရန်ပျက်ကွက်ခြင်း၊

(ဆ) အဖွဲ့ပိုင်ရေယာဉ်တွင် စီးနင်းလိုက်ပါသောသူတစ်ဦးအတွက် ကျသင့်သောရေယာဉ်ခကို ပေးဆောင်ခြင်းမှ ကင်းလွတ်စေရန် ရည်ရွယ်ချက်ဖြင့် လက်မှတ်စစ်ကို လိမ်လည် ပြသနိုင်စေခြင်းအလို့ငှာ မိမိ၏လက်မှတ်ကို ထိုသူအား လွှဲပြောင်းပေးခြင်း၊

(ဇ) ကုန်တင်ခပေးဆောင်ခြင်းမှ လုံးဝကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကုန်တင်ခ အပြည့်ပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ အဖွဲ့ပိုင်ရေယာဉ်ပေါ်တွင် တရားမဝင်သောနည်းလမ်းဖြင့် ကုန်ပစ္စည်းများ တင်ဆောင်ခြင်း သို့မဟုတ် တင်ဆောင်ရန် အားထုတ်ခြင်း၊

(ဈ) အဖွဲ့ပိုင်ရေယာဉ်ပေါ်တွင် ခရီးသည်အတွက် နေရာကို တစ်နည်းနည်းဖြင့် ရယူလျက် ထိုနေရာကို အဖိုးအခဖြင့် ရောင်းချခြင်း သို့မဟုတ် ရောင်းရန်အားထုတ်ခြင်း သို့မဟုတ် လူစီးလက်မှတ်ကို အကျိုးအမြတ်ရယူ၍ တစ်ဆင့် ပြန်လည်ရောင်းချခြင်း၊

(ည) အဖွဲ့ပိုင်ရေယာဉ်ပေါ်ရှိ ရေယာဉ်သုံးပစ္စည်းကိုဖြစ်စေ၊ ရေယာဉ်အစိတ်အပိုင်းကိုဖြစ်စေ ဖျက်ဆီးခြင်း၊ မရိုးမဖြောင့်သောသဘောဖြင့် ရယူခြင်း သို့မဟုတ် ယင်းသို့ ဖျက်ဆီးရန်၊ ရယူရန် အားထုတ်ခြင်း၊

(ဋ) အဖွဲ့ပိုင်ရေယာဉ်တွင် အသုံးပြုသော ခရီးသည်လက်မှတ်များကိုဖြစ်စေ၊ တန်ဆာ လက်မှတ်များကိုဖြစ်စေ၊ အခြားသောလက်မှတ် သို့မဟုတ် ပုံစံများကိုဖြစ်စေ အတုပြုလုပ်ခြင်း၊ အတုပြုလုပ်ရန် အားထုတ်ခြင်း သို့မဟုတ် အဆိုပါလက်မှတ်အတုများကိုဖြစ်စေ၊ ပုံစံများကိုဖြစ်စေ ထိန်းသိမ်းထားခြင်း သို့မဟုတ် ရောင်းဝယ်ခြင်း။

### အခန်း(၁၀)
### ပြစ်ဒဏ်များ

၃၆။ မည်သူမဆို-

(က) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ) နှင့် (ဈ) တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်နှစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းထိ ငွေဒဏ်ချမှတ်ရမည်။

(ခ) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ည) ပါ တားမြစ်ချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဂ) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ဋ) ပါ တားမြစ်ချက်များကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

### အခန်း(၁၁)
### အထွေထွေ

၃၇။ အဖွဲ့ပိုင် ရေယာဉ်ကို တပ်မတော်က ဌားရမ်းအသုံးပြုရာတွင် ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ တန်းပြည့် စစ်မှုထမ်းချိန်ဟူ၍ သတ်မှတ်ထားသည့်ကာလအတွင်း အသုံးပြုသည့်ရေယာဉ်များ ပျက်စီးခြင်း သို့မဟုတ် နစ်မြုပ်ခြင်းသည် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်ခြင်း မဟုတ်လျှင် စတင်ရယူအသုံးပြုစဉ်က အခြေအနေအတိုင်း ပြန်လည်အပ်နှံရမည် သို့မဟုတ် ရေယာဉ်၏ ကာလတန်ဖိုးအတိုင်း ပေးလျော်ရမည်။

၃၈။ ဤဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (ည) နှင့် (ဋ) တို့အရ ကျူးလွန်သောပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၃၉။ အဖွဲ့နှင့်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၏အရာထမ်း၊ အမှုထမ်းအားလုံးသည် ဤဥပဒေအရ ပေးအပ်သော တာဝန်ကို ထမ်းဆောင်ချိန်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် အဖွဲ့တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၁။ ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေ (၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မြောက်မုန်းမြောင်းမကြီးကျိုးပေါက်မှုကြောင့် ရေနစ်မြုပ်ခဲ့သည့် လယ်မြေများအတွက် ထောက်ပံ့ငွေပေးအပ်

**မကွေး ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မြောက်မုန်းမြောင်းမကြီး ကျိုးပေါက်မှုကြောင့် မိုးစပါးစိုက်ဧကများ ရေနစ်မြုပ်ခဲ့သည့် တောင်သူ ၁၃၁ ဦးအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၄ ရက် နံနက် ၈ နာရီခွဲက ပွင့်ဖြူမြို့ ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်နိုင် တက်ရောက် အမှာစကားပြောကြားပြီး ထောက်ပံ့ငွေများကို တောင်သူတစ်ဦးချင်းစီသို့ ပေးအပ်သည်။

အဆိုပါ ထောက်ပံ့ငွေပေးအပ်မှုတွင် ရေနစ်မြုပ်ခဲ့ပြီး ပျက်စီးဧက တစ်ဧကလျှင် ငွေကျပ် လေးသိန်း၊ ထိခိုက်ဧက တစ်ဧကလျှင် ငွေကျပ် သုံး သိန်းနှုန်းဖြင့် ငွေကျပ် ခုနစ်ရာတစ်ဆယ့်သုံးသိန်းသုံးသောင်းတစ်ထောင် ဖြစ်သည်။

ယင်းသို့ ထောက်ပံ့ပေးအပ်ခဲ့မှုကြောင့် ရေနစ်မြုပ်ခဲ့ပြီး ပျက်စီးထိခိုက်ခဲ့ရသည့် တောင်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

# ယာဉ်စည်းကမ်း ရှင်းလင်းပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ် ကင်းရှင်းရေး၊ ကျောင်းများတွင် ယာဉ်ကြောပိတ်ဆို့မှု လျော့ပါးရေးအတွက် ကျောင်းကား(ယာဉ်ပိုင်ရှင်/ယာဉ်မောင်း)နှင့် ကိုယ်ပိုင်ယာဉ်များဖြင့် ကျောင်းပို့သူ မိဘများအား ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီ မထသ (ဗဟို) ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေး ဆပ်ကော်မတီက ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၅ ရက်တွင် အထက(၁)ဒဂုံ၊ ဒီဇင်ဘာ ၈ ရက်တွင် အထက(၂) ကမာရွတ်၊ ဒီဇင်ဘာ ၉ ရက်တွင် အထက(၂)လသာ၊ ဒီဇင်ဘာ ၁၀ ရက်တွင် သုဝဏ္ဏ အထက၊ ဒီဇင်ဘာ ၁၁ ရက်တွင် အထက(၂) ဗဟန်း၊ ဒီဇင်ဘာ ၁၂ ရက်တွင် အထက(၁) အင်းစိန်၊ ဒီဇင်ဘာ ၁၅ ရက်တွင် အထက(၂) ရန်ကင်းနှင့် ဒီဇင်ဘာ ၁၆ ရက်တွင် အထက(၄)အလုံ ကျောင်းတို့၌ ရှင်းလင်းဆွေးနွေးမည်ဖြစ်ကြောင်း မထသ(ဗဟို) ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေးဆပ်ကော်မတီ၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုချစ်**



# သာကေတမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၆/အရှေ့ရပ်ကွက်တွင် ဒီဇင်ဘာ ၁ ရက်က မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် သာကေတမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးမင်းနောင်နှင့် ဝန်ထမ်းများကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးပြီး တိုက်နယ်မှူး ဒေါ်ဝါဝါလွင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်နိုင်တို့က မိဘပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(၀၂၀)**

# ရှမ်းစာပေနှင့် ယဉ်ကျေးမှု နှစ်ဦးကောက်သစ်စားဖွင့်ပွဲ

**ဒေါ့ဖုန်းယန် ဒီဇင်ဘာ ၆**

ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့နယ်ခွဲ မိုးလဲဒေသအတွင်းရှိ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ကြီးမှူးကျင်းပသော ရှမ်းနှစ်ဦးကောက်သစ်စားပွဲဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂ ရက် ညနေ ၃ နာရီခွဲက ဖာကေကျေးရွာ ဓမ္မာရုံဝင်း၌ ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ညီညီဆွေနှင့် ခေတ္တမြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးအောင်အောင်၊ ဖာကေကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအိုက်လင်း၊ ရှမ်းရိုးရာအဖွဲ့ နာယက ဦးခိုပေါင်းနှင့် ရှမ်းစာပေနှင့်ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌ ဦးအောင်ထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ရှမ်းရိုးရာအိုးစည်အကများဖြင့် ဗိုလ်မှူးကြီးညီညီဆွေနှင့်အတူ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူပျို၊ အပျိုများ စည်ကားသိုက်မြိုက်စွာ ဝိုင်းဖွဲ့၍ကကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# မိုးပွင့်အဆင့်(၇) နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**ဟုမ္မလင်း ဒီဇင်ဘာ ၆**

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဟုမ္မလင်းမြို့နယ်ဦးစီးဌာနမှူးရုံးမှ မိုးပွင့်အဆင့်(၇)စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာအုပ်စု နားနုံးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံသာသနာအောင်ကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေး၊ ခန္တီးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဟံရွှေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်၊ မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်ထူးတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ကျင်းပ

**ဟသ်ာတ ဒီဇင်ဘာ ၆**

၂၀၁၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက ဟသ်ာတခရိုင် ဟသ်ာတမြို့ ပြည်သူ့ဆေးရုံကြီးဝင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဟသ်ာတခရိုင် အုပ်ချုပ်ရေးမှူး ဦးစန်းငွေက အမှာစကားပြောကြားပြီး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာတိုးတိုးက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ၂၀၁၄ ဆောင်ပုဒ်အဓိပ္ပာယ်၊ စီမံချက်လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ဒုတိယခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးအေးညွန့်က ART နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အထိမ်းအမှတ်ပြိုင်ပွဲ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**အေးထွန်း(ဟသ်ာတ)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းကြီးကြပ်မှုဖြင့် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ အင်းရှည်ရွာအနီးတွင် အကောင်အထည်ဖော်တည်ဆောက်မည့် ကော့စတစ်ဆိုဒါစက်ရုံ(သထုံ)၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြစ်ရေတင်ခြင်းလုပ်ငန်း (Water Supply) အား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၅-၁၂-၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး ၅-၁-၂၀၁၅ ရက် နောက်ဆုံးထား၍ စက်မှုဝန်ကြီးဌာန၊ နေပြည်တော် ရုံးအမှတ်(၃၇)၊ ဒုတိယဝန်ကြီး(ရုံးခန်း)သို့ တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း (ရုံးချုပ်)၊ ရုံးအမှတ် (၄၁)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၄၅၊ ၀၆၇-၄၀၈၁၃၂၊ ၀၉-၅၁၃၅၉၁၀၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာ အကျိုးအမြတ်ရရှိသော တိုက်ခန်းကို ကန်ထရိုက်တာထံမှ အဆင့်ဆင့်ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့် စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| | ကန်ထရိုက်တာဦးမြင့်သိန်း ၁၂/ပဘတ(နိုင်)၀၂၁၉၈၉(မှ) ဒေါ်မြင့်မြင့်ဆွေ ၁၂/ပဘတ(နိုင်)၀၁၈၇၅၂(မှ) | ဒေါ်မိုင်မွန်ဘီဘီ(ခ)ဒေါ်လုရီ ၁၂/ပဘတ(နိုင်)၀၂၁၉၅၂ | တိုက်အမှတ်(၄၉)၊ အခန်းအမှတ်(ဖလွှာ) ဝဲစွန်(၂၅)လမ်း၊ ပန်းဘဲတန်းမြို့နယ် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

## စစ်တွေစက်မှုရပ်ကွက်တွင် မြေပိုင်ဆိုင်သူများ ဆက်သွယ်ရန် အကြောင်းကြားခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့ စစ်တွေစက်မှုရပ်ကွက်(ဆတ်ရိုးကျ)ရှိ ယခင်မြေကွက်ရရှိထားသူများနှင့်မြေကွက်ရရှိပြီးသော လုပ်ငန်းရှင်များအနေဖြင့် အမြန်ဆုံးသတင်းပေးပို့ဆက်သွယ်သွားရန်နှင့် လုပ်ငန်းလုပ်ကိုင်ခြင်း မရှိသောသူများသည် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၆၀)၊ ၃၁-၁-၂၀၁၅ရက် နောက်ဆုံးထားပြီး မိမိပိုင်ဆိုင်သော အထောက်အထားနှင့်အတူ စစ်တွေစက်မှုရပ်ကွက် တည်ထောင်ရေးကော်မတီ ရခိုင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူးရုံး (တက္ကသိုလ်ရိပ်သာလမ်း၊ ဆရာမများလေးထပ်ဆောင်ရှေ့) စစ်တွေမြို့သို့ ရုံးချိန်အတွင်း ဆက်သွယ်အကြောင်းကြားရန်နှင့် ဆက်သွယ်ခြင်းမရှိသော မြေကွက်ပိုင်ရှင်များအားစစ်တွေစက်မှုလက်မှုရပ်ကွက် တည်ထောင်ရေးကော်မတီမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**စုံစမ်းရန်ဖုန်း**
**စစ်တွေစက်မှုရပ်ကွက်တည်ထောင်ရေးကော်မတီဥက္ကဋ္ဌ**
**ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးရုံး၊ ဖုန်း-၀၄၃-၂၂၆၆၁**
**အတွင်းရေးမှူး၊ စစ်တွေစက်မှုရပ်ကွက်တည်ထောင်ရေးကော်မတီ**
**ရခိုင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှူးရုံး**
**ဖုန်း-၀၄၃-၂၃၇၄၂၊ ၀၄၃-၂၃၇၉၃**

## ပုသိမ်မြေကွက်ရောင်းရန်

ပုသိမ်မြို့၊ ၁၃ရပ်ကွက်၊ ၅၂ စီးပွားဇုန်၊ ဂရန်မြေ (၂)ကွက်တွဲ (နေရာကောင်း) ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၄၇၉၃၉၊ ၀၉-၂၅၃၀၇၃၀၂၆၊ ၀၁-၆၁၁၆၂၄**

**ကျေးဇူးဆပ်**

ကျွန်တော်သန့်ဇင်အောင် သင်္ဘောသား CDC-40394၏ EDH လက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဖုန်း-၀၉-၅၄၁၁၈၈၃**

**ဦးအောင်သန်း-ဒေါ်ငွေငွေမိသားစု**
**ဒေါက်တာစည်သူအောင်** B.V.Sc, M.V.Sc, PGD in English, Ph D (Candidate)
**ဦးစီးသင်ကြားသော "စွမ်းအား"**
**ရန်ကုန်ကျောင်းခွဲဖွင့်ပြီ** **ရာထူးဝင်ခွင့်သင်တန်းနှင့် အင်္ဂလိပ်စာသင်တန်း**

- ပို့ဆောင်ရေး၊ ဘဏ္ဍာရေး၊ ဗဟိုဘဏ်၊ အားကစား၊ ဆည်မြောင်း၊ အမျိုးသားစီမံကိန်း၊ အလုပ်သမား၊ လူမှုဝန်ထမ်း (၆/၂၀၁၅ ဖြေဆိုမည့် ရာထူးများအားလုံး)
- ထွေအုပ်/လူကယ်ပြန် ဒု-ဦးစီးရာထူးများ

**၃-၁-၂၀၁၅ ရက်စမည်။ အပတ်စဉ် စနေ၊ တနင်္ဂနွေ**

သင်တန်း(၁) အမှတ် ၄၆၀၊ ဗိုလ်လက်ျာလမ်းနှင့် ဘုရားလမ်းထောင့် ရန်အောင် (၁)ရပ်ကွက်၊ ပျဉ်းမနား၊ နေပြည်တော်၊ ဖုန်း-၀၆၇-၂၁၆၁၄၊ ၂၃၆၉၄၊ ၀၉-၈၃၀၂၀၀၉
သင်တန်း(၂) အမှတ်၄၃၅၊ 3B(တတိယလွှာ)၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ ဆင်မလိုက်မှတ်တိုင်အနီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၁-၅၈၀၃၉၁၊ ၀၉-၄၉၃၂၃၃၁၁၊ ၃၃၇၆၃၆၇၇

## ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက် အမှတ်(၁၃၂) အမည်ပေါက် ဦးထွန်းမြင့်၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးကျော်စိုး ၁၂/သလန(နိုင်)၀၅၃၉၄၆ မှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးပါရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)**
**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက် အမှတ်(၇၆၁)၊ အမည်ပေါက် ဦးမာဒီး ၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးကြည်ဝင်း ၁၂/ကတန(နိုင်)၀၇၄၆၁၁ မှ မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး ငွေသွင်းချလန်(မူရင်း) ပျောက်ဆုံးသွားပါ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းအထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးပါရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

# ရန်ကုန်မြို့တွင် ရေလေလွင့်မှုလျှော့ကျရေး ဂျပန်နှင့်ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ရန်ကုန် ၆**

စီးပွားရေးမြို့တော် ရန်ကုန်တွင် နေထိုင်သော ပြည်သူများအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက သောက်သုံးရေများ နေ့စဉ်ဖြန့်ဖြူးပေးလျက်ရှိသည်။ နေ့စဉ်ဖြန့်ဖြူးပေးနေသော သောက်သုံးရေများမှာ လေလွင့်ဆုံးရှုံးမှုများ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လျက်ရှိရာ ရေများလေလွင့်ဆုံးရှုံးမှု လျှော့ကျရေးစီမံချက်ကို ဆောင်ရွက်နေပြီဖြစ်သည်။



“ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနဲ့ ဂျပန်နိုင်ငံ တိုကျိုရေနဲ့ အင်ဂျင်နီယာရင်းကော်ပိုရေးရှင်းတို့ပူးပေါင်းပြီး ရေများလေလွင့်ဆုံးရှုံးမှုလျှော့ကျရေး စီမံချက်ကို လာမယ့်မတ်လအထိ ဆောင်ရွက်နေပါတယ်”ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေများလေလွင့်ဆုံးရှုံးမှုလျှော့ကျရေးစီမံချက်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း မြို့နယ်များအနက် မရမ်းကုန်းမြို့နယ်၌ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အကောင်အထည်ဖော်လုပ်ဆောင်မှုကို ၂၀၁၅ ခုနှစ် မတ်လကုန်အထိ ဆောင်ရွက်ရန် သဘောတူစာချုပ် ချုပ်ဆိုထားသည်။

စီမံချက်ကို အကောင်အထည်ဖော်ရာတွင် ၂၀၁၄ ခုနှစ် အောက်တိုဘာလမှ စတင်ခြင်းဖြစ်ပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေမီတာများတပ်ဆင်ခြင်း၊ ရေမီတာမတပ်ဆင်ရသေးသည့် အိမ်များကို ရေမီတာပြန်လည် တပ်ဆင်ပေးခြင်း၊ ရေပန့်များတပ်ဆင်ပေးခြင်း၊ ရေပိုက်များပေါက်ခြင်း၊ ရေစိမ့်ခြင်းနှင့် ရေယိုမှုများကို ပြန်လည်ပြုပြင်ပေးခြင်း၊ ရေပိုက်နှင့် ရေပိုက်လိုင်းပြောင်းတာတွေကို တပ်ဆင်ပေးခြင်းလုပ်ငန်းတွေ လုပ်ဆောင်သွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံတွင်လည်း ယခင်က ရေပေးဝေမှုစနစ်များ အားနည်းမှုကြောင့် ရေလေလွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် အတွေ့အကြုံများ၊ သင်ခန်းစာများရရှိခဲ့ရာ ယခုအခါ နည်းစနစ်မှန်မှန်ဖြင့် ရန်ကုန်မြို့တွင် ရေပေးဝေမှုလေလွင့်ဆုံးရှုံးမှုမရှိစေရန် ကြိုးစားသွားမည်ဖြစ်သည်။

ရန်ကုန်မြို့တွင် စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့နေပြည်သူများအား တစ်ရက်လျှင် ရေဂါလန် သန်း ၂၀၀ ကျော် ဖြန့်ဖြူးပေးလျက်ရှိသည်။ ထိုသို့ ရေဖြန့်ဖြူးမှု တစ်နေ့တာတွင် ရန်ကုန်မြို့နေပြည်သူများ၏ ၆၀ ရာခိုင်နှုန်းသာ သောက်သုံးရေကို ဖြန့်ဖြူးပေးနိုင်လျက်ရှိသည်။

ရန်ကုန်မြို့နေပြည်သူများအတွက် သောက်သုံးရေဖြန့်ဖြူးမှုစနစ်တွင် ရေများလေလွင့်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

**သတင်း–ဝေယံဦး**
**ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)**

## သတင်းတိုများ

### တမူးနယ်စပ်ကုန်သွယ်မှု မြှင့်တင်ရေးဆွေးနွေး

မြန်မာ-အိန္ဒိယ တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေးပွဲကို တမူးမြို့ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တမူးနယ်စပ်ကုန်သွယ်ရေးစခန်း အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၃၁ ရက်က ကျင်းပခဲ့ရာ ကုန်သွယ်ရေးစခန်း တာဝန်ခံညွှန်ကြားရေးမှူး ဦးနေထက်မင်းနှင့် တာဝန်ရှိသူများ၊ ကုန်သည်ကြီးများက ကုန်သွယ်မှု မူဝါဒဆိုင်ရာများ၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် ဆောင်ရွက်ရန်များ စသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဝင်းနိုင်(တမူး)**

### AIDS ရောဂါတိုက်ဖျက်ရေးနေ့ သန်လျင်၌ကျင်းပ

ရန်ကုန်တောင်ပိုင်းခရိုင် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၄ ရက်က သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးက အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမာလာစိုးက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ စာစီစာကုံး၊ ပန်းချီ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများတွင် ဆုရရှိသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦး၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကေသီခိုင်နှင့် သန်လျင်အထွေထွေဆေးရုံအုပ်ကြီး ဒေါက်တာချိုချိုလွင်တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **သန်းဝင်း(သန်လျင်)**

### မြေပဲစိုက်ပျိုးရေးသရုပ်ပြရှင်းလင်း

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပတ်လည်ကြီးအုပ်စု ပျဉ်းချောင်းကျေးရွာရှိ မြေပဲစံပြစိုက်ခင်း၌ ဗီယက်နမ်မြေပဲစိုက်ပျိုးရေး သရုပ်ပြရှင်းလင်းပွဲကို ဒီဇင်ဘာ ၄ ရက်က ကျင်းပခဲ့ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးထွန်းမြင့်က အထွက်နှုန်းကောင်းသည့်မျိုးကောင်းမျိုးသန့်များရွေးချယ်၍ သိပ္ပံနည်းကျစိုက်ပျိုးရေး၊ လူနှင့်လူ့ပတ်ဝန်းကျင် အန္တရာယ်ဖြစ်စေသည့် ပိုးသတ်ဆေးများမသုံးစွဲရေး၊ သဘာဝဓာတ်မြေဩဇာများသုံးစွဲရေးတို့ကို ရှင်းလင်းပြောကြားပြီး မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုပုံကို တောင်သူများအား လက်တွေ့သရုပ်ပြသခဲ့သည်။

**နိုင်ဝင်း**

# တက္ကသိုလ်တက်ရောက်မည့်သူများ ပညာသင်ဆုများလျှောက်ထားနိုင်ကြောင်း မြန်အောင်မြို့နယ် ရပ်ကွက်၊ ကျေးရွာများတွင်ကြေညာ

**မြန်အောင် ရန်ကုန် ၆**

တက္ကသိုလ်များသို့ ပထမနှစ်သင်တန်းတက်ရောက်မည့်သူများအနေဖြင့် တက္ကသိုလ်ပညာသင်ဆုများ လျှောက်ထားနိုင်ကြောင်း ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၉ အုပ်စုတွင် ဒီဇင်ဘာ ၃ ရက်မှစ၍ တစ်ပြိုင်တည်း ကြေညာထားကြောင်း သိရသည်။

တက္ကသိုလ်ပညာသင်ဆုများဖြစ်သော ဦးတင်မောင် တက္ကသိုလ်ပညာသင်ဆု၊ ပညာပါရမီ ဧရာဝတီပညာသင်ဆုနှင့် ဧရာဝတီဖောင်ဒေးရှင်း ပညာသင်ဆုတို့ကို လျှောက်ထားနိုင်ရန် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများသို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးက ညွှန်ကြားစာများ ထုတ်ပေးခဲ့ကြောင်းနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက လမ်းအလိုက် (၁၀)အိမ်မှူးများမှတစ်ဆင့် အကြောင်းကြားခြင်း၊ ရပ်ကွက်အတွင်း အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာခြင်းနှင့် ကျေးရွာများအတွင်း ရပ်ကွက်လူကြီးများမှတစ်ဆင့် အသိပေးပြောကြားခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း မြန်အောင်မြို့နယ် အမှတ်(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောသည်။

“ပညာသင်ဆုလျှောက်ထားဖို့ အခုအချိန်အထိတော့ မေးသူမရှိသေးပါဘူး။ ရပ်ကွက်ထဲမှာ တက္ကသိုလ်ကို နေ့ကျောင်းတက်မယ့်ကလေးက တစ်ယောက်နှစ်ယောက်လောက်ပဲရှိတယ်။ ကျန်တဲ့ကလေးတွေက အဝေးသင်ပဲယူကြမှာပါ။ တက္ကသိုလ်နေ့ကျောင်းတက်မယ့်ကလေးတွေကို ကျွန်တော်တို့ အကြောင်းကြားထားပါတယ်”ဟု အမှတ်(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောသည်။

မြန်အောင်မြို့နယ်တွင် ယခုနှစ်ပညာသင်နှစ်တွင် မနှစ်ကထက် အောင်ချက်ရာခိုင်နှုန်းမြင့်မားခဲ့သဖြင့် တက္ကသိုလ်ပညာသင်ဆု လျှောက်ထားသူဦးရေများနိုင်ကြောင်းလည်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအချို့က ပြောသည်။ ယခုနှစ်ဂုဏ်ထူးရသူဦးရေမှာ ၄၄၇ ဦးရှိသဖြင့် တက္ကသိုလ်ပညာရေးကို ဆက်လက်သင်ယူမည့်သူဦးရေများနိုင်ကြောင်းနှင့် ပညာသင်ဆုလျှောက်လွှာများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ထုတ်ယူပြီး လျှောက်ထားနိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံမှ သိရသည်။

**နေဝင်းဇော်(မြန်အောင်)**


## ပဲခူးတက္ကသိုလ်
## တတိယအကြိမ် ဘွဲ့နှင်းသဘင်အစီအစဉ်ကြေညာခြင်း

၁။ ပဲခူးတက္ကသိုလ်၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံ (ရိုးရိုးဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ (ဂုဏ်ထူးဘွဲ့)နှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံ(မဟာဘွဲ့)တို့တွင် အောက်ဖော်ပြပါ ဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများအတွက် တတိယအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**တတိယအကြိမ်ဘွဲ့နှင်းသဘင်** **၁၀-၁-၂၀၁၅ ရက် (စနေနေ့) (ပထမနေ့)**

**(က) နံနက်ပိုင်းအစီအစဉ် နံနက် ၉:၀၀နာရီ**

| | |
|---|---|
| မဟာသိပ္ပံဘွဲ့ | (သင်္ချာ၊ သတ္တဗေဒ) |
| သိပ္ပံဂုဏ်ထူးဘွဲ့ | (သင်္ချာ၊ သတ္တဗေဒ) |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | (သမိုင်း) |
| သိပ္ပံရိုးရိုးဘွဲ့ | (သင်္ချာ) |

**မွန်းလွဲပိုင်းအစီအစဉ် မွန်းလွဲ ၁:၀၀နာရီ**

| | |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | (သမိုင်း) |
| မဟာသိပ္ပံဘွဲ့ | (ရုက္ခဗေဒ) |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | (သမိုင်း) |
| သိပ္ပံဂုဏ်ထူးဘွဲ့ | (ရုက္ခဗေဒ) |
| သိပ္ပံရိုးရိုးဘွဲ့ | (သတ္တဗေဒ၊ ရုက္ခဗေဒ) |

**တတိယအကြိမ်ဘွဲ့နှင်းသဘင်** **၁၁-၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့) (ဒုတိယနေ့)**

**(က) နံနက်ပိုင်းအစီအစဉ် နံနက် ၉:၀၀နာရီ**

| | |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | (မြန်မာစာ) |
| မဟာသိပ္ပံဘွဲ့ | (ဓာတုဗေဒ၊ ရူပဗေဒ) |
| သိပ္ပံဂုဏ်ထူးဘွဲ့ | (ဓာတုဗေဒ) |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | (မြန်မာစာ) |
| သိပ္ပံရိုးရိုးဘွဲ့ | (ဓာတုဗေဒ) |

**မွန်းလွဲပိုင်းအစီအစဉ် မွန်းလွဲ ၁:၀၀နာရီ**

| | |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | (ပထဝီဝင်) |
| သိပ္ပံဂုဏ်ထူးဘွဲ့ | (ရူပဗေဒ) |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | (ပထဝီဝင်) |
| သိပ္ပံရိုးရိုးဘွဲ့ | (ရူပဗေဒ) |

**အစမ်းလေ့ကျင့်ရက်**

၈-၁-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၉:၀၀နာရီတစ်ကြိမ်၊ မွန်းလွဲ ၁:၀၀နာရီတွင် တစ်ကြိမ်ကျင်းပမည်။ အသေးစိတ်အစီအစဉ်ကို ပဲခူးတက္ကသိုလ် ကြော်ငြာသင်ပုန်းများတွင် ကပ်ထားပါမည်။

၂။ ဘွဲ့အသီးသီးသို့ တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရမည်။ (အဆိုပါ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)

၃။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို ၅-၁-၂၀၁၅ ရက် နံနက် ၉:၀၀နာရီမှစတင်၍ ပဲခူးတက္ကသိုလ် သင်တန်းရေးရာဌာနတွင် ထုတ်ပေးပါမည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပဲခူးတက္ကသိုလ်၊ သင်တန်းရေးရာဌာန ဖုန်း-၀၅၂-၃၀၀၀၂၊ ၀၅၂-၃၀၁၃၆ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**(မွန်နိုင်)**
**ဌာနမှူး-သင်တန်းရေးရာဌာန**
**ပဲခူးတက္ကသိုလ်**



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၃၃ဃ/၇၂၂၁ Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမောင် ၉/ပမန(နိုင်) ၀၉၁၉၀၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (နေပြည်တော်)**



**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ပေါင်မြို့နယ်၊ သဲအိမ်ကျေးရွာနေ မရတနာလင်း ၁၀/ပမန(နိုင်) ၁၉၂၄၀၂၏ဖခင်အမည်မှန်မှာ ဦးကြဲအောင်နှင့် ဦးကြာအောင် ၁၀/ပမန(နိုင်)၀၆၉၀၁၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကြာအောင်(ခ)ဦးကြဲအောင်**



## ဝန်ထမ်းအလိုရှိသည်

မြန်မာနိုင်ငံတွင် မီဒီယာလုပ်ငန်းနှင့် ကြော်ငြာလုပ်ငန်းကို လုပ်ဆောင်နေသောကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

Sales & Marketing Executive ကျား/မ (၂၀)ဦး

၁။ အစိုးရအသိအမှတ်ပြုဘွဲ့တစ်ခုရရှိထားသူဖြစ်ပြီး ကွန်ပျူတာအခြေခံ ကျွမ်းကျင်သူဖြစ်ရမည်။
၂။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိရမည်။
၃။ ကျန်းမာရေးကောင်းမွန်ရမည်။
၄။ အသက် (၂၅)နှစ်နှင့် (၂၇)နှစ်အတွင်း ဖြစ်ရမည်။
၅။ ကြော်ငြာလုပ်ငန်းနှင့် မီဒီယာလုပ်ငန်းကို စိတ်ဝင်စားသူဖြစ်ရမည်။
၆။ အလုပ်ချိန် နံနက် ၉နာရီမှ ညနေ ၅နာရီအထိဖြစ်ပြီး၊ တနင်္ဂနွေနှင့် အများပြည်သူရုံးပိတ်ရက်များကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပြီးလိုအပ်လျှင် နယ်ခရီးသွားနိုင်ရမည်။

လျှောက်ထားလိုသူများသည် ကွန်ပျူတာဖြင့် ရိုက်နှိပ်ထားသောကိုယ်ရေးအချက်အလက် အပြည့်အစုံ၊ (၆)လအတွင်း ရိုက်ထားသောလိုင်စင်ဓာတ်ပုံ (၂)ပုံ၊ ဘွဲ့လက်မှတ်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ အခြားကျွမ်းကျင်မှုသင်တန်းလက်မှတ်များနှင့်အတူ ၁၅-၁၂-၂၀၁၄ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။ လူတွေ့စစ်ဆေးသည့်ရက်တွင် လက်မှတ်များ၏ မူရင်းများယူလာရန် လိုအပ်သည်။

**မှတ်ချက်။** ။ မီဒီယာနှင့် ကြော်ငြာလုပ်ငန်းစိတ်ဝင်စားသူသာ လျှောက်ထားရန်။
ရွေးချယ်ခြင်းမခံရသော လျှောက်လွှာများအား ပြန်လည်ပေးအပ်မည်မဟုတ်ပါ။

**ဆက်သွယ်ရန်လိပ်စာ**
**အခန်းအမှတ် ၁၃၀၁၊ ၁၃လွှာ၊ အိုလံပစ်တာဝါ (၁)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၀၄၁၀၇၊ ၀၁-၂၀၄၀၁၃**



**ပြင်ဆင်ဖတ်ရှုပါရန်**

၂၆-၉-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ (၅)ကန့်ကွက်ကြော်ငြာအမှတ်စဉ် (၁၇)ဒေါ်မြင့်မြင့်စိန်+၃၏ အမည်ပြောင်းတွင် လျှောက်ထားသူအမည် ဒေါ်မြင့်မြင့်စိန်+၃အစား ဒေါ်မြင့်မြင့်စိန်+၄ ၁၂/သဃက(နိုင်)၀၅၁၂၅၄ဟုဖတ်ရှုပါရန်။

## တောင်သူအကြိုက် စပါးမျိုးရွေးချယ်ပွဲကျင်းပ

**မြိုင် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်သောဒေသများတွင် စိုက်ပျိုးရန်အတွက် ဒေသရာသီဥတုနှင့် ကိုက်ညီသော စပါးမျိုးများ စမ်းသပ်စိုက်ကွင်းမှ တောင်သူစိတ်ကြိုက်စပါးမျိုးရွေးချယ်ပွဲကို မြိုင်မြို့နယ် စူလီပန်းကျေးရွာရှိ စပါး ၁၃ မျိုး စမ်းသပ်စိုက်ကွက်၌ ဒီဇင်ဘာ ၃ ရက်က ကျင်းပခဲ့သည်။

စပါးမျိုးရွေးချယ်ပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဦးက အမှာစကားပြောကြားပြီး တောင်သူများက အကြိုက်ဆုံးစပါးမျိုးကို ရွေးချယ်ပေးခဲ့ရာ (IR 10T107)ကို ရွေးချယ်ခဲ့ကြကြောင်း သိရသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

## မူလတန်းကျောင်းဆောင်သစ် ရမည်းသင်း၌ တည်ဆောက်မည်

**ရမည်းသင်း ဒီဇင်ဘာ ၆**

ရမည်းသင်းမြို့ ကျောင်းတိုက်စုရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန မန္တလေးက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ငွေကျပ် ၆၄၈ သိန်း အကုန်အကျခံ၍ ကျောင်းဆောင်သစ်တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ကျောင်းဆောင်သစ်တည်ဆောက်ရန် ပန္နက်တင်ပွဲကို ဒီဇင်ဘာ ၁ ရက်က ကျင်းပခဲ့ပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာ၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမောင်ဆွေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာချိုတို့က ပန္နက်များ တင်ပေးခဲ့သည်။ ကျောင်းဆောင်သစ်မှာ အလျားပေ ၉၀၊ အနံပေ ၃၀ ရှိ အာရ်စီနှစ်ထပ်၊ အုတ်ညှပ်အဆောက်အအုံဖြစ်ပြီး တိုင်းကျော်ဟိန်းဆောက်လုပ်ရေး ကုမ္ပဏီက တာဝန်ယူ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ **(ဝ၁၁)**

## လျှပ်စစ်ဓာတ်အားကြောင့် ဖွံ့ဖြိုးတိုးတက်လာမည့် ကယားပြည်နယ်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် လမ်းပန်းဆက်သွယ်ရေးအပြင် လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်လိုအပ်လျက်ရှိပြီးအရေးပါသော အခန်းကဏ္ဍကပါဝင်လျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးရေးကိုရေတိုရေရှည် စီမံချက်ဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မြို့ပြဒေသများ ဖွံ့ဖြိုးတိုးတက်သကဲ့သို့ ပြည်နယ်များနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးပေသည်။ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဓာတ်အားမရောက်ရှိသောနေရာများ ဓာတ်အားရောက်ရှိရေးအတွက် မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားပေးစက်ရုံကြီးများ တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သိရသည်။ ထိုသို့တိုးချဲ့မှုများ တည်ဆောက်လျက်ရှိရာ ကယားပြည်နယ်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ကယားပြည်နယ်တွင် လွန်ခဲ့သော ၂၀၁၁ခုနှစ်က မီးသုံးစွဲသူ ၈၀၀၀ ကျော်ရှိရာမှ ယခုနှစ်တွင် နှစ်သောင်းကျော် အထိတိုးတက်သုံးစွဲလာခဲ့သည်။ ၂၀၁၁ ခုနှစ်က မြို့ရှစ်မြို့ရှိသည့်အနက် ငါးမြို့တွင်သာဓာတ်အားရရှိခဲ့သည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ကျန်သုံးမြို့အနက်မှ ရွာသစ်မြို့ကို ဓာတ်အားစနစ်မှ ဓာတ်အားရရှိရေးအတွက် ရွာသစ်တွင် ၃၃၊ ၁၁ ကေဗွီခွဲရုံတည်ဆောက်လျက်ရှိသည်။ ဓာတ်အားလိုင်းနှင့် ခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းများကြောင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ရှားတောမြို့နှင့် မယ်စဲ့မြို့တို့မှာလည်း ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်တော့မည် ဖြစ်သည်။ ၂၀၁၄ ခုနှစ်အောက်တိုဘာလတွင် ကျေးရွာပေါင်း ၁၇၂ ရွာတိုးတက်ရရှိခဲ့ပြီးဓာတ်အားစနစ်မှ ရွာ ၁၄၀နှင့် အခြားနည်းလမ်းဖြင့် ၃၂ ရွာ၊ ရာခိုင်နှုန်းအားဖြင့် ၃၃ဒသမ၇ရာခိုင်နှုန်းတိုးတက်ရရှိခဲ့ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရသည်။



ကယားပြည်နယ် တစ်ခုလုံးဓာတ်အား ဖြန့်ကြက်ပေးနိုင်ရန်အတွက် လွိုင်ကော်မြို့တွင် ၁၃၂၊ ၆၆၊ ၁၁ ကေဗွီ (၁၀၀+၅၀) အမ်ဗွီအေပင်မဓာတ်အားခွဲရုံကြီးကို တည်ဆောက်လျက်ရှိသည်။ ၎င်းဓာတ်အားခွဲရုံကြီးမှ တစ်ဆင့်ရှားတောသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၉ ဒသမ၇၉မိုင်၊ ဘော်လခဲသို့ ၆၆ ကေဗွီဓာတ်အားလိုင်း ၄၂ဒသမ၄၇မိုင်၊ ဘော်လခဲမှ ဖားဆောင်းသို့ ၆၆ ကေဗွီဓာတ်အားလိုင်း ၂၈ မိုင်တည်ဆောက်မည် ဖြစ်ကြောင်းသိရသည်။ တည်ဆောက်ရေးလုပ်ငန်း ပြီးစီးပါက ကယားပြည်နယ်သည် ဓာတ်အားစနစ်မှ ၆၈ ဒသမ၅ရာခိုင်နှုန်းသုံးစွဲနိုင်မည်ဖြစ်သည်။ ဓာတ်အားလိုင်းတည်ဆောက်ရန် ခက်ခဲသောကျေးရွာငယ်များသို့လည်း အသေးစားရေအားလျှပ်စစ်၊ နေရောင်ခြည်သုံးဓာတ်အားစနစ်တို့ဖြင့် ဓာတ်အားရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် တစ်နှစ်လျှင် ၁၅ရာခိုင်နှုန်းတိုးတက်လျက်ရှိပြီး အဆိုပါသုံးစွဲမှုကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဓာတ်အားမရောက်ရှိသေးသော ကျေးရွာများအတွက် မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားပေးစက်ရုံကြီးများ တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အားရရှိမှုကြောင့် ပြည်နယ်အတွင်းရှိ မြို့ပြနှင့် ကျေးရွာများပညာရေး၊ လူမှုရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာမည်ဖြစ်သည်။ အခြားတိုင်း/ ပြည်နယ်ဒေသကြီးများကဲ့သို့ ကယားပြည်နယ်သည်လည်း မကြာမီဖွံ့ဖြိုးလာတော့မည်ဖြစ်ပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။

**သတင်းဆောင်းပါး - ကျော်သူဝင်း(မြန်မာ့အလင်း)**



## လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်

**မော်လူး ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့တွင် ဓာတ်လိုက်မှုအန္တရာယ်ကင်းရှင်းရေးအတွက် ဗို့ ၄၀၀ ဓာတ်ကြိုးများ အဆင့်မြင့်ပြီး ကြံ့ခိုင်ရန်နှင့် ဓာတ်အားလိုင်းများ မြေပြင်ပေါ်သို့ပြုတ်မကျနိုင်ရေး၊ မတော်တဆပြုတ်ကျလျှင်လည်း ဓာတ်လိုက်မှုမှ ကင်းဝေးရေးအတွက် Link Connection များ တပ်ဆင်လျက်ရှိကြောင်း သိရသည်။

မြန်မာ့လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဌာနမှ လမ်းညွှန်ချက်များအရ လျှပ်စစ်မှူး ဦးမောင်မောင်ငြိမ်းနှင့် ဝန်ထမ်းများက နိုဝင်ဘာ ၃၀ ရက်မှစ၍ လူစည်ကားသည့်နေရာများ၊ ကျောင်းသားကျောင်းသူများ အသွားအလာများသည့် နေရာများနှင့် မော်လူးမြို့တွင်း ဗျူဟာလမ်းမကြီးတစ်လျှောက်ရှိ ဗို့ ၄၀၀ ဓာတ်အားလိုင်းများ၌ Link Connection များ တပ်ဆင်ဆောင်ရွက်နေခြင်းဖြစ်သည်။ Link Connection များတပ်ဆင်ရာတွင် ဓာတ်တိုင်နှစ်တိုင်ကြား အခန်းတစ်ခန်းလျှင် သုံးနေရာတပ်ဆင်အသုံးပြုကြောင်းနှင့် အခန်းတစ်ခန်းအတွက် ငွေကျပ် ၇၅၀၀ ဝန်းကျင်ကုန်ကျကြောင်း၊ လောလောဆယ်တွင် မော်လူးမြို့ပေါ်ရပ်ကွက် အရေးကြီးနေရာများတွင် တပ်ဆင်လျက်ရှိပြီး စီမံချက်နှင့်အညီ ကျန်ရပ်ကွက်နှင့် ကျေးရွာများသို့ တိုးချဲ့ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ညိုမြင့်ထက်(မြန်မာစာ)**

## သတင်းတို

### ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်

ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းနှင့် အခြေခံဆရာဖြစ်သင်တန်းကို ရမည်းသင်းမြို့ ရန်အောင်မြင်သာသနာ့ဗိမာန်၌ ဒီဇင်ဘာ ၃ ရက်က စတင်ဖွင့်လှစ်ခဲ့ရာ ဖွင့်ပွဲတွင် သင်တန်းနည်းပြခေါင်းဆောင်ဒေါက်တာဦးလှဝင်းအောင်က အမှာစကားပြောကြားပြီး ဆရာဖြစ်သင်တန်းသို့ သင်တန်းသား ၃၀၀၊ ယဉ်ကျေးမှုသင်တန်းအထက်တန်းနှင့် အလယ်တန်းအဆင့်တွင် သင်တန်းသား၂၀၀ နှင့် မူလတန်းအဆင့်တွင် သင်တန်းသား ၂၀၀ တက်ရောက်ခဲ့ကြောင်းနှင့် သင်တန်းများကို ဒီဇင်ဘာ ၃ ရက်မှ ၅ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(ဝ၁၁)**


## ကုမ္ပဏီများသို့ အသိပေးနှိုးဆော်ခြင်း

ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီအဖြစ်မှတ်ပုံတင်ထားသော ကုမ္ပဏီများသည် လုပ်ငန်းလုပ်ကိုင်သည်ဖြစ်စေ/လုပ်ငန်းမလုပ်ကိုင်သည်ဖြစ်စေ ၂၀၁၂- ၂၀၁၃ ဝင်ငွေနှစ်အထိ အခွန်စည်းကြပ်မှုခံယူခြင်းမရှိသေးပါက သက်ဆိုင်ရာဝင်ငွေနှစ်၏ နှစ်ချုပ်စာရင်းရှင်းတမ်းများနှင့်အတူ ဝင်ငွေကြေညာလွှာတင်သွင်း၍ အခွန်စည်းကြပ်မှုခံယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ** — **ကုမ္ပဏီများဆိုင်ရာအခွန်ရုံး**
**အမှတ် ၅၉/၆၁၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**ဆက်သွယ်ရန်ဖုန်းနံပါတ်** — ၀၁-၃၇၈၃၅၇၊ ၀၁-၃၇၁၉၄၉၊ ၀၁-၃၇၁၂၇၀၊ ၀၁-၃၇၁၂၀၀၊ ၀၁-၃၇၁၇၇၆၊ ၀၁-၃၇၁၇၇၄

**ကုမ္ပဏီများဆိုင်ရာအခွန်ရုံး**
**(ရန်ကုန်တိုင်းဒေသကြီး)**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာနမှ မော်လမြိုင်ချောင်းဆုံ ၆၆ကေဗွီ ဓာတ်အားလိုင်းအတွက် လိုအပ် သော(၁၈)မီတာ ကွန်ကရစ်ကျောင်တိုင်(၈၁၅)တိုင်အား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၈-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၇-၁-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## ဧရာဝတီတိုင်းဒေသကြီး၊
## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကွပ်ကဲမှုအောက်ရှိ အထူးအဖွဲ့များနှင့် ခရိုင်အဖွဲ့များတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သည့် ကတ္တရာများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
| --- | --- | --- |
| (က) | ကတ္တရာ(၈၀/၁၀၀) | - ၄၆၀၈ တန် |
| | တင်ဒါလျှောက်လွှာပိတ်မည့်ရက် | - ၂၂-၁၂-၂၀၁၄ ရက် - (တနင်္လာနေ့) |
| | တင်ဒါလျှောက်လွှာပိတ်မည့်အချိန် | - ညနေ ၄း၃၀ နာရီ |
| | အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်ရက် | - ၂၃-၁၂-၂၀၁၄ ရက် - (အင်္ဂါနေ့) |
| | အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်အချိန် | - နံနက် ၁၀း၀၀ နာရီ |

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၈-၁၂-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ဧရာဝတီတိုင်းဒေသကြီး**
**ဖုန်း-၀၄၂-၂၅၀၈၂၊ ၀၉-၄၉၇၂၃၁၆၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ အဆောင်(၇၃-ခ)၊ အခန်း(၃)၏ မူလပိုင်ရှင် ဦးတင်မောင်ဝင်း ISN-၄၃၇၃၃၆ ထံမှ ကျွန်တော် ဦးအောင်ပို ၁၂/လမတ(နိုင်)၀၂၃၀၃၅ (PLU-066843)က (၁-၁၁-၁၉၉၄)ရက်စွဲပါစာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ပါသည်။ ယခုအခါ အဆိုပါဆိုင်ခန်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနတွင် အမည်ပြောင်းလိုသဖြင့် ကန့်ကွက်လိုပါက အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း၊ ကွပ်ကဲမှုရုံးသို့ စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် ကြော်ငြာသည့်ရက်မှ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ **ဦးအောင်ပို ၁၂/လမတ(နိုင်)၀၂၃၀၃၅**
**အမှတ်(၂၅-ဘီ)၊ ၁၃ လမ်း၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၃၅၆)၊ မြေကွက်တည်နေရာအမှတ်(၃၅၆)၊ မဉ္ဇူလမ်း၊ ဒေါ်ခင်ညွန့်၁၂/ဥကမ(နိုင်)၁၄၃၈၂၉ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်မိခင်ဒေါ်ခင်ညွန့်၊ ဖခင်ဦးထွန်းအောင် ကွယ်လွန်သဖြင့် ဒေါ်ခင်အုန်းမြင့် ၁၂/ဥကမ(နိုင်)၀၇၄၅၃၅၊ ဒေါ်မြင့်မြင့်အေး ၁၂/ဥကမ(နိုင်)၁၁၄၉၁၈၊ ဦးမြင့်ဆွေ ၁၂/ဥကမ(နိုင်)၀၃၅၃၄၆၊ ဦးခင်ထွန်း ၁၂/ဥကမ(နိုင်)၀၉၉၄၁၂တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၁၅၄၇/၁၃)အရရရှိသူ ဒေါ်မွေးမွေးဝင်း ၁၂/ဥကမ(နိုင်)၁၂၁၉၆၅ မှပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်းကျမ်းကျိန်လွှာ တို့ဖြင့်အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်လေးနွယ်၏ သမီးကြီး မဖြူဖြူအောင် ၈/မကန(နိုင်)၁၂၂၀၀၉သည် မိခင်၏ဆုံးမခြင်းကိုမနာခံဘဲ မိသားစု၏ဂုဏ်သိက္ခာကျဆင်းရန်ပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောမည်သည့်ကိစ္စကိုမျှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
**ဒေါ်လေးနွယ် ၈/မကန(နိုင်)၀၂၀၆၃၁**


**ပြင်ဆင်ဖတ်ရှုပါရန်**

၄-၁၁-၂၀၁၄ ရက်ထုတ်မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၁၅ ကန့်ကွက်နိုင်ကြောင်းကြော်ငြာစဉ်-၁၃ အမည်ပြောင်းတွင် ဒေါ်ဘီအစား ဒေါ်ဘီ+၁ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မော်လူးဒေသ သူရောင်းကျောက်စိမ်းမှော်တွင် ကျောက်စိမ်းတူးဖော်ရန် လုပ်ကွက်များတိုင်းတာ

**မော်လူး ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသသူရောင်းကျေးရွာအုပ်စု သူရောင်းကျောက်စိမ်းမှော်တွင် ကုမ္ပဏီများက ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် သတ္တုတွင်းဝန်ကြီးဌာန လက်အောက်ခံ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း (မိုးညှင်း)မှ တာဝန်ရှိသူများက လုပ်ကွက်များတိုင်းတာပေးခြင်းကို ဒီဇင်ဘာ ၃ ရက်က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သူရောင်းမှော်တွင် ကျောက်စိမ်းတူးဖော်ရန် လုပ်ကွက်များတိုင်းတာခြင်းကို သတ္တုတွင်းဝန်ကြီးဌာန လက်အောက်ခံ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း(မိုးညှင်း)မှ တာဝန်ခံကိုဖြိုးနှင့်အဖွဲ့၊ သူရောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းနှင့်အဖွဲ့ဝင်များ၊ ခူဝံကြွယ်ကျောက်မျက်ရတနာတူးဖော်ရေး ကုမ္ပဏီနှင့် မြန်မာ့စိမ်းလဲ့အောင် ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီတို့မှ တာဝန်ခံကိုယ်စားလှယ်များက ကျောက်စိမ်းတူးဖော်ရန် လုပ်ကွက်အမှတ် မှတ်တိုင်များကို စိုက်ထူခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ကုမ္ပဏီက ကျောက်စိမ်းတူးဖော်ခွင့် လုပ်ထုံးလုပ်နည်းနဲ့အညီ နိုင်ငံတော်မှ ကျောက်မျက်တူးဖော်ခွင့်ရရှိပြီးဖြစ်လို့ လောလောဆယ်မှာ လုပ်ကွက် လေးကွက်ကို မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများမှ တာဝန်ရှိသူတွေနဲ့ တိုင်းတာနေတာပါ။ တူးဖော်ခွင့် တောင်းခံရရှိပြီးမှသာ ကျောက်မျက်တူးဖော်ရေးကို ဆက်လက်လုပ်ကိုင်သွားမှာပါ" ဟု ခူဝံကြွယ် ကျောက်မျက်ရတနာတူးဖော်ရေးကုမ္ပဏီမှ တာဝန်ခံကိုယ်စားလှယ် ကိုအောင်ဆန်းဦးက ပြောပြသည်။



အဆိုပါ သူရောင်းမှော်တွင် ကျောက်မျက်ကုမ္ပဏီများက တူးဖော်ရန်လုပ်ကွက်ပေါင်း ၄၀ ကျော်ခန့်ရှိကြောင်း၊ ယခုချိန်တွင် ခူဝံကြွယ် ကျောက်မျက်ရတနာ တူးဖော်ရေး ကုမ္ပဏီမှ လုပ်ကွက် လေးကွက်နှင့် မြန်မာ့စိမ်းလဲ့အောင် ကျောက်မျက်ရတနာတူးဖော်ရေး ကုမ္ပဏီမှ လုပ်ကွက် တစ်ကွက်ကို တူးဖော်လုပ်ကိုင်သွားမည် ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ၌ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၊ လုံးခင်း၊ ဖားကန့်၊ ဆိုင်းတောင်၊ တာမခံ၊ မော်ဟန်ဒေသ၊ နမ္မချီးမှော်၊ သရက်မှော်၊ တောင်စိမ်းလေးမှော်အစရှိသည့် ဒေသများတွင် အဖိုးတန်ကျောက်စိမ်းရတနာများ ထွက်ရှိကာ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသရှိ သူရောင်းမှော်၊ ဥသျှစ်ကုန်းမှော်၊ ထုံးတောင်မှော်ဒေသများတွင်လည်း ကျောက်စိမ်းများ ထွက်ရှိကြောင်း သိရသည်။ သူရောင်းကျောက်စိမ်းမှော်သည် အင်းတော်မြို့မှ ၂၆ မိုင်၊ မော်လူး (ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး)မှ အနောက်ဘက်သို့ သုံးမိုင်ခန့်တွင် တည်ရှိသည်။

သူရောင်း ကျောက်စိမ်းမှော်တွင် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီများ ဝင်ရောက် လုပ်ကိုင်လာမှုအတွက် ဒေသခံကျင်းလုပ်သားများ အခက်တွေ့နေကြောင်း သိရသည်။

"ကျွန်တော်တို့က ကျောက်စိမ်းလုပ်ငန်းကို တစ်နိုင်လုပ်ကိုင်ခဲ့တာ ကြာပါပြီ။ လွန်ခဲ့တဲ့ ၂ နှစ်က ကုမ္ပဏီတွေ စလုပ်ကိုင်မယ်လို့ ကြားပေမယ့် မလုပ်ဖြစ်ခဲ့ဘူး။ ကုမ္ပဏီတွေက လုပ်ကွက်မှတ်တိုင်တွေ စိုက်ထားရင် ကျွန်တော်တို့ လုပ်မှာမဟုတ်ဘူး။ အခုကုမ္ပဏီတွေက တူးဖော်မယ်ဆိုတော့ ဒေသခံကျင်းလုပ်သားတွေ ငွေနဲ့ အချိန်ကုန်ခံတူးဖော်ခဲ့တာ နစ်နာတာပေါ့ဗျာ" ဟု ကျင်းလုပ်သားတစ်ဦးက ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲကို ပြောသည်။

**နီတိုး(မော်လူး)**




# သထုံမြို့နယ်မှ သိမ်းဆည်းလယ်ယာမြေ မူလပိုင်ရှင်ထံပြန်လည်ပေးအပ်

**သထုံ ဒီဇင်ဘာ ၆**

သထုံမြို့နယ် အုဖွိုလ်ချောင်ကျေးရွာအုပ်စု ခွေးမှားချောင်အရှေ့တောင်ကွင်းရှိ လယ်ယာမြေ ၂၃ ဒသမ ၀၁ ဧကကို ပြည်ထဲရေးဝန်ကြီးဌာနမှ အသုံးပြုရန်မရှိ၍ ပြန်လည်စွန့်လွှတ်ပြီး မူလပိုင်ရှင်ဖြစ်သူထံ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ဖြင့် ဒီဇင်ဘာ ၄ ရက်က သထုံမြို့နယ် မြေအသုံးချ မှုစီမံခန့်ခွဲရေးကော်မတီက ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလယ်ယာမြေ ၂၃ ဒသမ ၀၁ ဧကို မူလပိုင်ရှင်ဖြစ်သူ ဒေါ်နော်လှသိန်းက ပြန်လည်လုပ်ကိုင်လိုကြောင်း လျှောက်ထားခဲ့ရာ မွန်ပြည်နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီက အောက်တိုဘာ ၂၉ ရက်တွင် ယာယီလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၃)ကို ပေးအပ်ထားခဲ့သည်။ ယခု ဒီဇင်ဘာ ၄ ရက်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ကို မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ မူလပိုင်ရှင်ဖြစ်သူအား ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

"လယ်ကို အခုလိုတရားဝင်ပြန်လည်လုပ်ကိုင်ခွင့်ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ကိုယ်တိုင်က လယ်လုပ်သူဖြစ်တော့ ကိုယ့်အပိုင်လယ်မြေဆိုတဲ့အသိက ခွန်အားဖြစ်စေတာပေါ့"ဟု လယ်ယာမြေလုပ်ပိုင်ခွင့် ပြန်လည်ရရှိခြင်းအတွက် လယ်ပိုင်ရှင် ဒေါ်နော်လှသိန်းက ဝမ်းမြောက်စကားပြောကြားသည်။

**သက်ဦး(သထုံ)**

# အင်တာနေရှင်နယ်အသင်းလိုက် စစ်တုရင်ပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်

**ရန်ကုန် ဒီဇင်ဘာ ၆**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဒီဇင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် ထိုင်းနိုင်ငံ အင်တာနေရှင်နယ်အသင်းလိုက်စစ်တုရင်ပြိုင်ပွဲ (Thailand International Chess Team Championship 2014) သို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာစစ်တုရင်အားကစားအဖွဲ့သည် ဒီဇင်ဘာ ၅ ရက် နံနက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာစစ်တုရင်အားကစားအဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ အုပ်ချုပ်သူ အမှုဆောင် ဦးခင်မောင်မောင်၊ နည်းပြ အမှုဆောင် ဒေါ်စုစုမြင့်၊ အားကစားသမားများအဖြစ် မောင်မောင်ကျော်ဇောဟိန်း (PISM ကမာရွတ်)၊ မျိုးသီဟလွင်(နည်းပညာတက္ကသိုလ်၊ သန်လျင်)၊ ဟိန်းထက်မောင်(အဝေးသင်တက္ကသိုလ်၊ မန္တလေး)နှင့် မစန္ဒာခိုင်အောင်(အထက-၂ လသာ)တို့ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြသည်။

**သတင်းနှင့်ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)**




## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၂၃၉၁၉)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဦးခင်မောင်အေး အမည်ပေါက် နှစ်၃၀ အငှားဂရန်မြေကွက်အား အမည်ပေါက် ဦးခင်မောင်အေး ကွယ်လွန်သွားပါသဖြင့် ၎င်း၏တရားဝင်ဇနီးဖြစ်သူ ဒေါ်တင်မြင့် ၆/ထဝန(နိုင်)၀၄၅၈၀၆(ဘ)ဦးစံရှီမှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၆၇)၊ ၀ဒသမ၀၂၈ဧက၊မြေကွက်တည်နေရာအမှတ်(၁၂၁)၊ ခိုင်ရွှေဝါလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ် နှစ်၆၀ မြေငှားဂရန် (စီမံချက်ဂရန်)အမည်ပေါက် ဦးသန်းအောင်၊ ဦးကျော်အေး၊ ဒေါ်စန်းမြင့်မြေအား အမည်ပေါက်တစ်ဦး ဒေါ်စန်းမြင့် (ခင်ပွန်း) ဦးကျော်မြင့်ကွယ်လွန်သဖြင့် ဒေါ်လှ လှဌေး ၁၂/ကမရ(နိုင်)၀၀၈၁၉၅၊ ဦးဘို ဘိုနိုင် ၁၂/ကမရ(နိုင်)၀၅၅၅၀၁၊ ဒေါ်သီတာမြင့် ၁၂/ကမရ(နိုင်)၀၃၁၅၀၈တို့က အမွေဆက်ခံခွင့်ရှိသူသားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်မူရင်းများ တင်ပြပြီးကျန်အမည်ပေါက် ဦးသန်းအောင်၊ ဦးကျော်အေးတို့နှင့်ပူးတွဲ၍ ပိုင်ဆိုင်ကြောင်းနှင့်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဂရန်အမည်ပေါက် ဒေါ်မမကြီး ၁၂/သကတ(နိုင်)၀၃၆၅၈၂၊ (၃၂)တိုးချဲ့ရပ်ကွက်၊ အမှတ် ၁၃၉၇/ခ၊ ပေ(၂၀×၆၀)ထောင့်ခြမ်း၊ ရွှေပြည်သာ(၂)လမ်းအား ဒေါ်သောင်းမေက လက်ရှိပိုင်ဆိုင်ပြီး အုတ်ဖိနပ်ကပ် သစ်သားအိမ်နှစ်လုံးအား လုံခြုံရေးအရ ခြံစည်းရိုးကာမည်ဖြစ်ပါသောကြောင့် တစ်စုံတစ်ရာ ကန့်ကွက်မှုရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ တစ်ပတ်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သောင်းမေ**
**၁၂/ဥကတ(နိုင်)၀၉၀၁၄၆**
**ဖုန်း-၀၉-၄၂၀၇၀၈၃၉၁၊ ၀၉-၃၁၂၃၂၉၂၅**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်စွမ်းအားဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဦးစီးဌာနတွင် အသုံးပြုရန် အောက်ပါ ရုံးသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

**(က) ရုံးလုပ်ငန်းသုံးစက်ပစ္စည်း (၁၀)မျိုး**

| | | | | | |
|---|---|---|---|---|---|
| (၁) | Copier + Copicr Feeder | (၂)စုံ | (၆) | Colour Printer (A3) | (၃)လုံး |
| (၂) | Copier Feeder | (၃)ခု | (၇) | Binding Machine | (၂)လုံး |
| (၃) | Laptop Computer | (၃)လုံး | (၈) | Stapler (ကြီး) | (၃)ခု |
| (၄) | Laser Printer (A4) | (၅)လုံး | (၉) | Punch (ကြီး) | (၂)ခု |
| (၅) | Colour Printer (A4) | (၁)လုံး | (၁၀) | Calculator | (၃)လုံး |

**(ခ) ရုံးသုံးပရိဘောဂ (၇)မျိုး**

| | | | | | |
|---|---|---|---|---|---|
| (၁) | Officer Table (5'× 3' × 2.6') | (၃)လုံး | (၅) | Armless Chair | (၁၃)လုံး |
| (၂) | Table (5'× 3' × 2.6') | (၈)လုံး | (၆) | File Rack (အကြီး) | (၂)ခု |
| (၃) | Table (4'× 2.6' × 2.6') | (၂)လုံး | (၇) | File Rack (အသေး) | (၃)ခု |
| (၄) | Armed Chair | (၁၇)လုံး | | | |

(ဂ) Motor Cycle (110 CC) (၇)စီး

**တင်ဒါပုံစံ ရောင်းချမည့်ရက်** = ၈-၁၂-၂၀၁၄ရက်
**တင်ဒါပိတ်မည့်ရက်၊ အချိန်** = ၁၉-၁၂-၂၀၁၄ရက်၊ ၁၂:၀၀ နာရီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ် အချက်အလက်များကို ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း လျှပ်စစ်စွမ်းအားဦးစီးဌာန၊ ရုံးအမှတ် (၂၇)၊ ဖုန်း-၀၆၇-၄၁၀၂၂၀သို့ ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်၊ မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်၊ ဟိုနားကွက်သစ်၊ အကွက်အမှတ် ၇၆၊ ဦးပိုင်အမှတ် ၂၃၃၊ ဧရိယာ ၀ဒသမ ၃၃၀ဧကရှိမြေကွက်အား ဗိုလ်ဇင်မြတ်အောင် ၂/လကန(နိုင်)၀၆၇၈၁၃မှ လက်ဝယ်ပိုင်ဆိုင်ပြီး မြေစာရင်းပုံစံ ၁၀၅(သို့) မြေပေးမိန့်လျှောက်ထားမည်ဖြစ်ပါသဖြင့် ခုနစ်ရက်အတွင်း အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်ဝင်း အထက်တန်းရှေ့နေ(စဉ်-၄၃၉၃၀)**
**ည/၁၀၆၊ ဖယောင်းလမ်း၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၅ယ/၃၃၉၈၉၊ လော်ဂျားဒရင်း ယာဉ်လက်ဝယ်ရှိသူ မောင်ဖြိုးဝေလင်း ၁၃/တကန(နိုင်)၁၈၅၆၃၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အေးသာယာ၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်စိုင်းဖြိုးမြင့်အောင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းမြင့်ဇော်ဖြစ်ပါကြောင်း။

**ဦးစိုင်းမြင့်ဇော်**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 5H-8318 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ပျောက်ဆုံးခြင်း
## သွင်းကုန်ကြေညာလွှာပုံစံ

(1) ID No 11766(16-5-2013)
(2) ID No 159731(18-11-2013)
(3) ID No 115653 (24-5-2013)

**ဖုန်း-၀၁-၆၅၀၅၂၈**

## ဖခင်အမည်မှန်

မန္တလေး အဝေးသင်တက္ကသိုလ်၊ တောင်ကြီးဌာနခွဲ၊ ပထဝီဝင်၊ ပထမနှစ်မှ မနန်းနွေးယုယဦး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းမွမ်းလိဏ်(ခ) ဦးစိုင်းမြင့်ဇော်ဖြစ်ပါကြောင်း။

**ဦးစိုင်းမွမ်းလိဏ်(ခ)ဦးစိုင်းမြင့်ဇော်**

# လူမှုရေးကော်ငြာ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်း-၂၀)**
**မြောင်းမြခရိုင်တရားရုံး**
**၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၀**

၁။ ဦးထွန်းထွန်းဦး — နှင့် — ၁။ ဒေါ်မြင့်မြင့်ကြည်
၂။ ဒေါ်မြ — ၂။ ဒေါ်ဖြူတုံး(ခ)ဒေါ်မြင့်မြင့်ရီ
၃။ ဒေါ်ငွေးငွေး(ခ)ဒေါ်မြင့်မြင့်ငွေး
၄။ ဦးမင်းသိန်း
၅။ ဦးမောင်မောင်လတ်
၆။ ဒေါ်မြမြစော
၇။ ဒေါ်သီတာဝင်း

**တရားလိုများ** — **တရားပြိုင်များ**

(၆)တရားပြိုင် ဒေါ်မြမြစော (ဘ)ဦးထွန်းကြည်၊ (၇)တရားပြိုင် ဒေါ်သီတာဝင်း (ဘ) ဦးထွန်းကြည် (၃)ရပ်ကွက်၊ နှင်းဆီလမ်း၊ ဘုရားသုံးဆူမြို့၊ ကြာအင်းဆိပ်ကြီးမြို့နယ်ခွဲ၊ ကရင်ပြည်နယ် (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

တရားလိုက သင့်အပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၄ရက် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမှုတရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ထို့အပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများအစရှိသည်တို့ကို တစ်ပါတည်းယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပေးလိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ခင်မောင်မောင်)**
**ဒုတိယခရိုင်တရားသူကြီး**
**မြောင်းမြခရိုင်တရားရုံး**

## အမွေထိန်းလက်မှတ်စာရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ်(၁၇၈)**
**ကွယ်လွန်သူ ဒေါ်တင်ရွှေ၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၄ရပ်ကွက်၊ ပန်းဆိုးတန်းလမ်း၊ အမှတ်(၁၉၆/၂၀၆) ၌ နေထိုင်ခဲ့သော(ကွယ်လွန်သူ) ဒေါ်တင်ရွှေ၏(မရွှေ့မပြောင်းနိုင်သောပစ္စည်း) ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၃F၂၊ မြေကွက်အမှတ်-II၆၊ မြေအကျယ် ၀ဒသမ၂၀၆၈ဧက၊ နှစ်၆၀မြေငှား ဂရန်မြေမျိုးမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၉၆/၂၀၆၊ ပန်းဆိုးတန်းလမ်း၊ ၄ရပ်ကွက်၊ ကျောက်တံတားမြို့နယ်ဟု ခေါ်တွင်သော လေးခန်းတွဲ၊ လေးထပ်၊ ၁၆ခန်းပါ အဆောက်အအုံအပေါ် အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အ ကြောင်းနှင့်ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၁ရပ်ကွက်၊ ဦးမောင်မောင်ခြိလမ်း၊ အမှတ်(၆၈/၁၁-အေ)နေ ဒေါ်ကြည်ကြည်ညွန့်နှင့် ဒေါ်မီမီသွင်(၎င်းတို့၏ ကိုယ်စားလှယ်စာရသူ ဦးစောမြင့်အောင်)က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၂ရက်(၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း၂ရက် နံနက်၁၀း၀၀နာရီ)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်တင်ရွှေ၏ မရွှေ့မပြောင်းနိုင်သောပစ္စည်းတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၂ရက်(၁၃၇၆ ခုနှစ် ပြာသိုလဆန်း ၂ရက်)နံနက် ၁၀း၀၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန်အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင်ရုံးတော်ကဆိုခဲ့သော ယခုလျှောက်ထားသူများ ဒေါ်ကြည်ကြည်ညွန့်နှင့် ဒေါ်မီမီသွင်(၎င်းတို့၏ကိုယ်စားလှယ်စာရသူ ဦးစောမြင့်အောင်)၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း၊

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်ပါသည်။

**(မိမိမော်)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၈၃**

ဒေါ်ညိုမာအောင် — နှင့် — ဦးမြင့်ဆွေ
**တရားလို** — **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဧရာဝတီလမ်း၊ အမှတ် (၃၃)နေ တရားပြိုင် ဦးမြင့်ဆွေ (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်စာချုပ်ပါအတိုင်း တရားဝင်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၀ရက် (၁၃၇၆ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရီရီခင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ဝမ်းနည်းကြေကွဲခြင်း
# ဗိုလ်မှူးကြီးခင်မောင်တင့်(ငြိမ်း)

**လေ့ကျင့်ရေးညွှန်ကြားရေးမှူး(ငြိမ်း)**
**စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး(ငြိမ်း)**
**အသက်(၈၇)နှစ်**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေ၏ဖခင် ဗိုလ်မှူးကြီးခင်မောင်တင့်(ငြိမ်း)သည် ၂-၁၂-၂၀၁၄ ရက် နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**ကလေးစက်ရုံနှင့် လက်အောက်ခံစက်ရုံများမှ ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
# ဦးနိုင်မင်းဦး(ခ)ကိုနိုင်ဦး

**အသက်(၅၂)နှစ်**

ပျော်ဘွယ်မြို့၊ ရွှေပြည်သာဘုရားဒါယကာ ဒါယိကာမများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးမင်းသိန်း(ငြိမ်း)-ဒေါ်ခင်သန်းမြင့်တို့၏သားကြီး ဦးနိုင်မင်းဦး(ခ)ကိုနိုင်ဦး ကွယ်လွန်ခြင်းကို မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရွှေပြည်သာဘုရားဂေါပကအဖွဲ့၊ ပျော်ဘွယ်မြို့**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဦးထွန်းစိန်(သထုံ) (နဂါးမင်းပုံနှိပ်တိုက်)

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ ၃၈လမ်း(အောက်)၊ အမှတ် ၁၂၁၊ မြေညီထပ်နေ (ဦးချစ်ခိုင်-ဒေါ်ကြေးမုံ)တို့၏သား၊ (ဦးစိန်-ဒေါ်တင့်)တို့၏ သားသမက်၊ ဒေါ်စောရီ၏ခင်ပွန်း၊ (ဦးမြင့်ဦး)-ဒေါ်စိုးစိုးဝင်း၊ ဒေါ်မြင့်မြင့်စိန်၊ဦးအောင်မြ(ဝဿန်အော့ဖ်ဆက်)-ဒေါ်မိမိစိန်၊ (ဦးစည်သူ)၊ ဦးအောင်ဝင်းစိုး(ခေတ္တ-ဂျပန်)-KAORI၊ ဗိုလ်မှူးခင်မောင်ရင်(ငြိမ်း)(Air Myanmar Aviation Services)-ဒေါ်ဝါဝါစိန်တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၅-၁၂-၂၀၁၄ရက်(သောကြာနေ့)နံနက် ၀၀း၄၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၇-၁၂-၂၀၁၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာ ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၂-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဦးထွန်းစိန်(သထုံ) (နဂါးမင်းပုံနှိပ်တိုက်)

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ ၃၈ လမ်း(အောက်)၊ အမှတ် ၁၂၁၊ မြေညီထပ်နေ (ဦးချစ်ခိုင်-ဒေါ်ကြေးမုံ)တို့၏သား၊ (ဦးစိန်-ဒေါ်တင့်)တို့၏ သားသမက်၊ ဒေါ်စောရီ၏ခင်ပွန်း၊ ကိုမျိုးသန့်(ခေတ္တ-စင်ကာပူ)၊ ကိုကျော်ဇေယျာသိန်း-မယဉ်မွန်ခိုင်(ခေတ္တ-စင်ကာပူ)၊ မချိုဇင်သန့်(YAG)၊ ကိုဇော်သူရသိန်း(AMAS)၊ ကိုမင်းမင်းထွန်း(Life & Dance)-မဇင်မြတ်စည်သူ၊ မောင်ဟန်မင်းထွဋ်(ဒု-နှစ်၊ဒဂုံတက္ကသိုလ်)၊ မောင်သုတအောင်(တက္ကသိုလ်ဝင်တန်းအောင်)၊ မဟေမာန်ဖူး(အထက-၁၊ ဒဂုံ)၊ မနဒီနှင်းဝေ(အထက-၁၊ ဒဂုံ)၊ မီနိုရီ(TOKYO JAPAN)တို့၏အဘိုး၊ မမြတ်ပန်းအိန္ဒြေထွန်း၏ဘိုးဘိုးသည် ၅-၁၂-၂၀၁၄ရက်(သောကြာနေ့) နံနက် ၀၀း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအေးအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၂-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမြေးမြစ်များ**

## ခရစ်တော်၌အိပ်ပျော်ခြင်း
# ဦးအေးကြည်(ခ)တေဆင်ချိုင်

**အသက်(၈၂)နှစ်**

ပဲခူးမြို့၊ ဈေးပိုင်းရပ်၊ အမှတ် ၁၂၃၊ မီးသတ်လမ်းနေ(ဦးကျင်ထျုပ်-ဒေါ်ချွန်း)တို့၏ သားကြီး၊ ဝေါမြို့နေ ဦးပေါ်ပွေ-(ဒေါ်ရင်ရွှေ)တို့၏မောင်၊ ရန်ကုန်မြို့နေ ဦးမောင်စိန်(ခ) လင်ပိုးလို-ဒေါ်ခင်ဆွေ၊ ပဲခူးမြို့နေ ဦးဝင်းမြင့်-ဒေါ်ငွေးကြည်၊ ဦးကြည်ဝင်း-(ဒေါ်ခင်လှမြင့်)၊ ဦးကြည်လွင်-ဒေါ်ခင်မေရီ၊ (ဦးမောင်မောင်သန်း)-ဒေါ်ရီရီလှိုင်တို့၏အစ်ကိုကြီး၊ တူ၊ တူမ ၄၄ယောက်တို့၏ဦးကြီး၊ မြေး ၂၄ယောက်တို့၏အဘိုးသည် ၅-၁၂-၂၀၁၄ရက် နံနက် ၅နာရီတွင် အမှတ် ၆၄၊ ဗိုလ်ရွဲလမ်း၊ လသာမြို့နယ်နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၁၂-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (အမှတ် ၆၄၊ ဗိုလ်ရွဲလမ်းနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

အောက်မေ့ဖွယ်ဝတ်ပြုခြင်းကို ၁၁-၁၂-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် အမှတ် ၆၄၊ ဗိုလ်ရွဲလမ်းနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါ၍ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဦးတင့်နိုင်

**(M.O.G.E)**
**အသက်(၅၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊သီရိလမ်း၊အမှတ် ၁၂၃၇၊ ပထမထပ် (ခေါင်းရင်းခန်း)နေ (ဦးတင်မြင့်)-ဒေါ်စန်းရီတို့၏ သားထွေး၊ (ဒုတိယဗိုလ်မှူးကြီးငွေးအောင်)၊ ဦးမျိုးသန့်၊ (ဗိုလ်ကြီးငွေးဝင်း)၊ ဦးချိုဝင်းတို့၏ညီ၊ ဒေါ်မေသုမောင်၏ခင်ပွန်း၊ မောင်ဇော်မိုးနိုင်၊မောင်ဇော်မင်းနိုင်၊ မောင်ဘုန်းမြတ်မင်းတို့၏ဖခင်သည် ၅-၁၂-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၂- ၂၀၁၄ ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/2583 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးသွားပါသဖြင့် ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5A/7998 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးသွားပါသဖြင့် ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
# ဘဒ္ဒန္တကုမာရမဟာထေရ် (ရွှေတောင်)

**မဟာသဒ္ဓမ္မဇောတိကဓဇ**
**သက်တော် (၉၅)နှစ်၊ သိက္ခာတော် (၇၆)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗိုလ်ချို (၂) ရပ်ကွက်၊ သိမ်ကုန်းပရိယတ္တိစာသင်တိုက်(မဟာပဓာနနာယက) ဇောတိကကျောင်း သက်တော်ရှည်ဆရာတော်ကြီးသည် ၃-၁၂-၂၀၁၄ရက် ည ၇း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ရုပ်ကလာပ်တော်ကို၇-၁၂-၂၀၁၄ ရက်တွင် ရေဝေးသုသာန်သို့ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ **တပည့်ရဟန်းသံဃာ၊ ဒါယကာ၊ ဒါယိကာမများ**

## ဝမ်းနည်းကြေကွဲခြင်း
# ဗိုလ်မှူးကြီးခင်မောင်တင့်(ငြိမ်း)BA,CGSC

**လေ့ကျင့်ရေးညွှန်ကြားရေးမှူး(ငြိမ်း)**
**စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး(ငြိမ်း)**
**မင်းဘူးအသင်း(ရန်ကုန်)နာယကကြီး**
**အသက်(၈၇)နှစ်**

မင်းဘူးမြို့နေ [ဦးဘသွင်၊ ခရိုင်ရာဇဝတ်ဝန်(ငြိမ်း)-ဒေါ်တင်ဥ]တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊အမှတ်၉၁၊ ကျွန်းရွှေမြိုင်လမ်းသွယ်(၁)နေ ဒေါ်တင်တင်ရီ၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြီးခင်မောင်တင့်(ငြိမ်း)သည် ၂-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိရောက်ပါစေ

**မင်းဘူးအသင်း(ရန်ကုန်)အမှုဆောင်အဖွဲ့နှင့်အသင်းဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးယုတင်

**ဒု-ဥက္ကဋ္ဌ၊ မိုးကောင်းအသင်း**
**အသက်(၇၁)နှစ်**

SINGAPORE နေ Capt တင်မောင်ထွန်း(Uniteam Marine)-မအိအိချိုတို့၏ဖခင် ဦးယုတင်သည် ၁-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၈၇-၈၈ရေကြောင်းသိပ္ပံကျောင်းဆင်းသူငယ်ချင်းမိသားစုများ၊ CD-19/CE-17)**

## အထူးကျေးဇူးတင်ရှိခြင်း
# ဦးတင်ဝ (B.Sc, R.A, C.P.A)

**လက်ထောက်အထွေထွေမန်နေဂျာ-ဘဏ္ဍာရေး(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**
**အသက်(၇၀)**

၃၀-၁၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသော ဦးတင်ဝ အသက်(၇၀) နာမကျန်းဖြစ်စဉ် ပြုစုစောင့်ရှောက်ကုသပေးပါသော အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ဆရာဝန်၊ ဆရာမများ၊ ငွေအား၊ ပစ္စည်းအား၊ ပညာအားဖြင့်ပံ့ပိုးကူညီပေးပါသော ဦးသောင်းညွှန့်-ပါမောက္ခဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခိုင်စမ်းရီ၊ ဆေးရုံတက်စဉ်မှ ကွယ်လွန်သည်အထိစောင့်ရှောက်ပေးပါသော တူမလေး ဒေါက်တာညိုလှဲ့လှဲ့ဝင်း၊ သတိပဋ္ဌာန်လမ်းနာရေးကူညီမှုအသင်း၊ အဘက်ဘက်မှ ငွေ၊ ပစ္စည်း၊ လှူဖွယ်ပစ္စည်းများဖြင့် ကူညီပံ့ပိုးပေးပါသော ဆွေမျိုး မိတ်သင်္ဂဟများ၊ မေတ္တာဖြင့် နာရေးပို့ဆောင်ကြသူများနှင့် ကျေးဇူးတင်ထိုက်သောသူများအားလုံးကို အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## (၁)နှစ်ပြည့်ကြေကွဲလွမ်းဆွတ်သတိရခြင်း
# ကိုဟိန်းထက်စိုးခိုင်(1E)

**(၇-၁၂-၂၀၁၃)-(၇-၁၂-၂၀၁၄)**

**အပါး၊ အမိုးတို့ သိပ်ချစ်ရပြီး ဘယ်တော့မှ မေ့မရတဲ့သားကြီးရေ....**

ပျော်ရွှင်စရာကောင်းတဲ့ မိသားစုကမ္ဘာလေးထဲက သားကြီးခွဲသွားတာ (၁)နှစ်ပြည့်ပေမယ့် တစ်ရက်မှမေ့မရပါ။ နှမြောတသ ယူကျုံးမရဝမ်းနည်းကြေကွဲသတိရဆဲပါ။ အောက်မေ့ဖွယ်ရာ ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်များကိုလည်း လုပ်ပေးနေပါတယ်။ လိမ္မာရေးခြားရှိပြီး မိသားစုအပေါ် တာဝန်ကျေလွန်းတဲ့ သားလိမ္မာ ဘုရားသခင်ရဲ့ရင်ခွင်မှာ ငြိမ်းချမ်းစွာခိုနားနိုင်ပါစေ။ တစ်နေ့မှာ ဘုရားသခင်ရဲ့ အိမ်တော်တွင် ပြန်လည်ဆုံစည်းရမည်ဆိုတဲ့စိတ်နဲ့ပဲ ဆုတောင်းပေးနေပါတယ်။

**ထာဝရအောက်မေ့သတိရလျက်**
**အပါး-ဒေါက်တာဦးစိုးခိုင်**
**အမိုး-ဒေါ်နော်အောလစ်(ဖ်)တင်**
**ညီလေး-ဒေါက်တာဟိန်းသက်စိုးခိုင်**
**ညီမလေး-နော်မာဂေးထူး၊ မဖြိုးထက်ထက်ဝေ၊ မနှင်းဝေဝေခိုင်**

## အထူးဝမ်းနည်းကြေကွဲခြင်း
# နိုင်လင်းကိုကို

**အသက်(၂၇)နှစ်**

ဘဝဆက်တိုင်းဆက်တိုင်း ဒီလိုအဖြစ်အပျက်မျိုးမကြုံတွေ့ရပါစေနဲ့ သူငယ်ချင်းရာ.... နောင်ဘဝဆိုတာများရှိခဲ့ရင် မင်းလိုသူငယ်ချင်းကောင်းနဲ့ တို့တွေပြန်ဆုံခွင့်ရပါစေ။ ဆယ်စုနှစ်ကျော်ကာလအတွင်း ငါတို့တွေအတူသွားခဲ့တဲ့နေရာတိုင်းမှာ မင်းကို အမှတ်ရနေမှာပါ။ မယုံကြည်နိုင်တဲ့အဖြစ်အပျက်ကို ငါတို့တွေ လက်ခံလိုက်ရပြီ။ ထာဝရထွက်ခွာသူ ငါတို့ရဲ့ ထာဝရသူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

**မင်းရဲ့ထာဝရသူငယ်ချင်းများ**
**အောင်ခန့်၊ မောင်မောင်ပြည့်ဖြိုးအောင်**
**တင်ထူးလူ၊ ရှိုင်းဇေ၊ ပြည့်ဖြိုးအောင်၊**
**မျိုးကျော်ဇော၊ အောင်သူရ**

# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ်စာမေးပွဲများစတင်ကျင်းပ

စာမျက်နှာ-၃

ယနေ့ မာတိကာ

စည်းကမ်းမဲ့ပြိုင်ကားများနှင့် ပါဝါအိတ်ဇောတပ်ယာဉ်များအရေးယူ
စာ ၅

ပုဇွန်တောင်မှထော်လီကွေ့အထိ RBE ရထားယနေ့ စတင်ပြေးဆွဲ
စာ ၇

နိုင်ငံပိုင်ငြိုဟ်တုအသုံးပြုနိုင်ရေးအလုပ်ရုံဆွေးနွေး
စာ ၁၀

ချယ်လ်ဆီးတို့ ပထမဆုံး ရှုံးပွဲကြုံတွေ့
စာ ၁၃

ရန်ကုန်မြို့တွင် ရေလေလွင့်မှုလျှော့ကျရေး ဂျပန်နှင့် ပူးပေါင်းဆောင်ရွက်
စာ ၁၈

မော်လူးဒေသ သူရောင်းကျောက်စိမ်းမှော်တွင် ကျောက်စိမ်းတူးဖော်ရန်လုပ်ကွက်များတိုင်းတာ
စာ ၂၀



## ပထမဦးဆုံးအကြိမ်ပြုလုပ်သည့် ဂျပန်-မြန်မာချစ်ကြည်ရေးပွဲတော်

**ရန်ကုန် ဒီဇင်ဘာ ၆**

နှစ်နိုင်ငံချစ်ကြည်ရေး နှစ်(၆၀) ပြည့် အထိမ်းအမှတ်အနေဖြင့် မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် ကျင်းပသည့် ဂျပန်-မြန်မာ ချစ်ကြည်ရေးပွဲတော်ကြီးကို ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ ရွှေထွဋ်တင်ကွင်းကြီးအတွင်း၌ ယနေ့ မွန်းလွဲ ၂ နာရီတွင် စည်ကားသိုက်မြိုက်စွာဖြင့် စတင်ဖွင့်လှစ်ကျင်းပခဲ့သည်။

ယနေ့ စတင်ဖွင့်လှစ် ကျင်းပခဲ့သည့် ဂျပန်-မြန်မာ ပွဲတော်ကြီးကို ယနေ့ ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် နှစ်ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ရာ ပွဲတော်ကြီးတွင် မြန်မာနိုင်ငံမှ အနုပညာရှင်အဆိုတော်များဖြစ်သည့် စိုင်းစိုင်းခမ်းလှိုင်၊ လွှမ်းပိုင်၊ ကျော်ထွဋ်ဆွေ၊ နီနီခင်ဇော်၊ Bobby Soxer၊ နန်းမြတ်ဖြိုးသင်း၊ နန်းသူဇာ အစရှိသည့် နာမည်ကြီးအနုပညာရှင်များနှင့် ဂျပန်နိုင်ငံမှ ဖျော်ဖြေတင်ဆက်မှုတစ်ရပ်အနေဖြင့် DRUM TAO အဖွဲ့၏ ထူးခြားဆန်းကြယ်သောတင်ဆက်မှုများကို လူကြီးလူငယ်မရွေး အခမဲ့လာရောက် ရှုစားနိုင်သည့်အပြင် ဂျပန်အစားအစာများကိုလည်း အခမဲ့ လာရောက်အားပေးစားသုံးနိုင်မည်ဖြစ်သည်။

သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်

စာမျက်နှာ ၈ ကော်လံ ၁ ◆

## ရခိုင်ရိုးရာကျင်းပွဲ ထူးကဲစွာကျင်းပမည်

**စစ်တွေ ဒီဇင်ဘာ ၆**

ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်မည့် နှစ် ၄၀ မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ရခိုင်ပြည်နယ် မြို့နယ်ပေါင်းစုံ ရခိုင်ရိုးရာကျင်းပွဲကို ဒီဇင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ စစ်တွေမြို့ ဝဏ်ပါကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရခိုင်ရိုးရာကျင်ကိုင်ပွဲကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဦးစီးဆောင်ရွက်လျက် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ထူးကဲဆုကြေးများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် တတိယဆုနှင့် စတုတ္ထဆုတို့ကိုလည်း ပေးအပ်သွားမည်ဟု ပြိုင်ပွဲကျင်းပရေးကော်မတီများထံမှ သိရသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ❒

### တိမ်အသင့်အတင့်

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

## ၂၀၁၅ MNL အမှတ်ပေးပြိုင်ပွဲ ဇန်နဝါရီစတင်မည်

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ဇန်နဝါရီ ၁၀ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ပြီး ပွဲစဉ်များကို ဒီဇင်ဘာ ဒုတိယပတ်အတွင်း ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို အသင်း ၁၂ သင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး နှစ်ကျော့စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ၂၀၁၅ MNL အမှတ်ပေး ပြိုင်ပွဲကို ရတနာပုံ၊ ရန်ကုန်၊ ကမ္ဘောဇ၊ မကွေး၊ ဧရာဝတီ၊ နေပြည်တော်၊ မနောမြေ၊ ဇွဲကပင်၊ ဇေယျာရွှေမြေ၊ ချင်းယူနိုက်တက်၊ ဟံသာဝတီနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်အတွင်း၌ နိုင်ငံတကာပြိုင်ပွဲများစွာ ရှိနေသောကြောင့် ပွဲစဉ်များကို စနစ်တကျ ရေးဆွဲလျက်ရှိသည်။ ယခုရာသီတွင် ဧရာဝတီအသင်းမှာ အိမ်ကွင်း ပွဲစဉ်များကို စတင်လက်ခံကျင်းပမည်ဖြစ်ပြီး ရန်ကုန်၊ ရတနာပုံ၊ နေပြည်တော်၊ ဇေယျာရွှေမြေနှင့်ဧရာဝတီအသင်းတို့သည် အိမ်ကွင်းအဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ ကမ္ဘောဇအသင်းမှာမူ အိမ်ကွင်းအဖြစ် ပြန်လည်လက်ခံကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်းသိရသည်။

MNL အမှတ်ပေးပြိုင်ပွဲကို ၂၀၀၉ ခုနှစ်က စတင်ကျင်းပခဲ့ပြီး လက်ရှိအချိန်အထိ ရတနာပုံအသင်းနှင့် ရန်ကုန်ယူနိုက်တက်တို့ နှစ်သင်းသာ ချန်ပီယံဆုရရှိဖူးသည်။ ကျင်းပပြီးစီးခဲ့သည့် ပြိုင်ပွဲခြောက်ကြိမ်တွင်

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

စာမျက်နှာ ၁၃ ကော်လံ ၁ ✻



၂၀၁၄ MNL အမှတ်ပေး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အသင်းများ ယှဉ်ပြိုင် နေစဉ်။




mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း

**ဆရာခန့်၏**
**ဝမ်းပျော့အဆီကျဆေး**
**အနံ့မရှိ၊ ဝမ်းမရစ် တစ်ခါစား(၂)ပြား(မြန်မာ့ဆေးမျိုးစုံဆိုင်တိုင်းမှာမေး)**
**ဖုန်း-၀၁-၃၉၆၃၈၄၊ ၀၉-၇၃၁၇၉၉၈၃**


## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ဗဟန်းနယ်မြေ)
## အချိန်ပိုင်းဘွဲ့လွန်ဒီပလိုမာသင်တန်းအတွက် လျှောက်လွှာများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်(ဗဟန်းနယ်မြေ)တွင် အောက်ဖော်ပြပါ အချိန်ပိုင်းဘွဲ့လွန်ဒီပလိုမာ သင်တန်းကိုဖွင့်လှစ် မည်ဖြစ်ပါသည်။

| စဉ် | သင်တန်းအမည် | သင်တန်းကြေး | သင်တန်းကာလ | ဖွင့်လှစ်မည့်ရက် | လက်ခံသင်ကြားမည့် ဦးရေ |
|---|---|---|---|---|---|
| ၁။ | Post graduate Diploma in Web Engineering | ၃ သိန်းကျပ် | ၄၂ ပတ် | ၂၇-၁၂-၂၀၁၄ | ၃၀ဦး |
| ၂။ | Post graduate Diploma in Network Engineering | ၃ သိန်းကျပ် | ၄၂ ပတ် | ၂၇-၁၂-၂၀၁၄ | ၂၀ဦး |

၂။ သင်တန်းချိန်များမှာ စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀ နာရီအထိ သင်ကြားမည်ဖြစ်ပါသည်။ တနင်္လာနေ့မှ သောကြာနေ့အထိ ညနေ ၄း၀၀နာရီမှ ညနေ ၆း၀၀နာရီထိ လက်တွေ့ချိန်များ သတ်မှတ်ပေးပြီး သင်ကြားပို့ချသွားမည်ဖြစ်ပါသည်။

၃။ သင်တန်းသားများ၏ ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များအတိုင်း လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) Post graduate Diploma သင်တန်းကို သိပ္ပံဘာသာရပ်ဖြင့်ဘွဲ့ရရှိပြီး၊ IT နှင့် ဆက်စပ်သောဘွဲ့(သို့မဟုတ်) Certificate ရရှိထားသူများလျှောက်ထားနိုင်သည်။

(ဂ) အလုပ်ခွင်အကြို (Internship) ကာလ စက်တင်ဘာလမှ နိုဝင်ဘာလအထိ (၃)လတွင် တနင်္လာနေ့မှသောကြာနေ့အထိ အချိန်ပြည့်လုပ်ကိုင်နိုင်သူဖြစ်ရပါမည်။

(ဃ) လုပ်ငန်းခွင်မှ ဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ငန်း/ဌာနအကြီးအကဲ၏ ထောက်ခံချက်ဖြင့် လျှောက်ထားခွင့်ပြုမည်။

၄။ သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်-

(က) အင်္ဂလိပ်ဘာသာနှင့်ဘာသာရပ်ဆိုင်ရာများအား Online ဖြင့် ဖြေဆိုရမည်ဖြစ်ပါသည်။

| နေ့ရက် | အချိန် | နေရာ |
|---|---|---|
| ၂၀-၁၂-၂၀၁၄(စနေနေ့) | နံနက်(၉း၃၀)မှစတင်၍ | ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ) |

(ခ) ဝင်ခွင့်စာမေးပွဲအောင်မြင်သူများ၏ စာရင်းကို ၂၃-၁၂-၂၀၁၄ရက်တွင် ထုတ်ပြန်မည်ဖြစ်ပြီး ဝင်ခွင့်အောင်မြင်သူများသာ သင်တန်းတက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။

၅။ သင်တန်းဝင်ခွင့် လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ)တွင် ၁၇-၁၂-၂၀၁၄ရက် ဗုဒ္ဓဟူးနေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၆။ အခြားသိရှိလိုသည်များရှိပါက ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ) ဖုန်း- ၀၁- ၅၃၇၃၉၃၊ ၀၁-၅၃၄၃၁၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ဒသမကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲ ဖိတ်ကြားလွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ဆားလင်းကြီးမြို့ အထက စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၆၀ခုနှစ်မှစ၍ ၂၀၁၄ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော သက်ပြည့်ပင်စင်စားဆရာ ဆရာမကြီးများအား ဒသမကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ၁၁-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၀၉း၀၀နာရီတွင် ဆားလင်းကြီးမြို့ အထက ပန်းမြတ်သဇင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ကန်တော့ခံကြွရောက်ကြပါရန်နှင့် ပညာသင်ယူခဲ့ကြသော ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အောက်ပါပုဂ္ဂိုလ်များထံ အလှူငွေထည့်ဝင်နိုင်ပါရန် နိုးဆော်အပ်ပါသည်။

**ဒေါ်သန်းသန်းရီ - ရန်ကုန် ဖုန်း-၀၉-၈၆၀၃၁၉၁**
**ဦးမော် - တောင်ကြီး ဖုန်း-၀၉-၅၂၁၃၂၁၅**
**ဦးကျော် - မန္တလေး ဖုန်း-၀၉-၂၅၉၀၂၇၉၉၆**
**ဦးဇော်မင်းထွန်း - မုံရွာ ဖုန်း-၀၉-၅၀၆၀၄၉၁**
**ဦးဘိုသောင်း - ဆားလင်းကြီး ဖုန်း-၀၉-၂၅၆၁၉၉၁၃၄**

**မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ**

## အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း
## အာစရိယပူဇော်ပွဲ

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း(ယခင်ပိုးကရင်ကျောင်း)တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၁ရက် (တနင်္ဂနွေနေ့)နံနက် ၈း၀၀ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းအပေါင်းတို့မှ အထက(၄)တွင် တာဝန်ထမ်းဆောင်ကြသော အသက်(၆၀)အထက် ဆရာကြီး၊ ဆရာမကြီးများအား ညီညာဖြိုးဖြိုး ပူဇော်ကန်တော့ကြရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျောင်းသား ကျောင်းသူဟောင်းများမှ အောက်ပါတို့နှင့်ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ရန်ကုန် - မန်းသန်းဝင်းဦး ဖုန်း-၀၉-၅၁၅၂၆၂၉**
**- ဦးလှသိန်း ဖုန်း-၀၉-၃၁၅၇၂၈၁၂၊ ဖုန်း-၀၉-၄၉၇၂၇၇၀၁**
**မြောင်းမြ - နန့်မြင့်မြင့်ဦး ဖုန်း-၀၉-၄၅၁၂၃၉၃၆၂**
**နန့်မြမြဝင်း ဖုန်း-၀၉-၄၉၂၅၁၁၂၉**

## ဒိုက်ဦးမြို့၊ ဖအောင်ဝဲ ထက်၊ လယ်၊ မူ ကျောင်းသားဟောင်းများ
## နဝမအကြိမ်မြတ်ဆရာပူဇော်မည်

ဒိုက်ဦးမြို့၊ ဖအောင်ဝဲ ထက်၊ လယ်၊ မူ ကျောင်းသား/ကျောင်းသူဟောင်းများက အထကနှင့် မူလွန်၊ မူလတန်းကျောင်းများဖြစ်သော ဒါးပိန်စု၊ လက်ပန်တန်း၊ မြောက်ဘက်ကမ်း ရွာလယ်၊ ရွာမ၊ ဘုတရာ၊ ရေလွှဲ၊ ဆားကျင်း၊ နှင်းပုလဲနှင့် နတ်ကင်းကျောင်းတို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး အငြိမ်းစားယူသွားကြသည့် အသက်(၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများကို နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်မည်ဖြစ်ရာ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၇ရက် (စနေနေ့)နံနက် ၉း၀၀နာရီတွင် အမက(လွန်)ရွာလယ်၊ မြသရဖူခန်းမသို့ ဆရာကြီး၊ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် နိုးဆော်ထားပါသည်။

**အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက**

**ဦးမြင့်သိန်း ဖုန်း-၀၉-၃၁၆၁၉၇၇၁ ဦးဌေး ဖုန်း-၀၉-၇၃၂၄၃၆၄၇**
**ဦးတင်ရွှေ ဖုန်း-၀၉-၃၁၆၇၆၇၅၇ ဦးသိန်းအောင် ဖုန်း-၀၉-၃၁၆၁၄၉၃၁**
**ဦးစိုးညွန့် ဖုန်း-၀၉-၆၃၁၂၂၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။**

**ပြင်ဆင်ဖတ်ရှုပါရန်**

၉-၁၁-၂၀၁၄ ရက်ထုတ်မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၅)ကန့်ကွက်ကြော်ငြာ ဒဂုံမြောက်မြို့နယ် ဒေါ်စန်းစန်းဦး+၂၏မြေပုံကူးတွင် ဒေါ်အေးအေးမြင့် ၁၂/ဒဂမ(နိုင်)၀၃၂၁၀၇ အစား ဒေါ်အေးအေးမြင့် ၁၂/ဒဂမ(နိုင်)၀၃၂၁၁၇ ဟုဖတ်ရှုပါရန်။

## သခင်ဘိုးလှကြီး စက်မှုလက်မှုသိပ္ပံ(ချောက်)
## အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ
## (၁၉၇၃-၂၀၁၃)

သခင်ဘိုးလှကြီး စက်မှုလက်မှုသိပ္ပံ(ချောက်)စတင်ဖွင့်လှစ်သည်မှ ယနေ့အထိ ပညာသင်ကြားဖူးသည့်(ဘာသာစုံ၊ သင်တန်းစုံ၊ နှစ်စုံ) ကျောင်းသား ကျောင်းသူများက နှစ်ပေါင်း(၄၀)ကြာ သင်ကြားပြသခဲ့သည့် ကျေးဇူးရှင် ဆရာ ဆရာမများကို အာစရိယပူဇော်ပွဲ ကျင်းပခြင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပြန်လည်စုံညီမိတ်ဆုံ ညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သခင်ဘိုးလှကြီး စက်မှုလက်မှုသိပ္ပံတွင် ပညာရည်နို့သောက်စို့ဖူးသည့် ကျောင်းသား ကျောင်းသူ(မည်သူမဆို)အားလုံး ပူးပေါင်းပါဝင်ဆင်နွှဲ၍ ကာယကံမြောက်၊ ဝစီကံမြောက် ကန်တော့နိုင်ပါရန် နွေးထွေးလှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။

**(သီးခြားဖိတ်စာမပို့ပါ။)**

အလှူငွေထည့်ဝင်လိုသူများနှင့် အသေးစိတ်အစီအစဉ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်း စုံစမ်းမေးမြန်းနိုင်ပါသည်။

(အိမ်တိုင်ရာရောက်အလှူခံရန် ဆက်သွယ်ဖိတ်ခေါ်လာပါက လာရောက်ကောက်ခံပေးမည်ဖြစ်ပါသည်။)

**အစီအစဉ်**

**နေ့ရက်** - ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်(စနေနေ့)
**အချိန်** - ည ၆း၀၀ နာရီ
**နေရာ** - Dolphin Restaurant နတ်မောက်လမ်း(ကန်တော်ကြီးဝင်း) ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

| | | | | |
|---|---|---|---|---|
| (၁) | ချောက်မြို့ | ဦးကျော်ကျော် | (80E) | ဖုန်း-၀၉-၂၃၀၅၁၁၇ |
| | | ဦးညွန့်ဝေ | (81E) | ဖုန်း-၀၉-၂၃၀၅၆၉၂ |
| (၂) | နေပြည်တော် | ဦးခင်မောင်ဆွေ | (85T) | ဖုန်း-၀၉-၈၆၂၁၅၄၅ |
| | | ဦးဆန်းမင်းညီ | (86E) | ဖုန်း-၀၉-၄၃၀၇၇၃၄၅ |
| (၃) | မကွေး | ဦးခင်မောင်ဝင်း | (80E) | ဖုန်း-၀၉-၅၃၄၀၄၉၅ |
| | | ဦးအေးမင်း | (81T) | ဖုန်း-၀၉-၄၀၁၅၅၉၅၄ |
| (၄) | မန္တလေး | ဦးစိန်ဝင်း | (79T) | ဖုန်း-၀၉-၄၃၁၇၂၄၀ |
| | | ဦးထွန်းဝင်း | (85P) | ဖုန်း-၀၉-၂၀၀၉၈၃၅ |
| (၅) | မိတ္ထီလာ | ဦးမြတ်စိုး | (87P) | ဖုန်း-၀၉-၂၂၀၀၉၆၇ |
| | | ဦးမင်းသိမ်း | (83T) | ဖုန်း-၀၉-၂၁၆၅၇၇၅ |
| (၆) | ပခုက္ကူ | ဦးစိန်မင်း | (87P) | ဖုန်း-၀၉-၂၃၀၂၃၅၃ |
| (၇) | ရန်ကုန် | ဦးကြည်ဝင်း | (85E) | ဖုန်း-၀၉-၅၀၈၃၉၃၄ |
| | | ဒေါ်လွင်လွင်ဦး | (92C) | ဖုန်း-၀၉-၅၁၁၅၂၆၉ |
| | | ဦးကျော်စိုးမိုး | (95P) | ဖုန်း-၀၉-၅၃၄၂၀၆၂ |
| | | ဒေါ်သော်တာလင်း | (96C) | ဖုန်း-၀၉-၅၄၀၇၈၇၈ |
| | | ဒေါ်ပန်းဇာဖြူ | (99E) | ဖုန်း-၀၉-၄၀၁၅၁၅၅၀၁ |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်း-၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံး
## ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၄၄

၁။ ဦးထွန်းထွန်းအောင် **နှင့်** ၁။ ဦးလှငွေ
၂။ ဦးကျော်ကျော်မိုး ၂။ ဒေါ်တင်အုန်း
(၄င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်အေးအေးမော်)

**တရားလိုများ** **တရားပြိုင်များ**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ ၄လမ်း၊ အမှတ် ၁၀၂ နေထိုင်သူများဖြစ်သော ဦးလှငွေနှင့် ဒေါ်တင်အုန်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက ၁၄-၁၁-၂၀၀၂ ရက်စွဲပါ ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၂ရက် (၁၃၇၆ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများ၏ စွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင်သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်မောင်ဆွေ**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)
## ရွှေပြည်သာမြို့နယ်တရားရုံး
## ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၂၄

ဦးသောင်းရွှေ **နှင့်** ဒေါ်မေသန်း

**တရားလို** **တရားပြိုင်**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ (၁၅)ရပ်ကွက်၊ တော်ဝင်လမ်းသွယ်(၁)၊ မြေကွက်အမှတ် ၁၃၄ နေ ဒေါ်မေသန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် ဦးသောင်းရွှေမှ "ပဋိညာဉ်အတိုင်းအရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ရက် (၁၃၇၆ခုနှစ် နတ်တော်လပြည့်ကျော် ၉ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စံသိန်း)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## အလှူရှင်များအားနိုးဆော်ခြင်း

သာယာဝတီမြို့ မင်းကျောင်းပရဟိတပရိယတ္တိ ပဋိပတ္တိဘက်စုံသာသနာပြုကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာ ဉာဏိဿရ M.A, Ph.D (India)၊ ဓမ္မာစရိယ ဝိနယကောသလ္လမြို့နယ် ဘ/ကဥက္ကဋ္ဌမြို့နယ် ဝိနည်းဓိုရ် မေတ္တာမိုး(ပုတီးကုန်း) အရှင်သူမြတ်မှ ပြုစုစောင့်ရှောက်ထားသော ရဟန်းသာမဏေ၊ သီလရှင်၊ ကျောင်းသား ကျောင်းသူဆရာ ဆရာမအဘိုးအဘွား(၁၀၀၀)ကျော်တို့အား တစ်နေ့တာဆွမ်းလှူဒါန်းလိုပါက

နေ့လယ်စာ ၃၀၀၀၀၀ိ/
နံနက်စာ ၁၈၀၀၀၀ိ/
ညနေစာ ၁၅၀၀၀၀ိ/

ရိုးမတောင်တန်းများတွင်လည်း တိုးချဲ့သာသနာပြုရာမှာ

| | |
|---|---|
| အဘိုးအဘွားဆောင် (၁)ဆောင် အလျားပေ ၁၀၀၊ အနံ ၃၀ | ကျပ်သိန်း ၂၀၀ |
| ဓမ္မာရုံဆောင် (၁)ဆောင် အလျားပေ ၁၂၀၊ အနံ ၄၅ပေ | ကျပ်သိန်း ၂၆၀ |
| မုခ်ဦး (ကျောင်းအဝင်ဝ) | ကျပ်သိန်း ၇၀ |
| ကျား/မ ကလေးဆောင် အလျားပေ ၁၀၀၊ အနံ ၃၅ပေ | ကျပ်သိန်း ၂၂၀ |
| ရေကန်အလျားပေ ၂၀၊ အနံ ၄ပေ | ၁၂ သိန်း |
| ထာဝရပညာရေး၊ ကျန်းမာရေးဘက်စုံပဒေသာပင်တစ်ပင်လျှင် | ၅၀၀၀ိ/ |
| အလျားပေ ၃၀၊ အနံ ၁၅ပေ စာချဆောင် တစ်ဆောင် | ကျပ်သိန်း ၄၀ |

မိမိတို့နှစ်သက်ရာကို ကမ္ပည်းထိုး၍ လှူဒါန်းနိုင်ပါသည်။

ဘက်စုံပရဟိတဒေါက်တာဉာဏိဿရ၏ တရားပွဲပင့်လျှောက်လိုပါက

**ဆက်သွယ်လှူဒါန်းရန်ဌာန ဖုန်း-၀၉-၅၃၆၀၄၃၆၊ ၀၉-၄၂၃၆၈၀၇၆၉၊ ၀၉-၃၁၆၅၁၉၁၂၊ ၀၉-၂၅၈၁၂၈၄၃၀၊ ၀၉-၉၇၆၄၉၀၆၇၀၊ ၀၉-၇၉၅၉၀၅၉၉၁၊ ၀၁-၅၅၁၇၆၆**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
## ၂၀၁၄ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၉၄
## ကွယ်လွန်သူ ဒေါ်ခင်မြင့်၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ရန်ကုန်မြို့၊ အမှတ်(၆)၊ အောင်ချမ်းသာလမ်း၊ စမ်းချောင်းမြို့နယ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူဒေါ်ခင်မြင့် ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်လှမြင့်ကအမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ၁၅ရက်(၁၃၇၆ ခုနှစ် နတ်တော်လပြည့်ကျော် ၉ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့်ထိုကွယ်လွန်သူ ဒေါ်ခင်မြင့်၏ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၄င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ရက်(၁၃၇၆ ခုနှစ် နတ်တော်လပြည့်ကျော်၉ရက်)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီမှုခင်းမှတ်တမ်းများကို ကြည့်ရှုရန်၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၄င်းကဲ့သို့လာရောက်ခြင်းတစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော လျှောက်ထားသူ ဒေါ်လှမြင့်၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ငွေးရီ)**
**ဒုတိယခရိုင်တရားသူကြီး**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## အင်းစိန်မြို့နယ်တရားရုံးတော်၌
## ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၉

ဦးကြည်သောင်း **နှင့်** ဦးမြင့်ဇော်

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၁၉၀နေ ဦးမြင့်ဇော်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလို ဦးကြည်သောင်းက သင့်အပေါ်၌ ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှုနှင့် ၃/က လျှောက်ထားပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်အချက်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၉ ရက် (၁၃၇၆ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင်သင့်မျက်ကွယ်တွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်း၊ အထောက်အထားများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကျော်ကျော်)**
**မြို့နယ်တရားသူကြီး**
**အင်းစိန်မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကိုလက်ရှိအမည်ပေါက်ထံမှ ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁ | ဦးကျော်ကျော်ဦး ၁၂/သလန(နိုင်)၀၅၈၅၁၃(မှ) | ဒေါ်မီမီယုနိုင် ၁၂/ပဇတ(နိုင်)၀၀၃၇၂၄ | တိုက်အမှတ်(F)၊ အထပ်အမှတ်(၂)၊ အခန်းအမှတ် (၁)၊ ပုလဲကွန်ဒိုမီနီယမ် အိမ်ရာ၊ ဗဟန်းမြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

ကြော်ငြာကဏ္ဍ

## ခြံရောင်းမည်(ညှိနှိုင်းဈေး)

၁။ ငြိမ်းအေးသာယာနေထိုင်၍ လုပ်ငန်းများတည်ထောင်နိုင်ရန် သဘာဝအေးရိပ်ငြိမ် ဤခြံမြေကို ဝယ်ယူပါ။
၂။ ခြံမြေဧရိယာ(၅.၇၆)ဧက
၃။ အိုင်ဝိုင်းလမ်း၊ (၁၂)ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး၊
၄။ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ သစ်မွှေးစသည့် သစ်ပင်ကြီးအပင်(၆၀၀၀)ကျော် ရှိပါသည်။
၅။ ပြည်ပရောင်းတန်းဝင် သရက်၊ ကျွဲကော၊ သံပုရာ၊ အုန်း၊ ငှက်ပျောစသည့် စားသုံးပင်များ အပင်(၅၄၀၀)ကျော်ရှိပါသည်။
၆။ ရေအခြေအနေ၊ အဝီစိတွင်း (၃)တွင်း ရှိပါသည်။
၇။ လျှပ်စစ်ဓာတ်အားလိုင်းရှိပါသည်။ (အိမ်သုံးမီတာရှိပါသည်။)
၈။ လမ်း ကွန်ကရစ်လမ်းဖြစ်ပါသည်။
၉။ ဤခြံမြေနှင့် မြို့မမင်းလမ်းမှာ အနီးအပါးပင်ဖြစ်ပါသည်။
၁၀။ ဤခြံမြေနှင့် မအူပင်-ကျိုက်လတ်လမ်းမှာ အနီးအပါးပင်ဖြစ်ပါသည်။
၁၁။ မြို့မဧရိယာအတွင်းဖြစ်ပါသည်။
၁၂။ အရပ်ရပ်သို့သွားလာမှု၊ ပစ္စည်းသယ်ယူမှု လွယ်ကူပါသည်။
၁၃။ ဟိုတယ်၊ စက်ရုံ၊ အလုပ်ရုံ၊ ရိပ်သာအစရှိသည်တို့ ဆောက်လုပ်ရန် အထူးကောင်းမွန်ပါသည်။
၁၄။ ဤခြံအတွင်းရှိ သစ်သီး၊ သီးနှံများသည် ဓာတ်မြေဩဇာလုံးဝမသုံးပါ။ သဘာဝဓာတ်မြေဩဇာများဖြင့်သာ အသုံးပြုစိုက်ပျိုးထားသည့် သီးပင်များမှဖြစ်ပါသည်။
၁၅။ အရိပ်အာဝါသဖြင့် အေးငြိမ်းသာယာသော နေရာ/ပတ်ဝန်းကျင်ဖြစ်ပါသည်။

**ဆက်သွယ်ရန် ဖုန်း - ၀၉-၄၉၇၅၂၇၈၁၊ ၀၉-၄၉၇၅၃၁၆၇**
**၀၉-၂၅၀၅၆၉၅၉၂၊ ၀၉-၂၅၃၈၈၆၁၀၁**

## ငွေးချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင် တရားမရုံး၌**
**၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၁၆၅**

ဦးကျော်စွာဦး နှင့် ၁။ ဒေါ်ခင်ခင်ကြည်
၂။ ဦးတင်သန်း

**တရားလို** **တရားပြိုင်များ**

အမှတ် ၃၅၆၊ (၅၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိသူ) ဦးတင်သန်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားလိုမှ ဝယ်ယူပိုင်ဆိုင်ထားကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် အချင်းဖြစ်မြေအား လက်ရောက်ရလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၄ရက် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိ သည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မျိုးတင့်)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**
**စစ်ကိုင်းမြို့နယ်တရားမရုံးတော်၌**
**၂၀၀၂ ခုနှစ် တရားမကြီးအမှုအမှတ်-၂ နှင့်ဆက်သွယ်သည့်**
**၂၀၁၄ ခုနှစ် တရားမဇာရီအမှုအမှတ်-၂၁**

ခရိုင်မန်နေဂျာ နှင့် ၁။ ဦးကျော်ဌေး
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ခင်မာချို
စစ်ကိုင်း

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ဦးကျော်ဌေး၊ ဒေါ်ခင်မာချို ရွာသစ်ကြီး၊ စစ်ကိုင်းမြို့ (ယခုနေရပ်လိပ်စာမသိသူများအား) သိစေရမည်။

၂၀၀၂ ခုနှစ် တရားမကြီးအမှုအမှတ်-၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက် (၁၃၇၆ ခုနှစ် နတ်တော်လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(စိုင်းလုံတစ်)
ဒုတိယမြို့နယ်တရားသူကြီး
စစ်ကိုင်းမြို့နယ်တရားရုံး

ကြော်ငြာကဏ္ဍ

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မရမ်းကုန်းမြို့နယ်တရားရုံး**
**၂၀၀၈ခုနှစ်၊ တရားမကြီးအမှုအမှတ်-၁ နှင့်ဆက်သွယ်သည့်**
**၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၅**

ဒေါ်တင်ဝင်း(ခ)ဒေါ်တင်တင်ဝင်း နှင့် ဦးခင်မောင်အေး

**တရားနိုင်** **တရားရှုံး**

အမှတ် ၅၁၊ အုန်းတောလမ်းကျယ်၊ ဆင်မလိုက်ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ) ဦးခင်မောင်အေး သိစေရမည်။

၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၁တွင် ချမှတ်သည့်အတိုင်း ဝယ်ယူလက်ရောက်ရရှိပြီးသောအိမ်နှင့်မြေအား တရားဝင်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေရန်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်တင်ဝင်း(ခ)ဒေါ်တင်တင်ဝင်းက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၅ရက် (၁၃၇၆ ခုနှစ် နတ်တော်လပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(မြသိန်း)
မြို့နယ်တရားသူကြီး
မရမ်းကုန်းမြို့နယ်တရားရုံး

## ငွေးချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်း-၂၀)**
**တောင်ဥက္ကလာပမြို့နယ်တရားသူကြီးရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၄၉**

ဦးစိုးလွင် နှင့် ဦးရွှေအေး

**တရားလို** **တရားပြိုင်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ ကံ့ကော်ရိပ်သာလမ်း၊ အမှတ်(၃၃၅/ခ)နေထိုင်သူ ဦးရွှေအေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၁၈-၇-၂၀၀၁ ရက်စွဲပါ ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၂ရက် (၁၃၇၆ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်ဝယ်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်မောင်ဆွေ
မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ကျိုက်လတ်မြို့နယ်တရားရုံး**
**၂၀၁၀ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆ နှင့်ဆက်နွယ်သည့်**
**၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၀**

ဒေါ်ဆွေဆွေမြင့် နှင့် ဦးစိန်ဟန်

**တရားနိုင်** **တရားရှုံး**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ၂၄ လမ်းနေ (ယခုနေရပ်လိပ်စာမသိသူ) ဦးစိန်ဟန် သိစေရမည်။

ကျိုက်လတ်မြို့နယ်တရားရုံး ၂၀၁၀ ခုနှစ် တရားမကြီးမှုအမှတ်-၂၆ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၃ရက် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းဝင်းထိန်)
မြို့နယ်တရားသူကြီး
ကျိုက်လတ်မြို့နယ်တရားရုံး

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ကေတုမတီမြို့သစ်၊ မင်းကြီးဆွေရပ်ကွက်၊ ကွင်းအမှတ်(၄)၊ ရဝေရှင်ထွေးအရှေ့၊ ဦးပိုင်အမှတ်(၂၈၆)၊ မြေအမျိုးအစား မြို့မြေဟုခေါ်တွင်သော အကျယ်အဝန်းဧရိယာ ၀ ဒသမ ၁၂၄ ဧကရှိ မြေကွက်သည် တောင်ငူမြို့၊ မြို့နယ်မြေစာရင်းဦးစီးဌာနတွင် ကျွန်တော် ဦးကြည် ၇/ရတရ (နိုင်)၀၅၅၇၅၂ အမည်ပေါက်သော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်သက်ဆိုင်သော မြေစာရင်းပုံစံ-၁၀၅/၁၀၆ အပါအဝင် အခြားစာရွက်စာတမ်းမူရင်းများသည် ပျောက်ဆုံးနေပါကြောင်းနှင့် ကျွန်တော်မှတစ်ဆင့် အခြားသူများသို့ ရောင်းချထားခြင်း၊ အခြားတစ်နည်းနည်းလွှဲပြောင်းထားခြင်းများမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကြည်**
**၇/ရတရ(နိုင်)၀၅၅၇၅၂**
**အမှတ်(၂၀/ခ)၊ (၂)လမ်း၊ အိမ်ခြေ(၃၀)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်**

ကြော်ငြာကဏ္ဍ

## အမည်မှန်

သိန်းနီမြို့နယ်၊ စံလောင်းကျေးရွာနေ ဦးဆန်လိတ်၏သား ၁၃/သနန(နိုင်)၀၀၇၁၅၇ ၏အမည်မှာ ဦးစံရွှေ ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးစံရွှေ ၁၃/သနန(နိုင်)၀၀၇၁၅၇**

## အမည်မှန်

လားရှိုးတက္ကသိုလ်၊ မြန်မာစာ(စတုတ္ထနှစ်)တွင်ပညာသင်ကြားနေသော (ဘ)ဦးစံရွှေ၏သမီး ၁၃/သနန(နိုင်)၀၄၂၃၃၆၏အမည်မှန်မှာ နန်းစံငင်းဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **နန်းစံငင်း ၁၃/သနန(နိုင်)၀၄၂၃၃၆**

## အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ ၁၃လမ်း၊ အမှတ်(၂၁၀)၊ ဧရိယာ(အလျား၂၅ပေ×ပေ၅၀)ရှိမြေ(အေ)ခေါင်းရင်းဘက်အခြမ်း (၁၂½ပေ×ပေ၅၀)မြေကွက်အား ဒေါ်ဘီမှပိုင်ဆိုင်ပြီး၊ ယင်းမြေကွက်ပေါ်၌ အိမ်ရာဆောက်လုပ်ပြီး၊ တရားဝင်သန်းခေါင်စာရင်းဖြင့်နေထိုင်နေသော အိမ်နှင့်မြေကွက်ဖြစ်ပါသည်။ ယင်းအိမ်နှင့်မြေကို မြေကွက်ချထားပေးသည့်အချိန်မှစ၍ ဒေါ်ဘီမှ လက်ဝယ်လက်ရှိရရှိပြီးဖြစ်သော မြေကွက်နှင့်နေအိမ်ဖြစ်ပြီး ယင်း ဒေါ်ဘီပိုင်နေအိမ်နှင့်မြေကွက်အား ဒေါ်ဘီ၏ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းတို့နှင့်တကွ ဒေါ်ဘီပိုင်မြေကွက်ပေါ်တွင် ကန်ထရိုက်တိုက်သစ်ဆောက်လုပ်ခြင်း အစရှိသည့်ကိစ္စရပ်များကို ဒေါ်ဘီ၏ခွင့်ပြုချက်၊ သဘောတူညီချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ပြုလုပ်ပိုင်ခွင့်မရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဘီ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးထွန်းဦး LL.B**
**တရားလွှတ်တော်ရှေ့နေ(၅၉၃၆)**
**အမှတ်(၉/၁၁)အခန်း-၃၀၁၊ အခန်းခွဲ(၅)၊ စတုတ္ထထပ်၊**
**၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၅၀၇၆၄**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား မူပိုင်ဖြစ်ကြောင်း သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ အမှတ် ၂၈နေ ဒေါ်သိင်္ဂီထွန်း ၁၃/လရန(နိုင်)၁၀၆၄၇၃က အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်း မူပိုင်ကုန်အမှတ်တံဆိပ်အဖြစ် သုံးစွဲရန် ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် ၁၆၉၅၇/၂၀၁၄ ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

**"Mó Mó" တံဆိပ်အမည်အမှတ်အသားစာချုပ်**
**မှတ်ပုံတင်အမှတ် ၁၆၉၅၇/၂၀၁၄**

အထက်ပါ **"Mó Mó"** ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် စားသောက်ကုန်ပစ္စည်းအမျိုးမျိုးနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် လက်လီ၊ လက်ကား ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အထက်ပါ **"Mó Mó"** ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားနှင့် စာလုံးဒီဇိုင်းပုံစံ(Logo)အမှတ်အသားကိုအသုံးပြုပြီး စားသောက်ကုန်ပစ္စည်းအမျိုးမျိုးနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ရောင်းချခြင်း၊ လုပ်ငန်းတွင် တံဆိပ်အမှတ်အသားအနေဖြင့်လည်းကောင်း၊ ထည့်သွင်းထုပ်ပိုးသည့် စက္ကူအိတ်၊ စက္ကူဘူးခွံ၊ စက္ကူပတ်၊ ပလတ်စတစ်အိတ်၊ သံဘူးခွံနှင့် ထုပ်ပိုးမှုပုံစံအမျိုးမျိုးတို့တွင်လည်းကောင်း၊ ဆိုင်းဘုတ်၊ ဘလောက်တုံး၊ တံဆိပ်တုံး၊ ဒီဇိုင်းလက်ကမ်းကြော်ငြာ၊ တီဗွီ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်၊ တီရှပ်၊ ရုပ်ရှင်ဆလိုက်ကြော်ငြာနှင့် ငွေရပြေစာဖြတ်ပိုင်းတို့တွင်လည်းကောင်း၊ အရွယ်အစားအမျိုးမျိုးဖြင့် အသားတံဆိပ်ရိုက်နှိပ်၊ ကပ်နှိပ်ထည့်သွင်းဖော်ပြ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ မြို့ရွာဒေသမြို့နယ်အနှံ့အပြား၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်၍ **"Mó Mó"** ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားနှင့် စာလုံးဒီဇိုင်းပုံစံ (Logo)အမှတ်အသားကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ ပုံတူကူး၍ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှားထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားတုပပြုလုပ်၍ဖြစ်စေ၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။

အထက်ပါသတိပေးတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တည်ဆဲတရားဥပဒေများနှင့်အညီ မည်သည့်တရားရုံးများတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ ထိရောက်စွာ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**ဒေါ်သိင်္ဂီထွန်း ၁၃/လရန(နိုင်)၁၀၆၄၇၃၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဒေါ်လှလှလွင် | ဦးအောင်ကျော်ကျော်မြတ် | ဒေါ်လဲ့လဲ့ဝင်း |
| (စဥ်-၅၇၇၃) | (စဥ်-၂၇၀၀၉) | (စဥ်-၃၉၈၈၀) |
| ဒေါ်လွင်မာ | ဦးထွန်းထွန်းနိုင် | ဒေါ်ဆုမွန်ထက် |
| (စဥ်-၈၉၀၉) | (စဥ်-၃၅၅၃၄) | (စဥ်-၄၁၆၀၁) |
| တရားလွှတ်တော်ရှေ့နေများ | ဒေါ်သန္တာမော် (စဥ်-၃၉၂၄၂) | |
| | အထက်တန်းရှေ့နေများ | |

**အမှတ် ၅၅(ဒုတိယထပ်)၊ အခန်း ၇၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄)၊ လူနေရပ်ကွက် အမှတ်(၃၄)၊ မြေကွက်အမှတ် (၁၃၅၂)၊ အလျား (၄၀'၂")၊ အနံ (၆၁)ပေ စတုရန်းပေ (၂၄၅၀)၊ ဧရိယာ ၀ ဒသမ ၀၅၆ ဧကရှိ ဒေါ်အေးရီ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူ ဒေါ်အေးရီ ၁၂/ကမတ(နိုင်)၀၃၈၀၆၅ ထံမှ ကျွန်ုပ်ဦးအောင်သိန်း ၁၂/ဥကတ(နိုင်)၀၈၅၀၁၄ မှဝယ်ယူရန်အတွက် စရန်ငွေအဖြစ် တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်သိန်း ၁၂/ဥကတ(နိုင်)၀၈၅၀၁၄**
**(၆၁၀)၊ အင်ကြင်းလမ်း၊ (၃၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၁၆၂၁၅၉၊ ၀၉-၅၄၀၇၃၉၁**

